# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ပြာသိုလဆန်း (၄)ရက် ၊ တနင်္လာနေ့ ၊ (22-12-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၂၃၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး၊
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

❖ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ ခွင့်ကြုံခိုက်မှာ မဲပေးစို့။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME) စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းရှင်များနှင့် ယနေ့နံနက်ပိုင်းတွင် ပြည်မြို့ သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပြောကြားသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့




ရတနာပုံ
၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်
အယ်ဒီတာ့အာဘော်

## တပ်မတော်စစ်ကြောင်းများ၏ စဉ့်ကူးမြို့နှင့်လက်ပန်လှကျေးရွာဒေသအောင်ပွဲ

တပ်မတော်စစ်ကြောင်းများသည် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် စဉ့်ကူးမြို့နှင့် လက်ပန်လှကျေးရွာဒေသတစ်ဝိုက်ကို ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter-Terrorism Operation)များကို ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၉ ရက်တွင် အဆိုပါဒေသများကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များအနေဖြင့် မိုးကုတ်၊ မိုးမိတ်၊ သပိတ်ကျင်း၊ မတ္တရာ၊ စဉ့်ကူးဒေသတစ်ဝိုက်ကို ၂၀၂၄ ခုနှစ်မှစ၍ ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ထို့နောက် မြို့ရွာများအတွင်း တိုက်ပွဲများဖော်ဆောင်ခြင်း၊ လုံခြုံရေးအင်အားနည်းသော တပ်စခန်းငယ်များကို အင်အားအလုံးအရင်းဖြင့်တိုက်ခိုက်ခြင်း၊ ပြည်သူပိုင်ပစ္စည်းများကို အတင်းအဓမ္မယူဆောင်ခြင်း၊ နိုင်ငံ့အကျိုးပြုစက်ရုံ၊ အလုပ်ရုံများကို ဝင်ရောက်မီးရှို့ဖျက်ဆီးခြင်း၊ နိုင်ငံပိုင်မြေပေါ်၊ မြေအောက် သယံဇာတများအဓမ္မနည်းဖြင့် ထုတ်ယူကိုယ်ကျိုးသုံးစွဲခြင်း စသည့်အကြမ်းဖက်လုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်ခဲ့သောကြောင့် တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပေသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နှင့် ၎င်းဒေသတစ်ဝိုက်ကို ၂၀၂၅ ခုနှစ် ဇူလိုင် ၂၃ ရက်တွင်လည်းကောင်း၊ မတ္တရာမြို့နယ်ရှိ ဖယောင်းတောင်သတ္တုတွင်းဒေသကို ဩဂုတ် ၂၄ ရက်တွင်လည်းကောင်း၊ အယ်လ်ဖာဘိလပ်မြေစက်ရုံတစ်ဝိုက်ကို ဩဂုတ် ၂၈ ရက်တွင်လည်းကောင်း၊ ဆည်တော်ကြီးကျေးရွာနှင့် ရေလှောင်တမံကို နိုဝင်ဘာ ၇ ရက်တွင်လည်းကောင်း ဒေသခံပြည်သူများ၏ စစ်ရေးသတင်းပေးကူညီမှုဖြင့် တစ်နေရာပြီးတစ်နေရာ ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်ပေသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် စစ်ကြောင်းများခွဲ၍ အဆင့်ဆင့်တိုက်ခိုက်ချေမှုန်းခဲ့ရာ လက်ပန်လှကျေးရွာတစ်ဝိုက်ကို ဒီဇင်ဘာ ၁၈ ရက်တွင်လည်းကောင်း၊ စဉ့်ကူးမြို့တစ်မြို့လုံးကို ဒီဇင်ဘာ ၁၉ ရက်တွင်လည်းကောင်း ပြန်လည်သိမ်းပိုက်ရရှိခဲ့သည်။ အဆိုပါကာလအတွင်း အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များနှင့် တိုက်ပွဲကြီး၊ တိုက်ပွဲငယ်အကြိမ် ၅၀ ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၂၂ လောင်း၊ လက်နက်မျိုးစုံ ၄၇ လက်၊ အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

နိုင်ငံတော်ပျက်စီးရာပျက်စီးကြောင်းကို နည်းလမ်းမျိုးစုံဖြင့် အစဉ်တစိုက်ကြိုးပမ်းလုပ်ဆောင်နေသော PDF အမည်ခံအကြမ်းဖက်သမားများသည် အဆိုပါဒေသကို ယာယီစိုးမိုးထားစဉ် မြို့ရွာများအတွင်း ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ဆေးရုံများနှင့်လူနေအိမ်များအတွင်း ဝင်ရောက်နေရာယူ၍ ဘန်ကာများပြုလုပ်ခြင်း၊ ပြည်သူများ၏အိုးအိမ်များကို ခံစစ်တံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်း၊ ပြည်သူများအဓိကသွားလာအသုံးပြုလျက်ရှိသည့် ဧရာဝတီတံတား(ရတနာသိင်္ခ)၊ ကျောက်စရစ်ကုန်းတံတား၊ ဇရပ်ကွင်းတံတား အပါအဝင် လမ်း၊ တံတားကြီးများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများကို ယုတ်မာရိုင်းစိုင်းစွာလုပ်ဆောင်ခဲ့သည်။

သို့ဖြစ်ရာ ဒေသခံပြည်သူများ၏ အားပေးထောက်ခံမှုရရှိထားသည့် တပ်မတော်စစ်ကြောင်းများအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ဌာနချုပ်အဖြစ်ဖွင့်လှစ်၍ ယာယီစိုးမိုးထားသည့် စဉ့်ကူးမြို့နှင့် လက်ပန်လှကျေးရွာဒေသတို့ကို ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ရေးအတွက် လိုအပ်သည့်အုပ်ချုပ်ထောက်ပံ့မှုများကိုဖြည့်တင်းဆောင်ရွက်ခဲ့သည်။ ထို့နောက် တိုက်ပွဲဝင်အရာရှိ၊ စစ်သည်များ၏ တိုက်စွမ်းရည်၊ တိုက်စွမ်းအားတိုးတက်မြင့်မားလာမှု၊ စိတ်ဓာတ်ခွန်အားတက်ကြွမှု၊ တိုက်လိုခိုက်လိုစိတ်ပြင်းပြမှု၊ တုံးတိုက်တိုက်ကျားကိုက်ကိုက်စိတ်ဓာတ်တို့နှင့်အတူ အသက်ကိုပဓာနမထားဘဲ ရှပ်ရှပ်ချွံချွံတိုက်ခိုက်ချေမှုန်းခဲ့သဖြင့် စဉ့်ကူးမြို့နှင့်လက်ပန်လှကျေးရွာဒေသတစ်ဝိုက်ကို အောင်မြင်စွာသိမ်းပိုက်ထိန်းချုပ်နိုင်သကဲ့သို့ အောင်ပွဲအလီလီကိုလည်း ဆက်လက်အောင်ပွဲဝင်နိုင်ပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပေသည်။

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
၆
ရက်
သာ လိုတော့သည်။

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန

လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉
မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

ရန်ကုန်လိပ်စာ
အမှတ်(၆၄)၊
ကမ္ဘာအေးဘုရားလမ်း၊
မရမ်းကုန်းမြို့နယ်။

လူကုန်ကူးခံရသူများအနေဖြင့်
အကူအညီလိုအပ်ပါက
ဆက်သွယ်အကူအညီ
တောင်းခံနိုင်ပါသည်။

မန္တလေးလိပ်စာ
ရွှေကျင်သံလမ်းအနီး၊
ဘုန်းတော်တိုးရပ်၊
အောင်မြေသာစံမြို့နယ်။

## ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၂၁၂၄၇ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ကန့်ဘလူ ဒီဇင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၂၁၂၄၇ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၅၀၉၈၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောစပါးများကို ယခုနှစ် နိုဝင်ဘာလဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၂၁၂၄၇ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၆၉ ဒသမ ၇၂ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ စပါး ၁၅၀၉၈၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးတွေ အခုလက်ရှိ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၂၁၂၄၇ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ အချိန်မီစပါးစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိစနစ်တကျ စိုက်ပျိုးနိုင်ရန် သက်ဆိုင်ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည် ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

(၂၀၆)

## မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ သစ်စိမ်းမြေသြဇာ(ပိုက်ဆန်လျှော်) ဧက ၂၂၀၀ ထိ စိုက်ပျိုးပြီးစီး

**မြောင်းမြ ဒီဇင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေသြဇာ (ပိုက်ဆန်လျှော်) ဧက ၂၂၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေသြဇာ(ပိုက်ဆန်လျှော်) ဧက ၂၅၀၀ ကို ယခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် သစ်စိမ်းမြေသြဇာ (ပိုက်ဆန်လျှော်) ဧက ၂၂၀၀ ထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ မြောင်းမြမြို့နယ်မှာ ပိုက်ဆန်လျှော် ဧက ၂၅၀၀ လျာထား စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာတော့ ပိုက်ဆန်လျှော် ဧက ၂၂၀၀ ထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ငွေးမြင့်က ပြောပြသည်။

သစ်စိမ်းမြေသြဇာ (ပိုက်ဆန်လျှော်)ကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းသုံးစွဲမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် သစ်စိမ်းမြေသြဇာ(ပိုက်ဆန်လျှော်)ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ငွေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အောက်မှ အိန္ဒိယနိုင်ငံ၏အထောက်အပံ့ဖြင့်ဆောင်ရွက်သည့် မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့် QIP စီမံကိန်းပြီးမြောက်အောင်မြင်မှု အခမ်းအနားများသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်



**မန္တလေး ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အောက်မှ အိန္ဒိယနိုင်ငံ၏အထောက်အပံ့ဖြင့် ဆောင်ရွက်သည့် မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့် (Quick Impact Project-QIP) စီမံကိန်း ပြီးမြောက်အောင်မြင်မှု အခမ်းအနားများသို့ တက်ရောက်ခဲ့သည်။

ရွှေဦးစွာ ချမ်းအေးသာစံ မြို့နယ်ရှိ အမျိုးသမီးကလေးများ သင်တန်းကျောင်းတွင် ကျင်းပသည့် RC တစ်ထပ် သင်တန်းသူအိပ်ဆောင်သစ်ဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သန်းစိုး၊ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Abhay Thakur နှင့် သံအရာရှိများ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတွင်းရေးမှူး၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းသူအိပ်ဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် အဆိုပါအိပ်ဆောင်သစ်တွင်အခမ်းအနားကိုဆက်လက်ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးက ကျေးဇူးတင်စကား ပြောကြားခဲ့ပြီးနောက် မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံသံရုံးမှ သံအမတ်ကြီးက QIP စီမံချက်ဖြင့် အမျိုးသမီးကလေးများ သင်တန်းကျောင်းတွင် သင်တန်းသူအိပ်ဆောင် RC တစ်ထပ်ကို အိန္ဒိယသမ္မတနိုင်ငံအစိုးရမှ အမေရိကန်ဒေါ်လာ ၅၀၀၀၀ ထောက်ပံ့မှုဖြင့် ဆောက်လုပ်လှူဒါန်းပေးမှုများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားခဲ့ပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမရပူရမြို့နယ်ရှိ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတွင် QIP စီမံချက်ဖြင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရမှ အမေရိကန်ဒေါ်လာ ၅၀၀၀၀ ထောက်ပံ့မှုဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် Weaving and Vocational Sector Development Project ပြီးမြောက်အောင်မြင်မှု အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး အခမ်းအနား၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသိန်းစိုးက ရက်ကန်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေးသည့် စီမံကိန်းကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ခဲ့ပြီး ရက်ကန်းစက်ကြီး တပ်ဆင်လည်ပတ်နေမှုနှင့် နည်းပညာများ ထောက်ပံ့ပေးမှုအပေါ် ကျေးဇူးတင်စကားပြောကြားခဲ့ပြီးနောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ သံအမတ်ကြီးက QIP စီမံချက်ဖြင့် စီမံကိန်းဆောင်ရွက်ပြီးမြောက် အောင်မြင်ခဲ့မှုနှင့် စပ်လျဉ်း၍ အမှတ်တရစကားကို ပြန်လည်ပြောကြား၍ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ရက်ကန်းစက်ကို ကိုင်တွယ်အသုံးပြုနေမှုကို ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ ကျောက်ဆည်မြို့ရှိ နည်းပညာသက်မွေးပညာနှင့် လေ့ကျင့်ရေး ဆရာအတတ်သင်ကောလိပ်(ဘယ်လင်း)တွင်လည်း QIP စီမံချက်အရ အိန္ဒိယသမ္မတနိုင်ငံအစိုးရမှ အမေရိကန်ဒေါ်လာ ၅၀၀၀၀ ထောက်ပံ့မှုဖြင့် Investigation into Tar-Free and Dry Type Gasification Process with Slow Pyrolysis Products of Agriculture Waste for Myanmar's Rural Development စီမံကိန်းပြီးမြောက်အောင်မြင်မှု အခမ်းအနားကို ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

**ချောင်းဦး ဒီဇင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ချောင်းဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းကေ ၉၀ နှင့် ဖူးစားပြောင်း ၃၂၂၇ ကေ စုစုပေါင်း ၃၃၁၇ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ၉၃ ကေနှင့် ဖူးစားပြောင်း ၃၂၂၉ ကေ စုစုပေါင်း ၃၃၂၂ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၃၃၁၇ ကေ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၃၃၂၂ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းတွေဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေဆောင်ရွက်ပေးနေပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ချောင်းဦးမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်းတစ်ကေလျှင် တင်း ၅၀ ကျော် ထွက်ရှိပြီး တစ်ကေစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းကုန်ကျစရိတ်ရှိကြောင်း၊ ဖူးစားပြောင်းတစ်ကေလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိပြီး တစ်ကေစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းကျော်ကုန်ကျစရိတ်ရှိကြောင်း သိရသည်။



ပြောင်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍သိရသည်။ (၂၀၆)

# အမရပူရမြို့နယ် မုန်တိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အမရပူရ ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့်မိသားစုဝင်ငွေ တိုးပွားလာပြီး တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်စေရန်နှင့် ဆင်းရဲမှု လျော့ကျစေရန်ရည်ရွယ်၍ လိပ်ဆံခွန် ကျေးရွာအုပ်စု မုန်တိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက မုန်တိုင်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ အတိုး၊ အရင်းများကို သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်ကြရန်နှင့် ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၈ ဒသမ ၁ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၈ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**



# အလွန်ကောင်းမွန်သော ဗဟုသုတ

ချစ်နိုင်(စိတ်ပညာ)

**❖ ငယ်စဉ်ဘဝက အဖမဲ့သားအဖြစ် အားငယ်စရာရှိခဲ့ရသော်ငြား လည်း စာပေအထူးလိုက်စားသဖြင့် သူသည် ပညာလည်းကြီး၊ ကိုယ်ကျင့်သီလလည်းကောင်းသော လူတစ်ဦးဖြစ်ခဲ့သည့်အပြင် အမြော်မြင်ကြီးသည်နှင့်အညီ မသေမီကပင် နောင်တမလွန်ဘဝအတွက် စနစ်တကျ ကြိုတင်ပြင်ဆင်တတ်သော နောက်ဆုံးအချိန်အတွက် ကောင်းမှုကုသိုလ်တရားများကို ထက်ထက်သန်သန် စုဆောင်းတည်ဆောက်၍ အာစိဏ္ဏကံဟူသော မပြတ်လေ့ကျင့်အပ်သောကံဖြင့် (မမြင်ရသည့် နောင်ဘဝအတွက်) ထောက်ရာတည်ရာ အားကိုးစရာကို အကျိုးရှိစွာ အသုံးချတတ်ပုံမှာ အတုယူစရာနမူနာဖြစ်ပေတော့သည်။ သိသူနှင့် မသိသူသည် လမ်းကြောင်းချင်းကွဲပြားသည်။ ❖**

**နိဒါန်း**

အချိန်ကာလ ပြက္ခဒိန်မှတ်တိုင်များတစ်ခုပြီး တစ်ခု ဖြတ်သန်းကျော်လွန်လာခဲ့ပြီ။ ခုနှစ် သက္ကရာဇ်များဟာ နောက်မှာဝေးလွင့်ကျန်ရစ်ခဲ့ကြပြီ။ အမိဝမ်းတွင်းမှ ထွက်လာကာ လူ့ဘဝသက်တမ်းဖြတ်သန်းခဲ့သည်မှာ ၇၇ နှစ်ရှိပါတော့မည်။ ကားသာဆိုလျှင် ကားအိုကားဟောင်းကြီးဖြစ်နေပေရော့မည်။

အိုမင်းခြင်း၏သင်္ကေတများအဖြစ် သွားများကျိုးပဲ့ခြင်း၊ ဆံပင်၊ မျက်ခုံးမွေး၊ မုတ်ဆိတ် ဖြူလာခြင်းတို့က ပြသနေကြပြီ။ တစ်ခါတစ်ရံ မေ့လျော့တတ်ခြင်းကို သတိပြုမိတော့ ပြုံးရသည်။ ဇရာ၏သဘောလက္ခဏာတွေပေပဲ။ အိုခြင်းအပြင် ယခင်ကမရှိဖူးသော နာခြင်းတရားကိုပါ ကြုံတွေ့လာရသည်။ ဇာတိအခြေအနေကျော်လွန်လာ၍ ဗျာဓိဟူသော အဖျားအနာ၊ အကိုက်အခဲလေးများ ရောက်စပြုပြီကို သိရပါ၏။ သတိပေးခေါင်းလောင်းသံ၏အဓိပ္ပာယ်က သေခြင်းတရားသည်လည်း ကွေးသောလက်ကမဆန့်ခင်၊ ဆန့်သောလက်ကလေးမကွေးမီ အချိန်မရွေး ရောက်လာနိုင်သည်ဟူသောသဘောကို ပြဆိုသည်။ ခါးနာသည်၊ ပျောက်သွားပြီ၊ ရင်ဘတ်အောင့်သည်၊ ပျောက်သွားသည်။ ခြေထောက်က လေးလံသလိုလိုပဲ။ ခဏနေတော့ သူ့အလိုလိုသက်သာသွား၍ တော်ပေသေး။

**အခန်းအကန့်**

မလွဲမသွေ ရင်ဆိုင်ဖြတ်သန်းရမည့်သေခြင်းတရားသည် စက္ကူဖြင့်ကာရံထားသောနံရံကို သည်ဘက်အခန်းအကန့်မှ ဟိုဘက်အခန်းသစ်တစ်ခုသို့ဖောက်ထွက်ကူးပြောင်းခြင်းမျှသာဖြစ်သည်။ ဘဝသံသရာတွင် တစ်ခန်းပြီးတစ်ခန်း၊ တစ်ဘဝပြီးတစ်ဘဝ ပြောင်းလဲချီတက်နေရဦးမည်ကား မလွဲသေချာ။

အိုခြင်းနှင့်နာခြင်း၊ သေခြင်းအကြောင်းများ စဉ်းစားမိသောအခါ မိမိခရီးစဉ်၏ရှေ့ဘူတာမှာ ဆင်းရမည့်နေရာကို သတိမူမိသည်။ အတော်ပင် နီးကပ်နေပြီပဲ။ သေခြင်းဟူသောဘူတာပေတည်း။

ကြောက်လည်းမကြောက်ပါ။ စိုးလည်းမစိုးရိမ်ပါ။ မိမိက **"ဥတ္တုဘောဇနသင်္ဂဟကျမ်း"**ကို ကြိုက်သောကြောင့် အကြိမ်ကြိမ်အခါခါ ဖတ်ဖူးခဲ့သည်။ အထက်တန်းကျောင်းသားဘဝကပင်ဖြစ်၏။ ရေးသူ **ယောအတွင်းဝန် ဦးဘိုးလှိုင် (၁၈၂၉-၁၈၈၃)**နှင့် စိတ်ချင်းရင်းနှီးနေခဲ့သည်။ ဆရာကြီးမောင်ထင်တည်းဖြတ်၍ အမှာစာပြည့်ပြည့်စုံစုံရေးထားသော **"ရာဇဓမ္မသင်္ဂဟကျမ်း"**ကို ဖတ်ရသောအခါ တအံ့တသြကြည်ညိုလေးစားရပြန်သည်။ ရွှေပြည်ဝန်ကြီးဦးဘိုးလှိုင်အကြောင်း စိတ်ဝင်စားစရာ ပြောစမှတ်ဖြစ်ရပ်တွေ အတော်များများမှတ်သားမိဖူးသည်။

ပဉ္စမသင်္ဂါယနာတင်ကျောက်စာများ ရေးထိုးခြင်းကို ဦးဘိုးလှိုင်က ဘုရင်မင်းတုန်းမင်းကြီး၏ လူရင်း(မွေးစားသား၊ မင်းသား) ကွပ်ကဲကြီးကြပ်သူအဖြစ် စစ်ဆေးရသည်။ မြန်မာပညာရှိကြီး ဦးယမ်ကို "စာလေးဘာလေးများလည်း ဖတ်အုံးကွဲ့"ဟု သတိပေးသည်ဆိုပဲ။ သူက စာပေအထူအပါး ဘာသာရပ်စုံနှံ့စပ်အောင် ဖတ်သော စာကြမ်းပိုးအကြီးစားကြီးမို့ သူ့လောက် စာမစုံသူကို ဆော်သြခြင်းသဘော။

မင်းတုန်းမင်းလက်ထက်တော်တွင် ဦးဘိုးလှိုင်သည် ဘုရင်နှင့်မိဖုရားက သားရင်းသဖွယ်ချစ်ခင်သဖြင့် နန်းတွင်းသူ၊ နန်းတွင်းသားတို့က ပစားပေးကြသည်။ အလွန်အဆင့်မြင့်သော ကျမ်းကြီးကျမ်းငယ်တို့ကို ပြုစုသဖြင့်လည်း လေးစားရိုသေကြသည်။ မြင်းထိန်းငတာသည် ရပ်ထဲရွာထဲ၊ လူစုစုရှိလျှင် "ကိုရင်တို့ ယောအတွင်းဝန်စာတွေ ဖတ်ကြရဲ့လား။ ဖတ်ကြဗျ" စသည်ဖြင့် လေပေါနေသည်ကို ဦးဘိုးလှိုင် ပြန်ကြားရသော် ငတာကိုခေါ်၍ ပုဆိုးတစ်ကွင်းပေး၍ "ငတာ-ငါ့စာတွေ ဖတ်ပါလို့ ဘယ်သူ့ကိုမှမပြောလေနှင့်"ဟု တားမြစ်သည်ဆို၏။

စာမတတ်သူ စာမဖတ်သူက လူတကာပြောနေမှတော့ စကားအနှစ်သာရ ပြောင်းပြန်ဟာသဖြစ်နေသည်မဟုတ်လား။

**ကြိုတင်ပြင်ဆင်**

ဦးဘိုးလှိုင်သည် အသက် ၅၄ နှစ်အရွယ်မှာပင် ကွယ်လွန်သည်။ အသက်မကြီးလှသေးပေ။ မွေးစားမိဘဖြစ်သော မင်းတုန်းမင်းနှင့်ဆင်ဖြူမရှင်တို့ ပေးစားသော အမျိုးသမီးနှင့်ပဲ လက်ထပ်ခဲ့သည်။ ဘဝတစ်သက်တာလုံး စာချုပ်ပေချုပ်၊ စာကြည့်တိုက်အတွင်း၌ စာဖတ်ခြင်း၊ ကျမ်းစာရေးသားပြုစုခြင်းဖြင့်သာ အချိန်ကုန်သည်။ ဗေဒင်နက္ခတ်ပညာလည်း တတ်ကျွမ်းသဖြင့် အာယုစိဏ္ဏဝန္တနာကိန်းခန်းအရ ဘယ်ခုနှစ်၊ ဘယ်လလောက်တွင် မရဏကိန်းကျနေသည်ကို ကြိုတင်တွက်ချက်သိ၏။ သုံးလမျှကြိုတင်၍ သူ၏ယပ်ပေါင်းသူငယ်ချင်းကို တောရွာမှခေါ်ယူ၍ စစ်ကိုင်းချောင်တွင် စကားအတူပြော၊ တရားကြောင်းဆွေးနွေး၊ ကုသိုလ်ရေးများပြုကာ ဒါန၊ သီလ၊ ဘာဝနာဖြင့် အချိန်စောင့်သည်။

"ငါ့သူငယ်ချင်း၊ ယနေ့ည ငါ့အနားမှာ ဂုဏ်တော်များ ရွတ်ဆိုပေးပါကွယ်၊ ငါကြည်ညိုနာယူမယ်" မှာထားသည်။

သူငယ်ချင်း၏မိသားစုကိုလည်း ခြောက်လ၊ တစ်နှစ်စာ စားရေးနေရေးအတွက် ကြိုတင်ထောက်ပံ့ပေးခဲ့ပြီး သူနှင့်အတူ တရားကျင့်ဖော်အနေနှင့်ခေါ်ထား၍ နှစ်ဦးသား စစ်ကိုင်းတောင်ရိုးချောင်တစ်ခုမှာ ကောင်းမှုကုသိုလ်များပြုကြသည်။ ဂုဏ်တော်နှင့် ပရိတ်တော်များ သူငယ်ချင်းက ရွတ်ဆိုပေးနေစဉ် ကြည်ညိုရင်း သေမင်းခေါ်ရာလိုက်ပါသွားခဲ့သည်။ ယောမင်းကြီး ဦးဘိုးလှိုင်သည် ဖခင်က ရေနံချောင်းမြို့စား၊ ယင်းတောဝန်ကြီး သတိုးမင်းလှကျော်ထင်ဦးရွှေတုတ်ဖြစ်၏။ ဘုရင်က စိတ်ရှုပ်ပေါက်ကာ နန်းတော်ထဲမှာပင် လှံဖြင့်ထိုးသတ်သဖြင့် ဖခင်သေဆုံးသည်။ မောင်ဘိုးလှိုင် ၁၀ နှစ်သားမှာပင် ဖတဆိုး၊ အဖမဲ့သားဖြစ်သွားသည်။

**ဘဝက**

ထိုစဉ်က မင်းတုန်းမင်းသားက ဘိုးလှိုင်လေးကို ကြည့်ကာ အလွန်သနားချစ်ခင်သဖြင့် သားအဖြစ် မွေးစားစောင့်ရှောက်ခဲ့သည်။ သူဘုရင်ဖြစ်သောအခါတွင်လည်း ရာထူးကြီးများဖြင့် မြှောက်စားအားထားသည်။

မမှန်တာမလုပ်၊ မဟုတ်တာမပြော၊ မသင့်တာမကြံသော မောင်ဘိုးလှိုင်ကို မင်းတုန်းမင်းက နှစ်ကြိမ်၊ သီပေါမင်းကတစ်ကြိမ် ရာထူးမှချကာ (မာနချိုးနှိမ်သောသဘော)ဖြင့် အကျဉ်းချထားခဲ့ကြဖူး၏။ နောက်တော့လည်း အမှားအယွင်းမရှိသူကို မဖိနှိပ်ရက်သဖြင့် ဉာဏ်ပညာဗဟုသုတ ဘာသန္တရ၊ ဒေသန္တရ၊ နှံ့စပ်လှသဖြင့် တိုင်ပင်ရန်အားကိုးရစမြဲဖြစ်သည့်အတိုင်း စားမြဲရာထူး၊ ပေးမြဲဘွဲ့ထူးများ ပြန်လည်ပေးသနားကြသည်သာဖြစ်၏။

လောကဓံအတက်အကျ အကောင်းအဆိုးကို အကြိမ်ကြိမ်ကြုံတွေ့ဖြတ်သန်းခဲ့သော ယောမင်းကြီးဦးဘိုးလှိုင်သည် မီးသင်းသောသံမဏိကဲ့သို့ မာကြောခဲ့ပုံရပါသည်။

မင်းတုန်းမင်းက ချီးမြှင့်မြှောက်စားတော်မူခဲ့သော သေနတ်ဝန်၊ ကင်းဝန်၊ အဂ္ဂမဟာသေနာပတိ ဦးကောင်း(၁၈၂၁-၁၉၀၈)သည် သီပေါမင်းလက်ထက်တွင်သာမက ဗြိတိသျှနယ်ချဲ့အုပ်ချုပ်သူလက်အောက်တွင်ပါ လစာတော်များခံစား၍ ၃၆ စောင်တွဲ ဓမ္မသတ်စသောဥပဒေကျမ်းများ၊ မြန်မာ့ဓလေ့ထုံးတမ်းစာတမ်းများပြုစုပေးခဲ့သည်။ ဦးဘိုးလှိုင်ကား အင်္ဂလိပ်အစိုးရကို သူမကွယ်လွန်မီအချိန် (၁၈၈၅-၁၈၈၈) သုံး၊ လေးနှစ်ကာလအတွင်း အဖက်လုပ်၍ လှည့်မကြည့်ခဲ့ဘဲ ဘာသာရေး၊ ကုသိုလ်ရေးသာ ဆောင်ရွက်သွားခဲ့သူဖြစ်သည်။

**အတုယူစရာ**

စာရေးသူကတော့ ဦးကောင်း၏ ၈၇ နှစ်ထိ အသက်ရှည်ခြင်းထက် ဦးဘိုးလှိုင်၏ ၅၄ နှစ်သာ နေသွားခဲ့ရရှာသည့်(၁၈၂၉-၁၈၈၃) ဘဝကို အားကျခဲ့မိသည်။ မှားသည်မှန်သည် အကဲဖြတ်ခြင်းမဟုတ်ပါ။ ထင်မြင်ယူဆခြင်းသာ။ ငယ်စဉ်ဘဝက အဖမဲ့သားအဖြစ် အားငယ်စရာရှိခဲ့ရသော်ငြားလည်း စာပေအထူးလိုက်စားသဖြင့် သူသည် ပညာလည်းကြီး၊ ကိုယ်ကျင့်သီလလည်းကောင်းသော လူတစ်ဦးဖြစ်ခဲ့သည့်အပြင် အမြော်မြင်ကြီးသည်နှင့်အညီ မသေမီကပင် နောင်တမလွန်ဘဝအတွက် စနစ်တကျကြိုတင်ပြင်ဆင်တတ်သော နောက်ဆုံးအချိန်အတွက် ကောင်းမှုကုသိုလ်တရားများကို ထက်ထက်သန်သန်စုဆောင်းတည်ဆောက်၍ အာစိဏ္ဏကံဟူသော မပြတ်လေ့ကျင့်အပ်သောကံဖြင့် (မမြင်ရသည့် နောင်ဘဝအတွက်) ထောက်ရာတည်ရာ အားကိုးစရာကို အကျိုးရှိစွာအသုံးချတတ်ပုံမှာ အတုယူစရာ နမူနာဖြစ်ပေတော့သည်။

သိသူနှင့်မသိသူသည် လမ်းကြောင်းချင်းကွဲပြားသည်။ ဗဟုသုတအကြားအမြင်ရှိသူက ကူညီပေးနိုင်ခဲ့သည်ရှိသော် အာစိဏ္ဏကံအကျိုးပေးစွမ်းအားကြောင့် ကြီးမားသောအကျိုးအဖြစ် ကောင်းရာမွန်ရာဘုံဘဝသို့ရောက်စေနိုင်ပေသည်။ ထို့ကြောင့် မည်သူမဆို တစ်နေ့မှာတော့ သေကြရသည့် လူချင်းအတူတူ မသေမီ အချိန်နီးကပ်လာချိန်လေး ဤအချက်အလက်၊ **ကောင်းမွန်သောဗဟုသုတလေးကို** ကူးယူဖော်ပြလိုပေသည်။

**လူတစ်ယောက်သေခါနီးတွင်** အရင်ဆုံးမျက်စိအကြည်ရုပ်ချုပ်ငြိမ်းပြီး မမြင်ရတော့ပါ။

ပြီးလျှင် အဆင့်ဆင့်ချုပ်သွားသည်-

**၁။ မျက်စိ**

**၂။ နှာခေါင်း**

**၃။ လျှာ**

**၄။ ကိုယ်**

**၅။ နား**

**၆။ မနော။**

နောက်ဆုံးမှာ နားနှင့်မနော(သိစိတ်)ကလေး ကျန်နေသေး၏။ အသက်ရှူရပ်၍ သေပြီဟုဆုံးဖြတ်ထားသော်လည်း ကယ်တင်နိုင်သေးသည်။

**သတိပြုရန်**

**နားကကြားနေရသေးသည်။** သို့ဖြစ်၍-

သေသူအနားတွင် လူရှင်းနေပါစေ။

သေသူအနားတွင် ငိုယိုခြင်းလုံးဝမလုပ်ပါနှင့်။

အသံကြောင့် အစွဲအလမ်းဖြစ်စေမည့် ခွေး၊ ကြောင်ကလေးတွေပါ မလာပါစေနှင့်။

**ဒါနဖြင့်ကယ်တင်ခြင်း**

သေသူ၏နားကပ်၍ သူလုပ်ခဲ့သည့်ဒါနအမှုကို ပြောပေးခြင်း။ စိတ်ထဲမှ သာခုခေါ် ပီတိဖြစ်ရန်။ ထို့ပြင် ချက်ချင်းဆိုသလို သူ့အတွက် လှူကူသော သောက်ရေတစ်ခွက်ဖြင့် ဘုရားသောက်တော်ရေ ပေးလှူခြင်း၊ အနားတွင်ရှိသော ပစ္စည်းတစ်ခုခုကို ဘုရားသို့ကပ်လှူခြင်း၊ သူ့နားကပ်၍ ပြောပေးခြင်း။

**သီလဖြင့်ကယ်တင်ခြင်း**

ယခုအချိန်မှာ အနည်းဆုံးငါးပါးသီလကိုလုံခြုံနေကြောင်း ပြောပြပေးပါ။

**သမထဖြင့် ကယ်တင်ခြင်း**

အလွယ်ကူဆုံးကား "ဗုဒ္ဓါ နုဿတိ"ပါ။ သူ့နားဝမှာကပ်၍ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ၊ ဆက်တိုက်ရွတ်ပေးပါ။

ဒါမှမဟုတ် သူနှစ်သက်သောဆရာတော်တစ်ပါးပါး၏အသံကို ကြားနိုင်လောက်အောင် ဖွင့်ထားပေးပါ။

(ခွေးကလေး ကြောင်ကလေးများတောင် ရွတ်ပေးရင် ပျော့ပျော့ပျောင်းပျောင်းနဲ့ သေတာတွေ့ရပါတယ်။)

**ဝိပဿနာဖြင့်ကယ်တင်ခြင်း**

သေသူသည် ဖြစ်ပျက်ရှုတတ်ပါက ဘာလာလာ အပျက်ရှုဖို့ တောက်လျှောက်သတိပေးပါ။

ရင်ညွန့်က မနောနေရာကို လက်နှင့်ထင်ရှားအောင်ထောက်ပေးပါ။

ဖြစ်ပျက်မရှုတတ်ပါက ဒုက္ခသစ္စာကိုမှတ်ဖို့ နှလုံးသွင်းဖို့ အထူးသတိပေးရပါမည်။

အချိန်ကိုက်ချက်ချင်းလုပ်ရတာဖြစ်သည့်အတွက် ငွေမလို၊ စိတ်ကူးကောင်းဖို့သာလိုပေသည်။

**နိဂုံး**

(တစ်ရက် တရားစခန်း၊ ဆရာတော် ဦးပဏ္ဍိတ တရားတော်များမှ။ ဆရာတော်အား ရိုသေစွာရှိခိုး ဦးခိုက်ကန်တော့ပါ၏အရှင်ဘုရား)

မျှဝေပေးသော ဒေါက်တာမြင့်သန်းထွန်း၊ ရန်ကုန်မြို့တော်၊ ကျန်းမာရေးဌာန၊ ညွှန်ကြားရေးမှူးကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်း ဖော်ပြပါသည်။

အချို့သောအဖိုးတန်သည့် ဗဟုသုတအသိပညာသည် အချိန်လည်းမကုန်၊ ငွေလည်းမသုံးရဘဲ မိတ်ကောင်းဆွေကောင်း၊ စိတ်ကောင်းစေတနာကောင်းရှိသော ပုဂ္ဂိုလ်များဖြင့် ခင်မင်ရင်းနှီးရသဖြင့် အကျိုးတရားကြီးမားစွာ ဘဝသံသရာခရီးအတွက်ပင် အထောက်အကူဖြစ်စေသောအချက်မျိုးကို သိမြင်နိုင်ကြရပေသည်။

## (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## မဲပေးကြပါစို့

\- တွေးမယ်ကွဲ့ တွေးမယ်၊
နိုင်ငံသူ နိုင်ငံသား
အများတို့ရယ်၊
တို့နိုင်ငံ အကျိုးတွက်ကွယ်
တိုးတက်ဖွယ် ရှိစေဖို့၊
အခွင့်အခါ လက်မလွှတ်ဘဲ
မဲပေးသွားစို့။

\- ရွေးမယ်ကွဲ့ ရွေးမယ်၊
နိုင်ငံ့ဂုဏ် ဆောင်သူတို့ကို
ရွေးချယ်စို့ကွယ်၊
တိုင်းပြည်နဲ့ လူမျိုးဝယ်
အမှန်တကယ် ချစ်သူများ၊
ပါတီကို သေချာရွေး
မဲပေးစို့လား။

\- ပေးမယ်ကွဲ့ပေးမယ်၊
ပြည်သူကို လေးစားသမှုနဲ့
အကျိုးပြုဖွယ်၊
စာရိတ္တ ကောင်းသူသာကွယ်
အမှန်တကယ် စဉ်းစားရွေး၊
အပြောမသန်
သဘောမှန် အလုပ်သမားကို
(အသည်းကြားက)
မဲတစ်ပြားပေး။ ။

**မောင်နွေဦး(လယ်ဝေး)**

## စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၇၁၃၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဒီဇင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၇၁၃၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ်ကေ ၁၀၃၀၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါစိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စစ်ကိုင်းမြို့နယ်၌ ၂၀၂၁ ကေ၊ မြင်းမူမြို့နယ်၌ ၇၁၇ ကေ၊ မြောင်မြို့နယ်၌ ၄၃၉၄ ကေ စုစုပေါင်း ၇၁၃၂ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ ပဲပုပ်ကေ ၁၀၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ကေ ၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့နဲ့ ပိုးမွှားကျရောက်မှုမရှိစေဖို့အတွက် ပညာပေးတာတွေလဲ ဆောင်ရွက်နေပါတယ်။ လိုအပ်တဲ့မျိုးစေ့တွေ၊ သွင်းအားစုတွေ ရရှိဖို့လဲ ချိတ်ဆက် ဆောင်ရွက်ပေးထားပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ်စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၂၀၄၂ ကေ၊ မြင်းမူမြို့နယ်တွင် ၇၄၂ ကေ၊ မြောင်မြို့နယ်တွင် ၇၅၁၆ ကေ စုစုပေါင်းကေ ၁၀၃၀၀ ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်တွင် ပဲပုပ်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲပုပ်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲပုပ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

## မြန်အောင်မြို့နယ် ငါးရုံ့ဒိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြန်အောင် ဒီဇင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငါးရုံ့ဒိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၀ ရက်တွင် အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဇော်ထက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေများ တိုးပွားလာကာ ဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက စီမံကိန်း စက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၄၄ ဒသမ ၁၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ငါးရုံ့ဒိုင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦးကို ငွေကျပ် ၂၃ ဒသမ ၀၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၄ ဦးကို ငွေကျပ် ၂၁ ဒသမ ၁ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၆၁ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၄ ဒသမ ၁၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**



## ကျောက်ပန်းတောင်းမြို့နယ် ဘင်ဂွကျေးရွာ၌ သဲဖြူန်းလမ်းခင်းနေမှု စစ်ဆေး

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘင်ဂွကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း သဲဖြူန်းခင်းနေမှုလုပ်ငန်း အခြေအနေများကို ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ဘင်ဂွကျေးရွာတွင် ကုန်ထုတ်လမ်း အရှည် ၅ ဒသမ ၇၆ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မရှိ သဲဖြူန်းလမ်းခင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်းက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ရန် ဆွေးနွေးမှာကြားပြီး ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း သဲဖြူန်းခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၀၁ ဒသမ ၅၅ သန်းကို အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် နိုဝင်ဘာလ စတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ချိုသန်းညွှန့်**

# နိုင်ငံတကာ သတင်းများ

## ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဖွဲ့စည်းပုံပြောင်းလဲရန် အီဂျစ်သမ္မတ အယ်လ်စီစီ တိုက်တွန်း



**ကိုင်ရို ဒီဇင်ဘာ ၂၁**

တစ်ကမ္ဘာလုံးအတွက် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အာဖရိကတိုက် ပိုမိုပါဝင်ခွင့်ရရှိရေးအတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဖွဲ့စည်းပုံကို ပြုပြင်ပြောင်းလဲရန် အီဂျစ်သမ္မတ အယ်လ်စီစီက ဒီဇင်ဘာ ၂၀ ရက်တွင် တိုက်တွန်းခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ကိုင်ရိုမြို့၌ ကျင်းပသည့် အာဖရိက-ရုရှား မိတ်ဖက်ဆက်ဆံရေးညီလာခံတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီဖွဲ့စည်းပုံကို ပြောင်းလဲရန် အီဂျစ်သမ္မတ အယ်လ်စီစီက တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီကို ၁၉၄၅ ခုနှစ်မှစ၍ ဗီတိုအာဏာ သုံးစွဲနိုင်သည့် အမြဲတမ်း အဖွဲ့ဝင်နိုင်ငံ ငါးနိုင်ငံနှင့် အလှည့်ကျ အဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံတို့ဖြင့် ဖွဲ့စည်းခဲ့သည်။

သို့ရာတွင် လူဦးရေ၊ စီးပွားရေး၊ နိုင်ငံရေးအင်အား အတိုင်းအဆအရ အာဖရိကတိုက်အနေဖြင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ တစ်ကမ္ဘာလုံးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ရေးလုပ်ငန်းစဉ်များ၌ ပိုမိုပါဝင်ခွင့်ရှိသင့်ကြောင်း အီဂျစ်သမ္မတက ပြောကြားခဲ့သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်အများစုတွင် အာဖရိကကို နေရာနှစ်နေရာပေးရန်နှင့် အလှည့်ကျအဖွဲ့ဝင်အများစု၌ ငါးနေရာထိပေးရန် အာဖရိကသမဂ္ဂက ၂၀၀၅ ခုနှစ်မှစ၍ တစိုက်မတ်မတ် တောင်းဆိုခဲ့သည်။

အာဖရိက- ရုရှား မိတ်ဖက်ဆက်ဆံရေး ထိပ်သီးညီလာခံ၌ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်နှင့် အာဖရိကနိုင်ငံ ၅၀ ကျော်တို့မှ နိုင်ငံခြားရေးဝန်ကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

Ref : RT

Trs : KKO

## မူးယစ်နှိမ်နင်းမှုစစ်ဆင်ရေး အီတလီပြုလုပ် လူ ၃၈၄ ဦးကို ဖမ်းဆီးထား

**ရောမ ဒီဇင်ဘာ ၂၁**

တစ်နိုင်ငံလုံးအတိုင်းအတာအရ မူးယစ်ဆေးဝါးနှိမ်နင်းမှု စစ်ဆင်ရေးအတွင်း လူ ၃၈၄ ဦး ဖမ်းဆီးနိုင်ခဲ့ပြီး မူးယစ်ဆေးဝါး ၁ ဒသမ ၄ တန် သိမ်းဆည်းနိုင်ခဲ့ကြောင်း အီတလီရဲတပ်ဖွဲ့က ဒီဇင်ဘာ ၂၀ ရက်တွင် သတင်းထုတ်ပြန်ထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မူးယစ်ဆေးဝါးနှိမ်နင်းမှု စစ်ဆင်ရေးအတွင်း လူ ၃၈၄ ဦး ဖမ်းဆီးခဲ့သည့်အပြင် လူ ၆၅၅ ဦး ကိုလည်း စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း အီတလီရဲတပ်ဖွဲ့ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

စစ်ဆင်ရေး စတင်သည့်အချိန်ကို အီတလီရဲတပ်ဖွဲ့က ထုတ်ပြောခြင်းမရှိသော်လည်း ပြည်နယ်အများအပြားတွင် ပြုလုပ်ခဲ့သည့် အဆိုပါစစ်ဆင်ရေးမှာ ဒီဇင်ဘာ ၁၉ ရက်တွင် ပြီးဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ဆင်ရေးအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် လက်နက်ငယ် အလက် ၄၀ ကိုလည်း သိမ်းဆည်းနိုင်ခဲ့ကြောင်း အီတလီရဲတပ်ဖွဲ့ တာဝန်ရှိသူများက ပြောကြားသည်။

စစ်ဆင်ရေးအတွင်း သိမ်းဆည်းနိုင်ခဲ့သော မူးယစ်ဆေးဝါးများထဲတွင် ဆေးခြောက် ၂၉၆ ကီလိုဂရမ်လည်းပါဝင်ကြောင်း သိရသည်။

အီတလီနိုင်ငံသည် ယခုနှစ် ဇွန်လအတွင်း ဆေးခြောက်ရောင်းဝယ်မှုကို ပိတ်ပင်ရေးအမိန့်ဒီကရီတစ်ရပ်ကို အတည်ပြုထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဗင်နီဇွဲလားကမ်းလွန် နိုင်ငံတကာရေပြင်၌ ရေနံတင်သင်္ဘောတစ်စီး အမေရိကန် ထပ်မံဖမ်းဆီး

**ဝါရှင်တန် ဒီဇင်ဘာ ၂၁**

ဗင်နီဇွဲလားနိုင်ငံ ကမ်းရိုးတန်းကမ်းလွန် နိုင်ငံတကာရေပြင်အတွင်း ရေနံတင်သင်္ဘောတစ်စီးကို ထပ်မံဖမ်းဆီးခဲ့ကြောင်း အမေရိကန်အစိုးရ အမိမြေလုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး ခရစ္စတီး နိုအမ်က ယနေ့တွင် သတင်းထုတ်ပြန်ထားကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။



အမေရိကန်အစိုးရ၏ အရေးယူပိတ်ဆို့မှုစာရင်းတွင် ပါဝင်နေသည့် ဗင်နီဇွဲလား ရေနံတင်သင်္ဘောအားလုံး အဝင်၊ အထွက်ပြုလုပ်မှုကို ပိတ်ဆို့ရန် သမ္မတ ဒေါ်နယ်ထရမ့်က ညွှန်ကြားခဲ့ပြီး ရက်ပိုင်းအတွင်းမှာပင် အမေရိကန်ကမ်းခြေစောင့်တပ်က ဗင်နီဇွဲလားကမ်းလွန်၌ ရေနံတင်သင်္ဘောတစ်စီးကို ထပ်မံဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံသည် ရက်သတ္တပတ် အနည်းငယ်အတွင်း ဒုတိယအကြိမ်မြောက် အဖြစ် ဗင်နီဇွဲလားကမ်းလွန်၌ ရေနံတင်သင်္ဘောများ ဖမ်းဆီးမှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အမေရိကန် ကမ်းခြေစောင့်တပ်က ကြားဖြတ်ဖမ်းဆီးခဲ့သည့် အဆိုပါ ရေနံတင်သင်္ဘောမှာ ပနားမားနိုင်ငံ၌ မှတ်ပုံတင်ထားသည့် စင်ကျူရီအမည်ရှိ ရေနံတင်သင်္ဘောဖြစ်နိုင်ကြောင်း ရေကြောင်းကုန်သွယ်ရေးလောက သတင်းအရင်းအမြစ်များက ပြောကြားသည်။

အဆိုပါ ရေနံတင်သင်္ဘောကို အမေရိကန် ကမ်းခြေစောင့်တပ်က ကာရေဘီယံ ပင်လယ်ဒေသ ဘာဘေးဒိုးစ်ကျွန်းစု အရှေ့ဘက် ရေပြင်အတွင်း ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ အတွင်းသို့ မူးယစ်ဆေးဝါးများ တရားမဝင် ပို့ဆောင်ရာတွင် ဗင်နီဇွဲလားအစိုးရ ပါဝင်ပတ်သက်နေကြောင်း အမေရိကန်အစိုးရက စွပ်စွဲထားပြီး ဗင်နီဇွဲလား ရေနံလုပ်ငန်းများအပေါ် အရေးယူပိတ်ဆို့မှုများ ချမှတ်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## အသားတင်ပိုင်ဆိုင်မှုတန်ဖိုး ဒေါ်လာ ဘီလီယံ ၇၀၀ အထက်ရှိ ပထမဆုံး ကမ္ဘာ့လူပုဂ္ဂိုလ် အီလွန်မက်စ် ဖြစ်လာ

**နယူးယောက် ဒီဇင်ဘာ ၂၁**

အမေရိကန်နိုင်ငံ အခြေစိုက် တက်စလာ လျှပ်စစ်ကားကုမ္ပဏီ အမှုဆောင်အရာရှိချုပ် အီလွန်မက်စ်သည် အသားတင်ပိုင်ဆိုင်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ဘီလီယံ ၇၀၀ အထက်ရှိသည့် ပထမဆုံး ကမ္ဘာ့လူပုဂ္ဂိုလ်ဖြစ်လာကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမေရိကန်ဒေါ်လာ ၅၆ ဘီလီယံ တန်ဖိုးရှိ တက်စလာ အစုရှယ်ယာများကို တက်စလာဝန်ထမ်းများအား ခံစားခွင့်ပေးရေးဆုံးဖြတ်ချက်ကို တရားရုံးက ပယ်ဖျက်ပေးခဲ့ပြီးနောက် အီလွန်မက်စ်၏ ပိုင်ဆိုင်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၇၀၀ ကျော်ထိ ရှိလာခြင်းဖြစ်သည်။

ဖိုးဘီးစ်မဂ္ဂဇင်း၏ အဆိုအရ အီလွန်မက်စ်၏ အသားတင်ပိုင်ဆိုင်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀၀ ကျော်ထိ ရှိခဲ့ကြောင်း သိရသည်။

သို့ရာတွင် တက်စလာအစုရှယ်ယာများကို ဝန်ထမ်းများအား ခံစားခွင့်ပေးရေး ဆုံးဖြတ်ချက်ကို တရားရုံးက ပယ်ဖျက်ခဲ့ပြီးနောက် ဒီဇင်ဘာ ၂၀ ရက်တွင် အီလွန်မက်စ်၏ အသားတင်ပိုင်ဆိုင်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၄၉ ဘီလီယံ ထိရှိခဲ့သည်။




၂၀၁၈ ခုနှစ် တရားရုံးဆုံးဖြတ်ချက်အရ တက်စလာ ဝန်ထမ်းများ ခံစားခွင့်ရှိသည့် အစုရှယ်ယာ တန်ဖိုး အမေရိကန်ဒေါ်လာ ၅၆ ဘီလီယံမှာ တက်စလာ၏ လက်ရှိ အစုရှယ်ယာတန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၉ ဘီလီယံနှင့် တန်ဖိုးချင်းတူမည်ဖြစ်သည်။

အီလွန်မက်စ်ပြီးလျှင် အသားတင်ပိုင်ဆိုင်မှု ဒုတိယအများဆုံး လူပုဂ္ဂိုလ်မှာ ဂူဂဲလ်ကုမ္ပဏီ ပူးတွဲတည်ထောင်သူ လာရီပေ့ချ်ဖြစ်ပြီး ပိုင်ဆိုင်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀၀ ခန့်ထိ ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## တောင်အာဖရိကနိုင်ငံ၌ သေနတ်ပစ်ခတ်မှုကြောင့် လူကိုးဦး သေဆုံးပြီး ၁၀ ဦးဒဏ်ရာရ

**ဂျိုဟန်နက်စဘတ် ဒီဇင်ဘာ ၂၁**

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘတ်မြို့အနီး မြို့တစ်မြို့၌ ယနေ့တွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လူကိုးဦး သေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါ သေနတ်ပစ်ခတ်မှုသည် ဘက်ကာစဒဲလ်အမည်ရှိ မြို့တစ်မြို့မှ လိုင်စင်ရ အရက်ဆိုင်တစ်ဆိုင်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သေနတ်ပစ်ခတ်မှု ကျူးလွန်သူများအဖြစ် ယူဆရသူများမှာ ၁၂ ဦးထိရှိပြီး မော်တော်ယာဉ်တစ်စီးဖြင့် လာရောက်၍ အရက်ဆိုင်အတွင်း ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် သေနတ်ပစ်ခတ်မှုအတွင်း ဒဏ်ရာရရှိသူများကို နီးစပ်ရာဆေးရုံများသို့ တင်ပို့ထားကြောင်း တောင်အာဖရိက တာဝန်ရှိသူများက ပြောကြားထားသည်။

လက်ရှိတွင် အခင်းဖြစ်ပွားရာနေရာမှ ထွက်ပြေးသွားသည့် သေနတ်သမားများကို ရှာဖွေဖမ်းဆီးရန် ရဲတပ်ဖွဲ့က ကြိုးပမ်းလျက်ရှိသည်။

တောင်အာဖရိက နိုင်ငံသည် ကမ္ဘာပေါ်၌ လူသတ်မှုဖြစ်ပွားနှုန်း အမြင့်ဆုံးနိုင်ငံများထဲတွင် ပါဝင်ပြီး တစ်ရက်လျှင် ပျမ်းမျှအားဖြင့် လူသတ်မှု ၆၀ ထိ ဖြစ်ပွားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## DiskSat ဂြိုဟ်တုလေးစင်း Rocket Lab ကုမ္ပဏီ လွှတ်တင်



**ဝါရှင်တန် ဒီဇင်ဘာ ၂၁**

အမေရိကန်စစ်ဘက် အာကာသတပ်ဖွဲ့၏ နည်းပညာစမ်းသပ် ဂြိုဟ်တုလေးစင်းကို Rocket Lab ကုမ္ပဏီက ဒီဇင်ဘာ ၁၉ ရက်တွင် လွှတ်တင်ခဲ့ကြောင်း ဒီဇင်ဘာ ၂၀ ရက် သတင်းများအရ သိရသည်။

DiskSat အမည်ရှိ အဆိုပါ စမ်းသပ်ဂြိုဟ်တုလေးစင်း သယ်ဆောင်ထားသည့် အီလက်ထရွန် ဒုံးပျံကို ဗာဂျီးနီးယားပြည်နယ် ဝေါလော့ အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် အီလက်ထရွန်ဒုံးပျံသည် DiskSat ဂြိုဟ်တုလေးစင်းကို ကမ္ဘာမြေပြင်အထက် အမြင့် ၃၄၂ မိုင်တွင်ရှိသော ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

သို့ရာတွင် DiskSat ဂြိုဟ်တုများသည် လေထုလွှာပွတ်တိုက်အားကို ခံနိုင်ရည်ရှိပြီး ကမ္ဘာမြေပြင်ထက် အမြင့် ၁၈၅ မိုင်အကွာတွင်ရှိသော ပတ်လမ်းများပေါ်တွင်လည်း ပျံသန်းနိုင်စွမ်းရှိသည်ဟု အမေရိကန် အာကာသတပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားကြောင်း သိရသည်။

DiskSat မစ်ရှင်သည် Rocket Lab ကုမ္ပဏီအတွက် ယခုနှစ်၏ အကြိမ် ၂၀ မြောက် အာကာသမစ်ရှင်ဖြစ်သည်။

အထက်ပါ မစ်ရှင်အားလုံးကို ကိုယ်ထည်အလျား ၅၉ ပေရှိ အီလက်ထရွန်ဒုံးပျံများနှင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုတစ်စင်း စနစ်ဖောက်ပြန်မှုတစ်ရပ်ကြောင့် တစ်စိတ်တစ်ပိုင်းပြိုကွဲခဲ့ရပြီး ကမ္ဘာမြေဆီသို့ ပြန်လည်ကျဆင်းနေ

**ဝါရှင်တန် ဒီဇင်ဘာ ၂၁**


အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီ၏ စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု တစ်စင်းသည် စနစ်ဖောက်ပြန်မှု တစ်ရပ်ကြောင့် တစ်စိတ်တစ်ပိုင်း ပြိုကွဲခဲ့ရပြီး ကမ္ဘာမြေဆီသို့ ပြန်လည် ကျဆင်းနေကြောင်း ဒီဇင်ဘာ ၂၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ စတားလင့်ခ်ဂြိုဟ်တုသည် ဒီဇင်ဘာ ၁၇ ရက်တွင် စနစ်များ ရုတ်တရက် ဖောက်ပြန်ပြီးနောက် တစ်စိတ်တစ်ပိုင်းပြိုကွဲခဲ့ရခြင်းဖြစ်သည်။

အထက်ပါ ဖြစ်စဉ်ကြောင့် စပေ့စ်အိတ်ကုမ္ပဏီသည် ကမ္ဘာမြေပြင်ထက် အမြင့်မိုင် ၂၆၀ တွင်ရှိနေသည့် ယင်းဂြိုဟ်တုနှင့် အဆက်အသွယ် ပြတ်တောက်ခဲ့သည်။

လက်ရှိအချိန်တွင် အထက်ပါ စတားလင့်ခ်ဂြိုဟ်တုသည် မူလပတ်လမ်းမှ ကမ္ဘာမြေဆီသို့ ပြန်လည် ကျဆင်းနေပြီဖြစ်ကြောင်း စပေ့အိတ်ကုမ္ပဏီတာဝန်ရှိသူများက ပြောကြားသည်။

အမှတ်စဉ် ၃၅၉၅၆ အမည်ရှိ အဆိုပါ စတားလင့်ခ်ဂြိုဟ်တုသည် လာမည့်သီတင်းပတ်အနည်းငယ်အတွင်း ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည်ဝင်ရောက်မည်ဖြစ်ကြောင်း သိရသည်။




စပေ့စ်အိတ်ကုမ္ပဏီ၏ စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်သည် လက်ရှိအချိန်တွင် ဂြိုဟ်တုစင်းရေ ၉၃၀၀ ကျော်ဖြင့် ဖွဲ့စည်းထားသော ဂြိုဟ်တုကွန်ရက်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## 31/ATLAS ကြယ်တံခွန်က ကမ္ဘာကို အနီးဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းခဲ့

**ဝါရှင်တန် ဒီဇင်ဘာ ၂၁**

31/ATLAS ကြယ်တံခွန်သည် ဒီဇင်ဘာ ၁၉ ရက်တွင် ကမ္ဘာဂြိုဟ်ကို အနီးဆုံးမှတ်မှတစ်ဆင့် ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း ဒီဇင်ဘာ ၂၀ ရက်သတင်းများအရသိရသည်။



အဆိုပါ ကြယ်တံခွန်သည် ဒီဇင်ဘာ ၁၉ ရက်တွင် ကမ္ဘာဂြိုဟ်ကို မိုင်ပေါင်း ၁၆၈ သန်း (ကီလိုမီတာ သန်း ၂၇၀)အကွာမှတစ်ဆင့် ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ(နာဆာ)တာဝန်ရှိသူများက ပြောကြားသည်။

31/ATLAS ကြယ်တံခွန်သည် ကမ္ဘာမြေကို အနီးဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းခဲ့ပြီးနောက် နေအဖွဲ့အစည်းထဲမှ စတင်ထွက်ခွာတော့မည်ဖြစ်သည်။

31/ATLAS ကြယ်တံခွန်သည် နေအဖွဲ့အစည်းအတွင်းသို့ ဝင်ရောက်လာမည့် တတိယမြောက် ကြယ်တာရာ ဟင်းလင်းပြင်ဖြတ် အာကာသ ဒြပ်ထည်ဖြစ်သည်။

31/ATLAS ကြယ်တံခွန်ကို နာဆာ၏ အက်တလပ်ဂြိုဟ်သိမ်ထောက်လှမ်းရေးစနစ်က ယခုနှစ် ဇူလိုင် ၁ ရက်တွင် စတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကြယ်တံခွန်သည် အောက်တိုဘာ ၂၉ ရက်တွင် နေကို အနီးဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## သက်ကြီးပိုင်းများကြား အယ်ဇိုင်းမားရောဂါဖြစ်ပွားမှု မျှော်လင့်ထားသည်ထက် ပို၍မြင့်မားနေ

**လန်ဒန် ဒီဇင်ဘာ ၂၁**

အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးပိုင်းများကြား အယ်ဇိုင်းမားရောဂါဖြစ်ပွားမှုနှုန်းသည် မျှော်လင့်ထားသည်ထက် ပို၍မြင့်မားနေ ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ဒီဇင်ဘာ ၂၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဗြိတိန်နိုင်ငံ လန်ဒန်ဘုရင့်ကောလိပ်မှ သုတေသနပညာရှင်များဦးဆောင်သည့် နိုင်ငံတကာ သုတေသနပညာရှင်များသည် ပျမ်းမျှ အသက် ၆၀ ဝန်းကျင်ရှိ လူပေါင်း ၁၁၀၀၀ ကျော်တို့မှ သွေးနမူနာများကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ သက်ကြီးပိုင်းများကြား အယ်ဇိုင်းမားရောဂါဖြစ်ပွားနှုန်းမှာ မျှော်လင့်ထားသည်ထက် ပိုမြင့်မားနေသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် လူငယ်များကြား အယ်ဇိုင်းမားရောဂါဖြစ်ပွားမှုနှုန်းမှာမူ မျှော်လင့်ထားသည်ထက် ပိုနည်းပါးကြောင်း သိရသည်။

ထို့ပြင် မိမိတို့၏လေ့လာချက်အရ အသက် ၆၅ နှစ်နှင့် ၆၉ နှစ်ကြားရှိသူများတွင် အယ်ဇိုင်းမားရောဂါဖြစ်ပွားမှုနှုန်းမှာ ရှစ်ရာခိုင်နှုန်းခန့်သာရှိသော်လည်း အသက် ၈၅ နှစ်နှင့်အထက်ရှိသူများကြား ဖြစ်ပွားနှုန်းမှာ ၆၅ ဒသမ ၂ ရာခိုင်နှုန်းထိရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**

## အဆီဓာတ်ပါဝင်မှုမြင့်မားသော ဒိန်ခဲစားသုံးပါက Dementiaရောဂါဖြစ်နိုင်ခြေ လျှော့ချပေးနိုင်

**စတော့ဟုမ်း ဒီဇင်ဘာ ၂၁**

အဆီဓာတ် ပါဝင်မှုမြင့်မားသော ဒိန်ခဲနှင့်နို့မလိုင်များစားသုံးပါက ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေကို လျှော့ချနိုင်သည်ဟု ဒီဇင်ဘာ ၂၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။


မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အဆီဓာတ်ပါဝင်မှုမြင့်မားသည့် နို့အခြေခံ စားသောက်ကုန်အချို့နှင့် Dementia ရောဂါဖြစ်ပွားနိုင်ခြေ ကျဆင်းမှုတို့ကြား ဆက်စပ်မှုရှိနေသည်ကို တွေ့ရကြောင်း ဆွီဒင်နိုင်ငံ လန်းတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ဆွီဒင် သုတေသနပညာရှင်များသည် ပျမ်းမျှအသက် ၆၀ ဝန်းကျင်ရှိ လူပေါင်း ၂၇၇၀၀ ဦးတို့၏ နို့အခြေခံအစားအစာများ စားသောက်မှုပုံစံနှင့် ဦးနှောက်ကျန်းမာရေးအခြေအနေများကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ အဆီဓာတ်ပါဝင်မှုမြင့်မားသည့် ဒိန်ခဲကို တစ်ရက်လျှင် ဂရမ် ၅၀ နှင့်အထက် စားသုံးသူများသည် ထိုမျှလောက်မစားသူများနှင့်နှိုင်းယှဉ်ပါက Dementia ရောဂါဖြစ်နိုင်ခြေ ၁၃ ရာခိုင်နှုန်း ပိုနည်းပါးသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် အဆီဓာတ်ပါဝင်မှုမြင့်မားသည့် ဒိန်ခဲများ ပုံမှန်စားသုံးခြင်းဖြင့် ဦးနှောက်ထဲသို့ သွေးဝင်ရောက်မှု ကျဆင်းလာခြင်းကြောင့် ဖြစ်ပွားတတ်သည့် Vascular Dementia ခေါ် Dementia ရောဂါပုံစံတစ်မျိုး ဖြစ်ပွားနိုင်ခြေလည်း မြင့်တက်လာနိုင်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# စီရော်နယ်ဒို၏ ပရီးမီးယားလိဂ် သွင်းဂိုးစံချိန်ကို မန်စီးတီးတိုက်စစ်မှူး ဟာလန်း ကျော်ဖြတ်

မန်ချက်စတာ ဒီဇင်ဘာ ၂၂

မန်စီးတီးအသင်း တိုက်စစ်မှူး ဟာလန်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇)အဖြစ် ကစားခဲ့သည့် မန်စီးတီးအသင်းက ဝက်စ်ဟမ်းအသင်းကို အနိုင်ရခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး နှစ်ဂိုး သွင်းယူခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် မန်ယူအသင်း ကစားသမားဟောင်း စီရော်နယ်ဒို၏ သွင်းဂိုးစံချိန်ကို ကျော်ဖြတ်ခဲ့ကြောင်း One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။




မန်စီးတီးအသင်းက ဝက်စ်ဟမ်းအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ဟာလန်းက ပွဲချိန် ငါးမိနစ်နှင့် ၆၉ မိနစ်တို့တွင် အသင်းအတွက် သွင်းဂိုး နှစ်ဂိုး သွင်းယူခဲ့ပြီး ပထမဂိုး သွင်းယူပြီးချိန်တွင် စီရော်နယ်ဒို၏ သွင်းဂိုးစံချိန်ကို လိုက်မီခဲ့ခြင်းဖြစ်ကာ ဒုတိယဂိုး ထပ်မံသွင်းယူပြီးချိန်တွင် တစ်ဂိုးအသာဖြင့် ကျော်ဖြတ်ခဲ့ခြင်း ဖြစ်သည်။

မန်ယူအသင်း ကစားသမားဟောင်း စီရော်နယ်ဒိုသည် မန်ယူအသင်းတွင် ၂၀၀၃ ခုနှစ်မှ ၂၀၀၉ ခုနှစ်ထိ ပထမအကြိမ်၊ ၂၀၂၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်ထိ ဒုတိယအကြိမ် ကစားခဲ့ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် သွင်းဂိုး ၁၀၃ ဂိုးသွင်းယူခဲ့ခြင်း ဖြစ်ပြီး ယခုအခါ ဟာလန်းက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် သွင်းဂိုး ၁၀၄ ဂိုး ရှိလာခဲ့သဖြင့် စီရော်နယ်ဒို၏ ပရီးမီးယားလိဂ်သွင်းဂိုးစံချိန်ကို ကျော်ဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

စီရော်နယ်ဒိုသည် မန်ယူအသင်းနှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၂၃၆ ပွဲ ကစားခဲ့ပြီး ၁၀၃ ဂိုး သွင်းယူနိုင်ခဲ့ကာ ဟာလန်းက ၁၁၄ ပွဲ ကစားခဲ့ပြီး ၁၀၄ ဂိုးရှိလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : One Football

Trs : STA

# စပါးအသင်းနှင့်ပွဲစဉ်တွင် တိုက်စစ်မှူးအီဆက် ဒူးဒဏ်ရာရရှိခဲ့ကြောင်း လီဗာပူးအသင်းထုတ်ပြန်

လန်ဒန် ဒီဇင်ဘာ ၂၂

စပါးအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် လီဗာပူးအသင်းမှ တိုက်စစ်မှူးအီဆက် ဒူးဒဏ်ရာရရှိခဲ့ကြောင်း လီဗာပူးအသင်းက ထုတ်ပြန်ခဲ့သည်ဟု Espn သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

လီဗာပူးအသင်းသည် အီကီတီကီ၊ အီဆက်တို့၏ သွင်းဂိုးများဖြင့် စပါးအသင်းကို အနိုင်ရခဲ့ပြီး ပြိုင်ပွဲစုံ သုံးပွဲဆက် ပြန်လည်အနိုင်ရခဲ့ခြင်းဖြစ်သည်။

ယင်းပွဲစဉ်တွင် အီဆက်သည် အရန်ကစားသမားအဖြစ် ပါဝင်ခဲ့ရကာ ပထမပိုင်းတွင် နှစ်သင်းလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ဂိုးမရှိ သရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင် လီဗာပူးသင်းက ခံစစ်ကစားသမား ဘရက်ဒလေနေရာတွင် အီဆက်ကို ထည့်သွင်းခဲ့ပြီး တိုက်စစ်ပိုင်းမြှင့်တင်ခဲ့ကာ ပွဲချိန် ၅၆ မိနစ်တွင် အီဆက်က ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပွဲကစားချိန် မိနစ် ၆၀ တွင် စပါးအသင်း ခံစစ်သမား ဗန်ဒီဗန်၏ ဖြတ်ထုတ်ပုံကြမ်းတမ်းမှုကြောင့် ဒူးဒဏ်ရာရရှိခဲ့သဖြင့် လာမည့်ပွဲစဉ်များကို လွဲချော်မည် ဖြစ်ကြောင်း လီဗာပူးအသင်းက ထုတ်ပြန်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် အနိုင်ရခဲ့သည့် လီဗာပူးအသင်းသည် အမှတ်ပေးပြိုင်ပွဲ ၁၇ ပွဲကစားအပြီးတွင် ရမှတ် ၂၉ မှတ် ရရှိထားကာ အမှတ်ပေးဇယား အဆင့်(၅)နေရာ၌ ရပ်တည်ထားကြောင်း သိရသည်။

Ref : Espn

Trs : ML



# စပါးအသင်းသမိုင်းတစ်လျှောက် တစ်နှစ်အတွင်း အိမ်ကွင်း ရှုံးပွဲအများဆုံးနှစ်အဖြစ် မှတ်တမ်းဝင်

လန်ဒန် ဒီဇင်ဘာ ၂၂

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇)အဖြစ်ကစားခဲ့သည့် စပါးအသင်းနှင့် လီဗာပူးအသင်းတို့ ပွဲစဉ်တွင် စပါးအသင်းသည် နှစ်ဂိုး တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့ပြီး အသင်းသမိုင်း တစ်လျှောက် တစ်နှစ်အတွင်း အိမ်ကွင်း ရှုံးပွဲအများဆုံးနှစ်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း TNT Sports သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

စပါးအသင်းသည် အိမ်ကွင်းတွင် လီဗာပူးအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့ပြီး အသင်းသမိုင်း တစ်လျှောက် စံချိန်တင်အိမ်ကွင်း ရလဒ်ဆိုးနှင့် ကြုံတွေ့ခဲ့ရသည့်အပြင် ရှိမိုးနှင့် ဆိုင်မွန်တို့သည်လည်း အနီကတ်ပြသခံရသည်ထိ အခြေအနေ ဆိုးရွားခဲ့ခြင်းဖြစ်သည်။

စပါးအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီအကုန်တွင် နည်းပြ ပိုစတီနိုကိုဂလူနှင့် လမ်းခွဲခဲ့ပြီးနောက် နည်းပြသစ်အဖြစ် ဘရန့်ဖို့ဒ်အသင်းနည်းပြ ဖရန့်ကို ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

သို့သော် စပါးအသင်းသည် ယခုနှစ် ဘောလုံးရာသီ နည်းပြ ဖရန့် လက်အောက်တွင်လည်း ရလဒ်များဆိုးရွားနေပြီး လီဗာပူးအသင်းကို အိမ်ကွင်းတွင် နှစ်ဂိုး တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့ပြီး ယခုနှစ်အတွင်း အိမ်ကွင်း ရှုံးပွဲ ၁၁ ပွဲထိ ရှိလာခဲ့သဖြင့် အသင်းသမိုင်းတစ်လျှောက် တစ်နှစ်အတွင်း အိမ်ကွင်းရှုံးပွဲ အများဆုံးနှစ်အဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

စပါးအသင်းသည် လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ၁၇ ပွဲတွင် ခြောက်ပွဲသာအနိုင်ရရှိခဲ့ကာ လေးပွဲ သရေနှင့် ခုနစ်ပွဲ ရှုံးနိမ့်ခဲ့ပြီးရမှတ် ၂၂ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၁၃) နေရာ၌ သာရပ်တည်နေပြီး အိမ်ကွင်း ကိုးပွဲတွင်လည်းနှစ်ပွဲနိုင်၊ နှစ်ပွဲ သရေ၊ ငါးပွဲထိ ရှုံးနိမ့်ထားကြောင်း သိရသည်။

Ref : TNT Sports

Trs : STA

# RTE Sportsperson of the Year 2025 ဆုကို မက်အီရွိုင်း ဆွတ်ခူး

ဒဗ္ဗလင် ဒီဇင်ဘာ ၂၂

အိုင်ယာလန်နိုင်ငံ၏ နာမည်ကြီး သတင်းဌာနဖြစ်သည့် RTE သတင်းဌာနက၂၀၂၅ ခုနှစ်အတွက် တစ်နှစ်တာ စွမ်းဆောင်ရည်အမြင့်ဆုံး ကစားသမားကို ရွေးချယ်ချီးမြှင့်ပေးသည့် RTE Sportsperson of the Year 2025 ဆုကို မြောက်အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား မက်အီရွိုင်းက ဆွတ်ခူးခဲ့ကြောင်း RTE သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



မက်အီရွိုင်းသည် ၂၀၂၅ ခုနှစ် ဂေါက်သီးရိုက်ရာသီတွင် ကမ္ဘာ့အဆင့်(၂)နေရာဖြင့်သာ အဆုံးသတ်နိုင်ခဲ့သော်လည်း အဓိက ဆုဖလားများကို ဆွတ်ခူးခဲ့ပြီး ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲများတွင်လည်း အားကစားစိတ်ဓာတ် ပြည့်ဝစွာဖြင့် ယှဉ်ပြိုင်ခဲ့သူ ဖြစ်သည်။

မက်အီရွိုင်းသည် ၂၀၂၅ ခုနှစ် ဂေါက်သီးရိုက်ရာသီအတွင်း PGA Tour ပြိုင်ပွဲအမျိုးအစားတွင် ဆုဖလား နှစ်လုံးဆွတ်ခူးခဲ့ပြီး Irish Open တင်းနစ်ဆုဖလား အပါအဝင် DP World Tour ပြိုင်ပွဲအမျိုးအစားတွင် ဆုဖလားနှစ်လုံး ဆွတ်ခူးခဲ့သည်။

RTE သတင်းဌာနက ဆုရွေးချယ်ရေးဘုတ်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက “၂၀၂၅ ခုနှစ်အတွင်း စွမ်းဆောင်ရည်အမြင့်ဆုံး ကစားသမားတွေကို ရွေးချယ်ပြီးတော့ ချီးမြှင့်ပေးတဲ့ ဆုတစ်ဆုဖြစ်ပါတယ်။ အားကစားကဏ္ဍအသီးသီးမှာ စွမ်းဆောင်ရည်မြင့်မားခဲ့တဲ့ ကစားသမားတွေ အများကြီးရှိပါတယ်။ ဒီထဲကနေ ဘုတ်အဖွဲ့ဝင်တွေ သေချာစိစစ်ရွေးချယ်ခဲ့ပြီးတော့အထိုက်တန်ဆုံးကစားသမားကို ရွေးချယ်ခဲ့ခြင်းဖြစ်ပါတယ်။ RTE Sportsperson of the Year 2025 ဆုအတွက် အထိုက်တန်ဆုံး ကစားသမားဟာ မက်အီရွိုင်းပဲဖြစ်ပါတယ်။ မက်အီရွိုင်းအနေနဲ့ ဒီဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့ခြင်း ဖြစ်ပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RTE

Trs : AZL

## အားကစားသတင်းအတိုအထွာများ

- ဘိုင်ယန်မြူးနစ်အသင်းက မန်ယူအသင်း ကွင်းလယ်ကစားသမားဘရူနိုဖာနန်ဒက်ကို ပြောင်းရွှေ့ကြေး ယူရို သန်း ၅၀ ဖြင့် ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။
- မိုနာကိုအသင်းက ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အသင်းဘဏ္ဍာငွေ တိုးတက်ရေးအတွက် အသက် ၂၃ နှစ်ရှိ ကွင်းလယ်ကစားသမား အာလီအိုချီကို ယူရိုသန်း ၆၀ ဝန်းကျင်ဖြင့် ရောင်းချရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။
- ဘာစီလိုနာအသင်းက နည်းပြဖလစ်ကို လာမည့် ၂၀၂၈ ခုနှစ်ထိ စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်းလာသောကြောင့် နည်းပြအနေဖြင့် အသင်းနှင့် ဆက်လက် လက်တွဲရန် ဆုံးဖြတ်ထားကြောင်း သိရသည်။
- အေဗီလာအသင်းနှင့်ပွဲစဉ်တွင် မန်ယူအသင်း ကွင်းလယ်ကစားသမား မိုင်နူးအနေဖြင့် ဒဏ်ရာကြောင့် ကစားသမားစာရင်း၌ ပါဝင်လာခြင်းမရှိကြောင်း သိရသည်။ ML

# ရီးရဲလ်မက်ဒရစ်အသင်းသမိုင်းတစ်လျှောက် တစ်နှစ်အတွင်း သွင်းဂိုးအများဆုံးကစားသမားစံချိန်ကို အမ်ဘက်ပီ လိုက်မီနိုင်ခဲ့




**မက်ဒရစ် ဒီဇင်ဘာ ၂၁**

ရီးရဲလ်မက်ဒရစ် အသင်း တိုက်စစ်မှူး အမ်ဘက်ပီသည် ရီးရဲလ်မက်ဒရစ် အသင်းနှင့် ဆီဗီလာအသင်းတို့ ကစားခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး နှစ်ဂိုး သွင်းယူခဲ့ပြီး အသင်းသမိုင်း တစ်လျှောက် တစ်နှစ်အတွင်း သွင်းဂိုးအများဆုံး ကစားသမား အဖြစ် ရပ်တည်နေသည့် စီရော်နယ်ဒို၏ သွင်းဂိုးစံချိန်ကို လိုက်မီခဲ့ကြောင်း Marca သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရီးရဲလ်မက်ဒရစ် အသင်းက ဆီဗီလာအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် အမ်ဘက်ပီသည် ပွဲချိန် ၈၆ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူခဲ့ပြီးနောက် စီရော်နယ်ဒို၏စံချိန်ကို လိုက်မီနိုင်ခဲ့ခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်း သမိုင်းတစ်လျှောက် တစ်နှစ်အတွင်း ပြိုင်ပွဲစုံ သွင်းဂိုးအများဆုံး ကစားသမားအဖြစ် စီရော်နယ်ဒိုက၂၀၁၃ ခုနှစ်တွင် ၅၉ ဂိုးထိသွင်းယူခဲ့ပြီး စံချိန်တင်ထားကာ ယခုနှစ်တွင် အမ်ဘက်ပီက ၅၉ ဂိုးထိ ရှိလာခဲ့ပြီးနောက် စီရော်နယ်ဒိုတင်ထားခဲ့သည့် စံချိန်မှတ်တမ်းကောင်းတစ်ရပ်ကို လိုက်မီနိုင်ခဲ့ခြင်းဖြစ်သည်။

အမ်ဘက်ပီသည် ယခုနှစ် ဘောလုံးရာသီ စပိန်လာလီဂါ ပြိုင်ပွဲ ၁၈ ပွဲတွင် ၁၈ ဂိုး သွင်းယူထားပြီး သွင်းဂိုးအများဆုံး ကစားသမားစာရင်းတွင် ထိပ်ဆုံး၌ ရပ်တည်နေကြောင်း သိရသည်။

Ref : Marca

Trs : STA

# ဘာစီလိုနာဂိုးသမား တာစတီဂျန်ကို ဂျီရိုနာအသင်းနှင့် အေဗီလာအသင်းတို့ ခေါ်ယူရန် အပြိုင်ကြိုးပမ်းနေ

**မက်ဒရစ် ဒီဇင်ဘာ ၂၁**

ဂျီရိုနာအသင်းနှင့် အေဗီလာအသင်းတို့က လာမည့် ဇန်နဝါရီ ကစားသမား အပြောင်းအရွှေ့ ကာလတွင် ဘာစီလိုနာအသင်းမှ ထွက်ခွာရန် ပြင်ဆင်နေသည့် ဂိုးသမားတာစတီဂျန်ကို ခေါ်ယူရန် အပြိုင်ကြိုးပမ်းနေကြောင်း Marca သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၃ နှစ်ရှိ ဂိုးသမား တာစတီဂျန်သည် ယခုနှစ်ဘောလုံးရာသီတွင် ပွဲကစားခွင့်များနည်းပါးလာသောကြောင့် လာမည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ ကာလတွင် အသင်းမှထွက်ခွာရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ဂိုးသမား တာစတီဂျန်သည် ပြီးခဲ့သည့် ဘောလုံးရာသီကလည်း နည်းပြဖလစ် လက်အောက်တွင် ပွဲကစားခွင့်များ နည်းပါးခဲ့ကာ တစ်ရာသီလုံး ကိုးပွဲသာ ပါဝင်ကစားခဲ့ပြီး ယခုနှစ်ဘောလုံးရာသီတွင်လည်း ရာသီဝက်ကာလနီးကပ်လာသည်ထိ တစ်ပွဲသာပါဝင်ကစားခွင့်ရထားခြင်းဖြစ်သည်။

အေဗီလာအသင်းက ဂိုးသမား မာတီနက်အနေဖြင့် အသင်းမှ ထွက်ခွာရန် နီးစပ်နေသည့်အတွက် ဂိုးသမား တာစတီဂျန်နှင့် ပြန်လည်အစားထိုးရန် ပြင်ဆင်နေသကဲ့သို့ ဂျီရိုနာအသင်းကလည်း အေဗီလာအသင်းနှင့် အပြိုင် ခေါ်ယူ ရန် ကြိုးပမ်းနေကြောင်း သိရသည်။

Ref : Marca

Trs : STA



# ပရီးမီးယားလိဂ်သမိုင်းတစ်လျှောက် ရာသီအစ ၁၇ ပွဲဆက် နိုင်ပွဲမရရှိသည့် ရှက်ဖီးလ်ယူနိုက်တက်အသင်း၏ မှတ်တမ်းဆိုးကို ဝုဗ်အသင်းလိုက်မီ

**လန်ဒန် ဒီဇင်ဘာ ၂၁**

ဝုဗ်အသင်းသည် ပရီးမီးယားလိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၇)အဖြစ်ကစားခဲ့သည့် ဘရန့်ဖို့ဒ်အသင်းနှင့်ပွဲစဉ်တွင် နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး ပြိုင်ပွဲသမိုင်းတစ်လျှောက် ရာသီအစ ၁၇ ပွဲဆက် နိုင်ပွဲမရရှိခဲ့သည့် ရှက်ဖီးလ်ယူနိုက်တက် အသင်း၏ စံချိန်မှတ်တမ်းဆိုး တစ်ရပ်ကို လိုက်မီခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဝုဗ်အသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် ရာသီအစပိုင်းကတည်းက ရလဒ်များဆက်တိုက် ဆိုးရွားနေသဖြင့် နည်းပြအပြောင်းအလဲလုပ်ဆောင်ခဲ့ကာ နည်းပြ ပါရဲရားကို ထုတ်ပယ်ခဲ့ပြီး အက်ဝပ်ကိုခန့်အပ်ခဲ့သော်လည်း အသင်း အနေဖြင့် ရလဒ်များ တိုးတက်လာခြင်းမရှိခဲ့ဘဲ ဆက်လက် ရုန်းကန်နေရခြင်း ဖြစ်ကြောင်း သိရသည်။

ဝုဗ်အသင်းသည် ယခုနှစ် ဘောလုံးရာသီ ပရီးမီးယားလိဂ် ပြိုင်ပွဲ ၁၇ ပွဲ ကစားပြီးချိန်တွင် နိုင်ပွဲပျောက်ဆုံးနေပြီး နှစ်ပွဲသရေနှင့် ၁၅ ပွဲ ရှုံးနိမ့်ခဲ့ပြီးနောက် ရှက်ဖီးလ်ယူနိုက်တက် အသင်း၏ မှတ်တမ်းဆိုးကို လိုက်မီခဲ့ခြင်း ဖြစ်သည်။

ပရီးမီးယားလိဂ် ပြိုင်ပွဲတွင် ၂၀၂၀- ၂၀၂၁ ဘောလုံးရာသီက ရှက်ဖီးလ်ယူနိုက်တက် အသင်းသည်ရာသီအစ ၁၇ ပွဲဆက် နိုင်ပွဲမရရှိဘဲ ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် ၁၇ ပွဲဆက် နိုင်ပွဲမရရှိခဲ့သည့် ပထမဆုံးအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ယခုအခါ ဝုဗ်အသင်းက ဒုတိယမြောက် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပထမဆုံးအကြိမ် Fan Zone သတ်မှတ်ကာ လက်မှတ်ရောင်းချသွားမည်

**ဝါရှင်တန် ဒီဇင်ဘာ ၂၁**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြိုင်ပွဲသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် Fan Zone သတ်မှတ်ကာ လက်မှတ်ရောင်းချမှုများ လုပ်ဆောင်သွားမည် ဖြစ်ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်က အမေရိကန်၊ ကနေဒါ၊ မက္ကဆီကိုတို့က သုံးနိုင်ငံ ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပမည့် ၂၀၂၆ ကမ္ဘာ့ဖလား ပြိုင်ပွဲတွင် လက်မှတ်ခဈေးနှုန်းများ များစွာမြင့်တင်သတ်မှတ်မှုကြောင့် ဝေဖန်ခံနေရသည့်အချိန်တွင် ယခုအခါ Fan Zone သတ်မှတ်ကာ ပရိသတ်များအား လက်မှတ် ရောင်းချသွားမည်ဖြစ်သည်။

ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်က Fan Zone ကို ကွင်းအတွင်း ဝင်ရောက် ကြည့်ရှုနိုင်ခြင်းမရှိသည့် ပရိသတ်များအတွက် ကွင်းပြင်ပတစ်နေရာတွင် နေရာကန့်သတ်ကာ ကြီးမားသည့် LED ဘုတ်ဖြင့် တိုက်ရိုက်ပြသသွားမည်ဖြစ်ပြီး အဆိုပါ Fan Zone အတွက်လည်း လက်မှတ်များကို ရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် Fan Zone အဖြစ် လက်မှတ်ရောင်းချခြင်း မရှိခဲ့ဘဲ လာမည့် ၂၀၂၆ ပြိုင်ပွဲမှသာ ပထမဆုံးအကြိမ်အဖြစ် စတင် လုပ်ဆောင်သွားမည်ဖြစ်သည်။

ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်က လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဆုကြေးငွေများ တိုးမြှင့်ထားမှုနှင့်အတူ ကုန်ကျစရိတ်များပြားနေသဖြင့် ပြန်လည်ကာမိစေရန် လုပ်ဆောင်နေပြီး Fan Zone သတ်မှတ်ကာ ဝင်ငွေရှာရန်လည်း ကြိုးပမ်းနေကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# Forbes မဂ္ဂဇင်း၏ ၂၀၂၄ ခုနှစ် ဝင်ငွေအများဆုံး အားကစားမယ်များစာရင်းတွင် တင်းနစ်မယ် ကိုကိုဂတ်ဖ်က နံပါတ်(၁) နေရာ၌ ရပ်တည်နေ

**နယူးဂျာစီ ဒီဇင်ဘာ ၂၁**

အမေရိကန်နိုင်ငံ နယူးဂျာစီ ပြည်နယ်တွင် အခြေစိုက်သည့် Forbes မဂ္ဂဇင်းက ၂၀၂၄ ခုနှစ်အတွင်း တစ်နှစ်တာဝင်ငွေ အများဆုံး အားကစားမယ်ကို စိစစ်ရွေးချယ်ခဲ့ရာ အမေရိကန် တင်းနစ်မယ် ကိုကိုဂတ်ဖ်က ဝင်ငွေအများဆုံး အားကစားမယ် စာရင်းတွင် နံပါတ်(၁)နေရာ၌ ရပ်တည်ခဲ့ကြောင်း Forbes မဂ္ဂဇင်းက ယနေ့တွင် ဖော်ပြခဲ့သည်။




အသက် ၂၀ နှစ်သာရှိသေးသည့် ကိုကိုဂတ်ဖ်သည် ၂၀၂၄ ခုနှစ်အတွင်း တင်းနစ်ပြိုင်ပွဲများတွင် ရရှိခဲ့သော အောင်မြင်မှုများအပြင် ဖက်ရှင်ကုမ္ပဏီများနှင့် ကုန်ပစ္စည်းကြော်ငြာများမှရရှိခဲ့သော စုစုပေါင်း ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၃၃ မီလီယံထိ ရှိခဲ့ကြောင်းလည်း Forbes မဂ္ဂဇင်းက အသေးစိတ် ဖော်ပြခဲ့သည်။

ကိုကိုဂတ်ဖ်သည် တင်းနစ်ပြိုင်ပွဲများမှရရှိခဲ့သော ဆုကြေးငွေမှာ အမေရိကန်ဒေါ်လာ ရှစ်သန်းရှိခဲ့ပြီး စပွန်ဆာကဏ္ဍမှ အမေရိကန်ဒေါ်လာ ၂၅ သန်းထိ ရရှိခဲ့သည်။

ကိုကိုဂတ်ဖ်၏ နောက်တွင် ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ် ဆာဘာလင်ကာက ဝင်ငွေအများဆုံး ဒုတိယနေရာ၌ ရပ်တည်ခဲ့ကာ ၂၀၂၄ ခုနှစ်အတွင်း အောင်မြင်မှုအများဆုံး ဆွတ်ခူးခဲ့သည့် တင်းနစ်မယ်တစ်ဦးဖြစ်ပြီး ဝင်ငွေစုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၃၀ ထိ ရရှိခဲ့ကြောင်းလည်း သိရသည်။

ဂရန်းစလန်းဆုဖလား ခြောက်လုံးထိ ဆွတ်ခူးထားသော စဝီယာတက်ခ်သည် စုစုပေါင်း ဝင်ငွေ ၂၅ ဒသမ ၁ သန်းဖြင့် ဝင်ငွေအများဆုံး အားကစားမယ်များ စာရင်းတွင် အဆင့်(၃)နေရာ၌ ရပ်တည်ခဲ့ကြောင်း သိရသည်။

Ref : Forbes

Trs : AZL

# လူတို့၏ကျန်းမာရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်း

နေလင်းသူ

လူသားတို့နေထိုင်ရာ ကမ္ဘာမြေကြီးသည် ကြီးမားသောဂေဟစနစ်တစ်ခုဖြစ်ပြီး သစ်ပင်၊ ရေ၊ မြေ၊ လေနှင့် လူသားတို့သည် ခွဲခြား၍မရသည့်အရာများဖြစ်သည်။ ပြည်သူ့ကျန်းမာရေးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးသည် သီးခြားကဏ္ဍများအဖြစ် မြင်တွေ့ရသော်လည်း လက်တွေ့တွင် ၎င်းတို့သည် အပြန်အလှန်ဆက်စပ်နေသည့်ကိစ္စရပ်များဖြစ်သည်။ သန့်ရှင်းသောလေ၊ သန့်ရှင်းသောသောက်သုံးရေနှင့် မြေဆီသြဇာကောင်းသောမြေတို့သည် လူသားတို့၏ကျန်းမာရေးအတွက် အခြေခံအာမခံချက်များဖြစ်သည်။ ကျန်းမာသောပတ်ဝန်းကျင်သည် ကျန်းမာသောလူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးပြီး၊ ထိုလူ့ဘောင်အဖွဲ့အစည်းကသာ နိုင်ငံတော်၏အနာဂတ်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

ယနေ့ ကမ္ဘာပေါ်တွင် လူဦးရေတိုးတက်များပြားလာခြင်းနှင့်အတူ နည်းပညာနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများပြားလာသည့်အတွက် ရာသီဥတုများသည် ဖောက်ပြန်လာလျက်ရှိသည်။ ထို့ပြင် သဘာဝသယံဇာတများကို အလွန်အကျွံထုတ်ယူသုံးစွဲလာခြင်းကြောင့် ဂေဟစနစ်များ ပျက်စီးယိုယွင်းလာပြီး ဇီဝမျိုးစုံမျိုးကွဲများ တဖြည်းဖြည်း မျိုးသုဉ်းပျောက်ကွယ်လာနေပြီဖြစ်သည်။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းလုံး၌ မြို့ပြနှင့် စက်ရုံ၊ အလုပ်ရုံများမှ စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်မှုမရှိသည့်အတွက် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းစေသည့် ပြဿနာများ ရင်ဆိုင်နေရသည်။ စွန့်ပစ်ပစ္စည်းများထဲတွင် ပလတ်စတစ်စွန့်ပစ်အမှိုက်များသည် နေ့စဉ်နှင့်အမျှများပြားလာပြီး သဘာဝပတ်ဝန်းကျင်ညစ်ညမ်းခြင်း၏ အဓိကစိန်ခေါ်မှုတစ်ရပ်ကဲ့သို့ဖြစ်လာနေပြီဖြစ်သည်။ လူသားအားလုံးကျန်းမာရေးနှင့် သက်ရှိသတ္တဝါများ ရှင်သန်ရပ်တည်ရေး၊ ရေရှည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့အပေါ် များစွာခြိမ်းခြောက်လာနေသည်ကို သတိပြုကြရမည်ဖြစ်သည်။

သစ်တောပြုန်းတီးမှု၊ စက်မှုလုပ်ငန်းများမှ စွန့်ပစ်ပစ္စည်းများနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုတို့မှ ဖြစ်ပေါ်လာသည့် ပတ်ဝန်းကျင်ယိုယွင်းမှုများသည် လူသားတို့၏ကျန်းမာရေးကို နည်းလမ်းမျိုးစုံဖြင့် တိုက်ခိုက်လျက်ရှိသည်။

လူသားတို့ အသက်ရှင်သန်ရန်အတွက် မရှိမဖြစ်လိုအပ်သည့်အရာမှာ သန့်ရှင်းသောလေပင်ဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏အဆိုအရ လူအများစု သေဆုံးရခြင်း၏အကြောင်းရင်းများထဲတွင် လေထုညစ်ညမ်းမှုသည် အဓိကနေရာမှ ပါဝင်နေသည်။ လေထုထဲတွင်မျောပါနေသော မီးခိုး၊ ဖုန်မှုန့်နှင့် ဓာတုအကြွင်းအကျန် အမှုန်အမွှားများသည် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် အဆုတ်အတွင်းသို့သာမက သွေးကြောများထဲသို့ပါ ဝင်ရောက်နိုင်သည်။ စက်ရုံများ၊ ယာဉ်များမှထွက်သည့် မီးခိုးနှင့် စိုက်ပျိုးရေးမှစွန့်ပစ်သော ဓာတုပစ္စည်းများသည် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည်။ ထို့ပြင် တောင်ယာခုတ်ခြင်း၊ သစ်တောများ မီးရှို့ခြင်းနှင့် မြို့ပြများမှ အမှိုက်မီးရှို့ခြင်းတို့ကြောင့် လေထုထဲတွင် ဖုန်မှုန့်နှင့် အမှုန်အမွှားများ တိုးလာစေသည်။ လေထုညစ်ညမ်းမှုများကြောင့် အဆုတ်ကင်ဆာ၊ ပန်းနာရင်ကျပ်၊ နှာတာရှည်လေပြွန်ရောင်ရမ်းခြင်းကဲ့သို့သော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကို ဖြစ်ပွားစေသည်။ အထူးသဖြင့် ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများသည် လေထုညစ်ညမ်းမှု၏ဒဏ်ကို ပိုမိုခံစားကြရသည်။

လူ့ခန္ဓာကိုယ်၏ ၇၀ ရာခိုင်နှုန်းခန့်သည် ရေဓာတ်ဖြင့် ဖွဲ့စည်းထားသည်။ သောက်သုံးရေ၏ အရည်အသွေးသည် ကျန်းမာရေးအတွက် ဒုတိယအရေးအကြီးဆုံးအချက်ဖြစ်သည်။ စက်မှုလုပ်ငန်းများ ထွန်းကားလာခြင်းကြောင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်များတွင် စက်မှုစွန့်ပစ်ရေများ၊ စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးများနှင့် မြို့ပြအညစ်အကြေးများ၊ စွန့်ပစ်ခြင်းများကြောင့် သောက်သုံးရေညစ်ညမ်းမှုကိုဖြစ်ပေါ်စေသည်။ ညစ်ညမ်းသောရေကို သောက်သုံးခြင်းကြောင့် ဝမ်းရောဂါ၊ ကာလဝမ်းရောဂါ၊ အသည်းရောင်အသားဝါရောဂါကဲ့သို့သော ရောဂါများဖြစ်ပွားစေပြီး ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကျန်းမာရေးဆိုင်ရာ အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည်။ ထို့ပြင် စက်မှုလုပ်ငန်းများမှ စွန့်ပစ်ပစ္စည်းများရှိသတ္တုဓာတ်များသည် ရေထဲမှတစ်ဆင့် လူ့ခန္ဓာကိုယ်ထဲသို့ ရောက်ရှိကာ ကျောက်ကပ်နှင့် ဦးနှောက်ကိုအန္တရာယ်ဖြစ်စေနိုင်သည်။

ထို့ပြင် ပလတ်စတစ်များသည် မြေကြီးထဲတွင် ရာစုနှစ်ချီ၍ မပျက်မစီး ကျန်ရှိနေနိုင်သည်။ အချိန်ကြာလာသည်နှင့်အမျှ ၎င်းတို့သည် နေရောင်ခြည်၊ ရေ၊ လေတိုက်စားမှုတို့ကြောင့် အလွန်သေးငယ်သည့် အမှုန်အမွှားများအဖြစ်သို့ ကွဲထွက်သွားသည်။ ဤသေးငယ်သည့် ပလတ်စတစ်အမှုန်များသည် မြေဆီလွှာထဲတွင်စုပုံလာပြီး မြေကြီး၏ သဘာဝဖွဲ့စည်းပုံကို ပြောင်းလဲစေနိုင်သည်။ ထို့ပြင် ပလတ်စတစ်အစိုင်အခဲများသည် မြေဆီလွှာထဲတွင် အတားအဆီးများဖြစ်ပေါ်စေပြီး အပင်များ၏အမြစ်စွဲမှုကို ခက်ခဲစေသည်။ ရေနှင့်လေဝင်ထွက်မှုကို ဟန့်တားကာ မြေဆီလွှာ၏ ရေစုပ်ယူနိုင်စွမ်းကို လျော့ချပစ်နိုင်သည်။ ရေမစိမ့်ဝင်နိုင်သည့်အတွက် မြေဆီသြဇာပါဝင်သည့် မျက်နှာပြင်အထက်ဆုံး မြေလွှာများ ဆုံးရှုံးရပြီး မြေဆီလွှာရှားပါးမှုကို ပိုမိုဆိုးရွားစေသည်။ ထို့ပြင် ပလတ်စတစ်အဆိပ်သည် မြေဆီလွှာရှိ ဗက်တီးရီးယား၊ မှို၊ တီကောင် စသည့်အကျိုးပြုသတ္တဝါများ ကျက်စားသည့်ဂေဟစနစ်ကို ပျက်စီးစေနိုင်သည်။ မြေဆီလွှာ အကျိုးပြုသတ္တဝါများ နည်းပါးလာခြင်းသည် မြေဆီလွှာကို သဘာဝအတိုင်း မြေဆီဓာတ် ပြန်လည်ဖြည့်တင်းနိုင်စွမ်း ဆုံးရှုံးသွားပြီး ဓာတ်မြေသြဇာများအပေါ် ပိုမိုမှီခိုလာရသည်။ မြေဆီလွှာ၏ သဘာဝအရည်အသွေး ကျဆင်းလာခြင်းသည် စိုက်ပျိုးသီးနှံများ၏ ကြီးထွားမှုနှုန်း၊ အထွက်နှုန်းနှင့် အရည်အသွေးတိုးတက်မှုကိုကျဆင်းလာစေသည့်အပြင် ဓာတုအဆိပ်သင့်မှုများသည် သီးနှံအပင်များထဲသို့စိမ့်ဝင်၍ ထိုမှတစ်ဆင့် လူသားများ၏ ကျန်းမာရေးကို ခြိမ်းခြောက်လာနိုင်သည်။

သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုကြောင့်ဖြစ်ပေါ်လာသောရာသီဥတုပြောင်းလဲမှုသည် လူ့ကျန်းမာရေးကို ထိခိုက်စေသည်။ အပူချိန်မြင့်တက်လာခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် ရေကြီးရေလျှံမှုများသည် ငှက်ဖျား၊ သွေးလွန်တုပ်ကွေးကဲ့သို့ ခြင်မှတစ်ဆင့် ကူးစက်သောရောဂါများပိုမိုပျံ့နှံ့လွယ်သည်။ ရေကြီးရေလျှံမှုနှင့် သဘာဝဘေးအန္တရာယ်များကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်မှု၊ စိတ်ဖိစီးမှုနှင့် ကူးစက်ရောဂါများ ပိုမိုဖြစ်ပွားစေသည်။ ထို့ပြင် ရာသီဥတုပြောင်းလဲမှုကြောင့် မိုးခေါင်ခြင်း၊ သန့်ရှင်းသောသောက်သုံးရေပြတ်လပ်ခြင်း၊ စိုက်ပျိုးမြေနှင့် သီးနှံများပျက်စီးခြင်းတို့ ဖြစ်ပေါ်လာပါက စားနပ်ရိက္ခာဖူလုံမှုနှင့် အာဟာရပြည့်ဝမှုတို့ကို ထိခိုက်စေနိုင်သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတွင် ရေဝေရေလဲဒေသများ ထိန်းသိမ်းခြင်းသည် အဓိကကျသည်။ သစ်တောများသည် မိုးရေကို မြေကြီးထဲသို့ စိမ့်ဝင်စေပြီး မြေအောက်ရေကို ဖြည့်တင်းပေးသည်။ သစ်တောပြုန်းတီးပါက မြေပြိုခြင်း၊ ရေကြီးခြင်းများ ဖြစ်ပေါ်စေပြီး ရေအရင်းအမြစ်များ ပျက်စီးကာ သောက်သုံးရေ ပြတ်လပ်မှုဖြစ်ပေါ်စေနိုင်သည်။

❖ **ပြည်သူ့ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအောင်မြင်ရန်အတွက် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် ပြည်သူလူထုတစ်ရပ်လုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုအပ်ပေသည်။ သဘာဝပတ်ဝန်းကျင်နှင့် ကျန်းမာရေး၏ဆက်စပ်မှုများကို ကျယ်ပြန့်စွာပညာပေးခြင်းဖြင့် ပြည်သူလူထု၏ နေ့စဉ်လုပ်ဆောင်မှုများတွင် ပတ်ဝန်းကျင်ကို မည်သို့ထိခိုက်စေသည်ကို သိရှိနားလည်လာစေမည်ဖြစ်သည်။ ထို့ပြင် ပလတ်စတစ်ပစ္စည်းများကို လျှော့ချသုံးစွဲခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း စသည့်နည်းလမ်းများကို လိုက်နာကျင့်သုံးရန် လိုအပ်သည်။** ❖

ရေဝေရေလဲဒေသများဖြစ်သည့် သစ်တောများကို ထိန်းသိမ်းခြင်း၊ ရေထုညစ်ညမ်းမှုမရှိအောင် တားဆီးခြင်းတို့ဖြင့် သန့်ရှင်းသည့်သောက်သုံးရေကို ရေရှည်ရရှိအောင် ဆောင်ရွက်ပေးနိုင်ပြီး ရေမှတစ်ဆင့် ကူးစက်တတ်သောရောဂါများကိုလည်း သိသိသာသာ လျှော့ချနိုင်မည်ဖြစ်သည်။

ထို့အတူ ကျယ်ပြန့်သော စိမ်းလန်းစိုပြည်သည့် မြို့ပြပတ်ဝန်းကျင်များ ဖန်တီးခြင်း၊ စွန့်ပစ်ပစ္စည်းများကို စနစ်တကျစီမံခန့်ခွဲခြင်းဖြင့် သန့်ရှင်းသောလေကိုရရှိစေပြီး လေထုညစ်ညမ်းမှုများကို လျှော့ချနိုင်မည်ဖြစ်သည်။

သစ်တောများ၊ မြို့ပြပန်းခြံများနှင့် သစ်ပင်ကြီးများသည် ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူပြီး အောက်ဆီဂျင်ကိုထုတ်လွှတ်ကာ လေထုထဲမှ အမှုန်အမွှားများကို စုပ်ယူပေးသည့် သဘာဝ၏ရောမလေစစ်စက်များဖြစ်ကြသည်။ သန့်ရှင်းသောလေကို ရရှိစေခြင်းဖြင့် အသက်ရှူ လမ်းကြောင်းဆိုင်ရာ ရောဂါများကိုသာမက နှလုံးရောဂါဖြစ်ပွားမှုနှုန်းကိုပါ လျော့ကျစေနိုင်သည်။

ကျန်းမာရေးဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာကောင်းမွန်မှုတစ်ခုတည်းကိုသာ ဆိုလိုသည်မဟုတ်ဘဲ စိတ်ပိုင်းဆိုင်ရာ ကောင်းမွန်မှုကိုပါဆိုလိုသည်။ သဘာဝပတ်ဝန်းကျင်သည် စိတ်ကျန်းမာရေးအတွက် မမြင်ရသည့်ဆေးတစ်ပါးဖြစ်သည်။ ထို့ပြင် စိမ်းလန်းစိုပြည်သောပတ်ဝန်းကျင်တွင် နေထိုင်ခြင်း၊ သဘာဝတရားနှင့် ထိတွေ့ခွင့်ရခြင်းသည် စိတ်ဖိစီးမှုကိုလျှော့ချပေးပြီး စိတ်ကျန်းမာရေးကို ကောင်းမွန်စေကြောင်း သိရှိရသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုသည် ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအတွက်ပါ မရှိမဖြစ်လိုအပ်သည်။

ထို့ကြောင့် လူသားတို့အတွက် နေ့စဉ်အသုံးပြုနေသည့် လေ၊ ရေနှင့် အစားအစာများသည် ဓာတုကင်းစင်ပြီး သန့်ရှင်းလတ်ဆတ်သည့် အစာအာဟာရများဖြစ်ရန် လွန်စွာအရေးကြီးသည်။ သန့်ရှင်းလတ်ဆတ်သည့် လေ၊ ရေနှင့် အစားအစာများရရှိရန် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန်လိုသည်။

သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ပြည်သူ့ကျန်းမာရေးကို သိသိသာသာ တိုးတက်ကောင်းမွန်စေနိုင်သည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ကမ္ဘာလုံးဆိုင်ရာရောဂါဖြစ်ပွားမှု၏ လေးပုံတစ်ပုံခန့်ကို တားဆီးနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်များအရ သိရှိရသည်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများသည် လူသားတို့၏ဘဝနှင့် ကျန်းမာရေးအပေါ်တွင် နည်းအမျိုးမျိုးဖြင့် သက်ရောက်လျက်ရှိသည်။ လေကောင်းလေသန့်၊ ဘေးကင်းသောသောက်သုံးရေ၊ အဟာရပြည့်ဝသော အစားအစာနှင့် ဘေးကင်းလုံခြုံမှုရှိသော နေထိုင်ရာအဆောက်အအုံများသည် လူသားတို့၏ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သည့်အရာများဖြစ်လာသည်။ ရာသီပြောင်းလဲမှုများသည် လူသားတို့အတွက် ခြိမ်းခြောက်မှုတစ်ခုဖြစ်လာပြီး ၎င်း၏ အကျိုးဆက်ကြောင့် အပူလှိုင်းများ၊ တောမီးများ၊ ရေကြီးမှုများနှင့် မုန်တိုင်းများဖြစ်ပွားမှုသည် နှစ်စဉ်အကြိမ်ရေတိုးတက်လျက်ရှိသည်။

ပြည်သူ့ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး အောင်မြင်ရန်အတွက် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် ပြည်သူလူထုတစ်ရပ်လုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပေသည်။ သဘာဝပတ်ဝန်းကျင်နှင့် ကျန်းမာရေး၏ဆက်စပ်မှုများကို ကျယ်ပြန့်စွာပညာပေးခြင်းဖြင့် ပြည်သူလူထု၏ နေ့စဉ်လုပ်ဆောင်မှုများတွင် ပတ်ဝန်းကျင်ကို မည်သို့ထိခိုက်စေသည်ကို သိရှိနားလည်လာစေမည်ဖြစ်သည်။ ထို့ပြင် ပလတ်စတစ်ပစ္စည်းများကို လျှော့ချသုံးစွဲခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း စသည့်နည်းလမ်းများကို လိုက်နာကျင့်သုံးရန် လိုအပ်သည်။ ထိုသို့ဆောင်ရွက်ခြင်းသည် ရေနှင့်မြေထုညစ်ညမ်းမှုကိုတားဆီးရန် အထိရောက်ဆုံးသော နည်းလမ်းဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း ဓာတုပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာအသုံးပြုမှုကို လျှော့ချပြီး မြေဆီလွှာကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသည့် စိုက်ပျိုးရေးနည်းလမ်းများကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး ပညာပေးဆောင်ရွက်ရမည်ဖြစ်သည်။ စက်ရုံများနှင့် စီးပွားရေးလုပ်ငန်းများမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများနှင့် စွန့်ပစ်ရေများကို စနစ်တကျ စစ်ထုတ်ပြီးမှသာ သဘာဝပတ်ဝန်းကျင်သို့ စွန့်ထုတ်စေခြင်းကို ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အတူ လူသားတို့ အနေဖြင့် ရေချွေတာသုံးစွဲခြင်းနှင့် ရေအရင်းအမြစ်များကို သန့်ရှင်းအောင်ထိန်းသိမ်းခြင်းတို့သည် ကျန်းမာရေးအတွက် ရင်းနှီးမြှုပ်နှံမှုဖြစ်သည်။

သဘာဝပတ်ဝန်းကျင်သည် လူသားတို့အတွက် ကျေးဇူးပြုနေသည့် သဘာဝကပေးသော လက်ဆောင်ပင်ဖြစ်သည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းခြင်းသည် ကမ္ဘာကြီးအတွက် ကောင်းကျိုးဖြစ်ရုံသာမက လူတို့၏ကျန်းမာရေးကို ထိန်းသိမ်း ကာကွယ်ခြင်းလည်းဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရသည်။

**ကိုးကား**

- www.moi.gov.mm
- www.myawaddy.net.mm

# ဗိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် ဆောင်းတစ်ခေတ် Art Exhibition ပန်းချီပြပွဲ ကျင်းပလျက်ရှိ




ရန်ကုန် ဒီဇင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် ဆောင်းတစ်ခေတ် Art Exhibition ပန်းချီပြပွဲကို ဒီဇင်ဘာ ၂၀ ရက်မှ စတင်ကျင်းပလျက်ရှိကြောင်း အဆိုပါပန်းချီပြပွဲတွင် ပါဝင်ပြသနေသည့် ပန်းချီ မင်းစိုးထံမှ သိရသည်။

ဆောင်းတစ်ခေတ် Art Exhibition ပန်းချီပြပွဲတွင် ပန်းချီ မင်းကျော်၊ ဇော်ဝင်း (သထုံ)၊ ဝိုင်အယ်လ်တီ ရဲလွင်ထွန်း၊ မင်းသား၊ မင်းစိုး၊ စိုးပိုင်၊ အိုက်ရီ၊ ကျော်သိန်း၊ နှင်းစုဝေတို့၏ မတူကွဲပြားသည့် ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်၊ ခဲခြစ်ပန်းအမျိုးအစားစုံ၊ အကြောင်းအရာစုံ ပန်းချီကားများကို ဒီဇင်ဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၂၄ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"Artistic Space Art Gallery မှာ ဆောင်းတစ်ခေတ်လို့ အမည်ပေးထားတဲ့ Art Exhibition ပန်းချီပြပွဲကို ဒီဇင်ဘာ ၂၀ ရက်ကစပြီး ဒီဇင်ဘာ ၂၄ ရက်ထိ မနက် ၁၀ နာရီကနေ ညနေ ၅ နာရီထိပြသမှာဖြစ်လို့ လာရောက်ကြည့်ရှုအားပေးကြပါလို့ လေးစားစွာ ဖိတ်ကြားလိုက်ရပါတယ်"ဟု ပန်းချီ မင်းစိုးက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆x၂၄) လက်မ၊ (၂၄x၂၄) လက်မ၊ (၁၈x၂၄) လက်မ၊ (၁၈x၁၈) လက်မ စသည်ဖြင့် အရွယ်အစားစုံပါဝင်ပြီး ဈေးနှုန်းအနေဖြင့် ငွေကျပ် ခုနစ်သိန်းမှ ငွေကျပ်သိန်း ၅၀ ထိ ရှိကြောင်း သိရသည်။

ASH

# Amazon MGM၏ Navy Seal ဇာတ်ကားသစ်၌ မင်းသား ဂျိုကိုး ပါဝင်သရုပ်ဆောင်မည်

နယူးယောက် ဒီဇင်ဘာ ၂၁

Amazon MGM စတူဒီယို၏ Navy Seal အထူးတပ်ဖွဲ့ အက်ရှင်ဇာတ်ကားသစ်တွင် Peaky Blinders မင်းသား ဂျိုကိုးပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၀ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

အဆိုပါ အက်ရှင်ဇာတ်ကား သစ်တွင် ဂျိုကိုးသည် မင်းသား အလန်ရစ်ချက်ဆန်နှင့်အတူသရုပ်ဆောင်ရမည်ဖြစ်သည်။

လက်ရှိတွင် ၎င်းရုပ်ရှင်ဇာတ်ကားသစ်၏ တရားဝင်ဇာတ်ကားနာမည်ကို Amazon MGM ကုမ္ပဏီက ကြေညာခြင်းမရှိသေးပေ။

သို့ရာတွင် အဆိုပါဇာတ်ကားသည် ဗီယက်နမ်စစ်ပွဲပြီးဆုံးခါနီးအချိန် Navy Seal အထူးတပ်ဖွဲ့ တစ်ဖွဲ့ ရင်ဆိုင်ခဲ့ရသည့် ဖြစ်ရပ်မှန်ဇာတ်လမ်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ ပက်ထရစ်ဟက်ကတာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ မာ့ဆီးမော့နှင့် ဂျေဆင်ဟေးတို့က ရေးသားပေးထားသည်။

၎င်းဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Amazon MGM က ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# သရုပ်ဆောင်များစွာပါဝင်သည့် ရွှေမြားနှစ်သစ်မင်္ဂလာအငြိမ့် ဖျော်ဖြေပွဲကို ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံတွင် ကျင်းပသွားမည်

ရန်ကုန် ဒီဇင်ဘာ ၂၁

သရုပ်ဆောင် တိုင်ရွှန်း၊ ထူးအောင်၊ သိန်းလင်းစိုး၊ ဂျိကာ၊ အေးမြတ်သူ၊ အေးမြဖြူ၊ ယမုံမြင့်မြတ်တို့ ပါဝင်သည့် ရွှေမြားနှစ်သစ်မင်္ဂလာအငြိမ့် ဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သရုပ်ဆောင် တိုင်ရွှန်းထံမှ သိရသည်။

အဆိုပါ ရွှေမြားနှစ်သစ်မင်္ဂလာအငြိမ့် ဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိအမျိုးသားဇာတ်ရုံ၌ ဒီဇင်ဘာ ၃၀ ရက်နှင့် ဒီဇင်ဘာ ၃၁ ရက်တို့တွင် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး အဆိုပါ ဖျော်ဖြေပွဲကို The Seven Entertainment မှ စီစဉ်ခြင်းဖြစ်ပြီး ၎င်းအငြိမ့်အဖွဲ့ ဒါရိုက်တာအဖြစ် ဒါရိုက်တာ ခင်လှိုင် (ဉာဏ်ကြီးရှင်) က ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။




"ကျွန်တော်ဖြစ်ချင်တဲ့ အိပ်မက်လေးကို ညီအစ်ကိုမောင်နှမ အရင်းလိုချစ်ရတဲ့ ညီအစ်ကို မောင်နှမတွေနဲ့ အကောင်အထည်ဖော်ခဲ့ပါတယ်။ ချစ်ရတဲ့ပရိသတ်တွေကို အကောင်းဆုံး ကြိုးစားတင်ဆက်သွားပါ့မယ်။ လာရောက် အားပေးကြပါအုံး။ ဝိုင်းဝန်းပံ့ပိုးကူညီပေးကြတဲ့ တစ်ယောက်ချင်းစီတိုင်းကို ကျေးဇူးတင်ပါတယ်"ဟု သရုပ်ဆောင် တိုင်ရွှန်းက ပြောပြသည်။

အဆိုပါ ရွှေမြားနှစ်သစ်မင်္ဂလာအငြိမ့် ဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံတွင် ဒီဇင်ဘာ ၃၀ ရက်နှင့် ဒီဇင်ဘာ ၃၁ ရက်တို့တွင် ညစဉ် ည ၆ နာရီမှ စတင်ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ၎င်းရွှေမြားနှစ်သစ်မင်္ဂလာအငြိမ့် ဖျော်ဖြေပွဲကို MRTV- 4 ရုပ်သံလိုင်းနှင့် HEY PLAY Application တို့မှလည်း ထုတ်လွှင့်ပြသ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Paramount ၏ The Traveler ဇာတ်ကားကို ဇက်လီပေါ့စကီးနှင့်အဒမ်စတိန်းတို့ ရိုက်ကူးဖွယ်ရှိ

နယူးယောက် ဒီဇင်ဘာ ၂၁

Paramount ကုမ္ပဏီ၏ The Traveler အမည်ရှိ သိပ္ပံဒရာမာဇာတ်ကားကို ဒါရိုက်တာ ဇက်လီပေါ့စကီးနှင့် အဒမ်စတိန်းတို့က တာဝန်ယူ ရိုက်ကူးဖွယ်ရှိကြောင်း ဒီဇင်ဘာ ၂၀ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် ဒါရိုက်တာ ဇက်လီပေါ့စကီးနှင့် အဒမ်စတိန်းတို့သည် The Traveler ဇာတ်ကားအတွက် Paramount ကုမ္ပဏီနှင့် အပြီးသတ် ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

ဇက်လီပေါ့စကီးနှင့် အဒမ်စတိန်းတို့သည် Final Destination Bloodlines ဇာတ်ကားကို ရိုက်ကူးပေးထားသော ဒါရိုက်တာများဖြစ်ကြသည်။

The Traveler ဇာတ်ကားကို မူလက ဒါရိုက်တာ လီအိုင်ဆက်ချောင်းနှင့်ရိုက်ကူးရန် Paramount ကုမ္ပဏီက စီစဉ်ထားသည်။

သို့ရာတွင် ဝါနာဘရားသား၏ Ocean's 11 ဇာတ်ကားရိုက်ကူးရေးကာလနှင့် တိုက်နေမှုကြောင့် ဒါရိုက်တာ လီအိုင်ဆက်ချောင်း နုတ်ထွက်ခဲ့ပြီးနောက် ဇက်လီပေါ့စကီး၊ အဒမ်စတိန်းတို့နှင့် Paramount တို့ကြား ဆွေးနွေးနေခြင်းဖြစ်ကြောင်း သိရသည်။

The Traveler ဇာတ်ကားကို စာရေးဆရာ ဂျိုးဆက်အက်ကာ့၏ The Traveler အမည်ရှိ ဝတ္ထုကို အခြေခံရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# တေးသံရှင် ဇော်ဝင်းထွဋ်၊ ရင်ဂိုတို့၏ NEW YEAR's EVE Concert တေးဂီတဖျော်ဖြေပွဲကို အလုံမြို့နယ်ရှိ MODERN RADIO Bar တွင် ပြုလုပ်မည်

ရန်ကုန် ဒီဇင်ဘာ ၂၁

တေးသံရှင် ဇော်ဝင်းထွဋ်၊ ရင်ဂိုတို့၏ NEW YEAR's EVE Concert တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ MODERN RADIO Bar တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ဇော်ဝင်းထွဋ် ထံမှ သိရသည်။

တေးသံရှင် ဇော်ဝင်းထွဋ်၊ ရင်ဂိုတို့၏ NEW YEAR's EVE Concert တေးဂီတဖျော်ဖြေပွဲကို MODERN RADIO Bar ၌ ဒီဇင်ဘာ ၃၁ ရက်ညတွင် ပြုလုပ်သွားမည်ဖြစ်ပြီး တေးသံရှင်နှစ်ဦး၏ သီဆိုဖျော်ဖြေမှုများကို Emperor Music Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"၂၀၂၅ ရဲ့ နောက်ဆုံးညဖြစ်တဲ့ ဒီဇင်ဘာ ၃၁ ရက်ညမှာ NEW YEAR's EVE Concert ကို Emperor Music Band နဲ့အတူ Modern Radio - Star Lounge မှာ ရှိပါမယ်။ ရင်ဂိုလဲ ပါပါလိမ့်မယ်။ MODERN RADIO - 2 YEAR ANNIVERSARY အနေနဲ့ သီဆိုဖျော်ဖြေပွဲလဲ ဖြစ်ပါတယ်။ ရော့ခ်သီချင်း ကြိုက်တဲ့သူတွေနဲ့အတူ အပြင်းစား ရော့ခ်သီချင်းတွေနဲ့ နှစ်ဟောင်းကို အတူနှုတ်ဆက်ကြပါစို့"ဟု တေးသံရှင် ဇော်ဝင်းထွဋ်က ပြောပြသည်။

တေးသံရှင် ဇော်ဝင်းထွဋ်၊ ရင်ဂိုတို့၏ NEW YEAR's EVE Concert တေးဂီတဖျော်ဖြေပွဲကို MODERN RADIO Bar တွင် ဒီဇင်ဘာ ၃၁ ရက် ည ၇ နာရီတွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# SSPC Chairman Commander-in-Chief of Defence Services Senior General Min Aung Hlaing meets officers, other ranks and families of Pyay Station


Senior General Min Aung Hlaing meets officers, other ranks and families of Pyay Station.

**Nay Pyi Taw December 21**

Chairman of the State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing this morning met officers, other ranks and families at Mya Ayeya Hall in Pyay Station under the Southern Command.

Also present at the meeting were Daw Kyu Kyu Hla, the wife of the Senior General; Commission Secretary General Ye Win Oo and his wife, Commander-in-Chief (Navy) Admiral Htein Win and his wife, Commander-in-Chief (Air) General Tun Aung, senior military officers from the Office of the Commander-in-Chief and their wives, the commander of Southern Command, and officers, other ranks and families of Pyay Station.

At the meeting, the Senior General delivered a speech, saying that the Southern Command area has long been a region with a history of unrest, where insurgencies of KNU and BCP had previously been suppressed for many years. The situation later became stable. However, after the Tatmadaw assumed State responsibilities in 2021, PDF insurgents began carrying out terror acts. Therefore, the Tatmadaw had to undertake measures to restore stability and peace in the area.

In order for the Tatmadaw to serve its national defence duties, it must always remain "fit for fight." Every Tatmadaw member must maintain good health and physical strength. Therefore, daily physical fitness activities must be regularly practised. Tatmadaw members must eat and live in ways appropriate to their age so that they maintain a healthy and strong physique, and must continue individual physical training. Only when they are healthy and resilient will they be able to successfully perform their duties. Likewise, if they remain mindful in their movements—being cautious when going and coming—they will be able to prevent possible dangers in advance. Nothing is more important than vigilance.

Courage is essential in combat. In fighting, Tatmadaw members must apply the military skills they have been trained in and use them effectively on the battlefield with bravery in order to fight successfully. Courage does not mean acting recklessly or foolishly, but acting with the determination and confidence to do what is right and necessary. Each Tatmadaw member must continuously train to become proficient in their respective fields of duty. For effective firing performance, they must also be fully skilled in handling and using the weapons and equipment assigned to them.

Constant practice is necessary to apply the military skills taught in training to real battlefield situations. In line with the policy of "Study, Train, Obey," Tatmadaw members must continuously study the ever-advancing military sciences, regularly train to further improve the skills they have already learned, and always follow the established rules, regulations, orders, and instructions. To remain "fit for fight," they must consistently carry out their daily assigned duties. Reviewing the military skills they have been taught and performing their daily tasks are themselves forms of continuous training.

Regarding welfare and well-being, he said that just as the Tatmadaw provides support for soldiers' welfare, each individual must also manage their own income and expenses in a balanced and responsible manner. Tatmadaw members have to avoid, as much as possible, alcohol, betel quid, cigarettes and other indulgences, and to maintain self-discipline. As Tatmadaw members serve national defence duties at the risk of their lives, they have to value and take care of their own lives.

Everyone constantly works to improve their own lives, and those who put in strong effort are able to achieve greater progress. Therefore, individuals must take care of themselves and strive diligently for their personal development. Efforts have been made to enhance the education of Tatmadaw members. Similarly, the Tatmadaw continues to ensure that Tatmadaw members receive full salaries and allowances, proper provisions, and the means to live and dress in a manner befitting their ranks.


Senior General Min Aung Hlaing comforts a patient.

**Knowledge makes a good person, and skills make a capable person, emphasizing that formal education is necessary to develop knowledge.** Efforts must be made to enhance knowledge, skills, and educational attainment, as education elevates an individual's life. Therefore, people should regularly study books and literature that provide knowledge and stimulate thinking. Likewise, just as they promote the education of their own children, they should encourage reading books and materials that expand knowledge. He added that they want to help their children achieve a life better than their own. The necessary support and recognition for the education of Tatmadaw family members are continuously provided, and the State also works to improve the nation's overall educational standards.

The Tatmadaw is carrying out the national defence duties and is an integral part of the State, while its personnel are also part of the people. **The Tatmadaw is the most steadfast organization ensuring the State's continued existence and must carry out national defense responsibilities hand in hand with the public. Therefore, soldiers should live and act in unity with the people.** The experiences they encounter should serve as lessons, guiding them to act well for themselves, for the Tatmadaw, and for the benefit of the nation.

A multiparty democratic general election will be held in the near future. In voting, it is important to choose and support candidates who can respect and uphold their responsibilities, genuinely serve the interests of their region and the nation, participate effectively in legislative work, and work together with the Tatmadaw to promote the country's welfare. After the election, the government that emerges will be entrusted with the nation's responsibilities. Therefore, everyone should collectively work to ensure the successful conduct of a free and fair multiparty democratic general election.

The Senior General presented foodstuffs for officers, other ranks and families of the station through the station commander while the wife of the Senior General gave financial aid for the station's maternal and child welfare association to the wife of the station commander.

The Senior General, his wife and party cordially greeted the attendee officers, other ranks and families.

At the local Tatmadaw hospital, the Senior General comforted officers, other ranks and People's Military Servants receiving medical treatments for injuries sustained in serving the State defence and security duties and asked about incidents of their injuries and healing the injuries individually and attended to their needs.

The Senior General also asked about the requirements of the hospital and fulfilled the needs.

The wife of the Senior General also comforted families of Tatmadaw members receiving medical treatments at the female medical ward and presented foodstuffs.

The Senior General and party viewed round the Pyay Station in a motorcade.

100

# Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing meets with departmental officials, local elders, and MSME entrepreneurs from Pyay District


Senior General Min Aung Hlaing meets with departmental officials, local elders, and MSME entrepreneurs from Pyay District.

**Nay Pyi Taw December 21**

Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing met with departmental officials, local elders, and MSME entrepreneurs from Pyay District, Bago Region, at Sri Kestra Yadana Town Hall in Pyay this morning and discussed regional development.

Also present at the meeting together with the Senior General were SSPC Secretary General Ye Win Oo, union ministers, Bago Region Chief Minister U Myo Swe Win, senior military officers from Office of Commander-in-Chief, the Southern Command commander and officials, and district and township level officials, local elders, and MSME entrepreneurs from Pyay District.

**Reports on regional points and requirements for development of the region**

First, the Pyay District administrator reported on points of the region, progress in realizing the directives of the Head of State, development undertakings in the district, task to beautify Pyay, development of MSMEs in the district, agriculture and livestock undertakings, efforts to meet the crop targets, setting zones for the success of the livestock undertakings, MSME operations, production and distribution of goods, education promotion activities in the district and efforts to maintain the number of students from the lower to higher grades, preparation for the success of the coming multiparty democracy general election, and the State's support for further improving the road transport sector in the district.

The region chief minister presented a supplementary report on realization of the crop target in the district, and success of garden crops, efforts for the edible oil crops to hit the target, food sufficiency in the district, extension of irrigation capacity in the district, test cultivation of Paw-hsan-hmwe rice to find new export markets, oil crop cultivation and oil sufficiency, production, consumption and degree of sufficiency of meat, eggs, milk in the district, fish farming, production and sufficiency, the need to employ more education staff in the required places of the Region.

Local elders, on behalf of the local people, thanked the State for upgrading the sections of the Strand Road in Pyay, and asked for assistance to develop tourism of Pyay, upgrading the railroad, more loans from the State for development of MSMEs in the district, further acceleration of counternarcotic campaigns, providing policy guidelines for continuous progress of local cooking oil production industry and gaining more markets as the policies and directives have been observed for uninterrupted progress of the business, and presented the requirements for upgrading public restrooms and regional development.

**Clarifications of union ministers**

Regarding the reports, the union ministers, Lt-Gen Tun Tun Naung, U Tin Oo Lwin, U Min Naung and U Ko Ko Lwin, explained ministry-wise endeavours, ongoing activities for peace, stability and rule of law in the whole country and administrative functions, number of crimes occurred in Bago Region during the time from 2021 to this date, and the year-wise decrease in crime rate, the ongoing nationwide counter-narcotics campaigns that call for public involvement, security reinforcements for the success of the coming multiparty democracy general election, the collective participation in the people-centered security operations, ongoing activities for progress of Sri Kestra, systemization of its area, transportation facilitation, development of service and tourism businesses, restoration of the moats at the ancient city, a world heritage site, means to reduce animal feed imports as a byproduct (pulp) of the cooking oil industry can be turned into fodder, upgrading of oil mills and availability of State loans in accord with the rules, continued drilling and production of oil and gas in the area around Pyay, increase in its oil production, research on raising oil and gas production of Pyay mountain range oil producing zone, the existence of energy resources in the area around Pyay and the need to protect them. The region chief minister told local elders and entrepreneurs that the requirements will be fulfilled to the most possible degree at the earliest time, saying that the issues that needed the union level approval would be proceeded accordingly.


Senior General Min Aung Hlaing observes agricultural equipment produced by MSMEs.

**Providing additional discussions on the presentations**

In response to the presentations, the Senior General stated that when they first took office, there was a shortage of education staff in the country because the majority had disloyally abandoned their workplaces. He noted that some education staff left their jobs due to being threatened, coerced, pressured, or influenced by political propaganda; therefore, the state gave them an opportunity by removing those who reported back from the list of workplace absentees. He emphasized that civil servants must be free from party politics and must serve their duties by clearly distinguishing between politics and national affairs. He added that education and health workers were the ones who abandoned their workplaces the most, and they had to overcome various difficulties and crises such as the COVID-19 pandemic, violence resulting from political conflicts, and the shortage of education staff when schools reopened through various means. He stated that civil servants must be free from party politics and must clearly distinguish between politics and national affairs, noting that regarding the drug suppression efforts mentioned in the presentations,

*See Page 14*



Senior General Min Aung Hlaing views facts about the Bawbawgyi Pagoda.



Senior General Min Aung Hlaing inspects the restoration of the two-storey brick building in Letthe Yaykan Monastery (a) Thonepanhla Monastery damaged by the Mandalay earthquake.

*From Page 13*

the state's actively fighting against them. He emphasized that drug suppression can only succeed if the entire public participates alongside responsible organizations, and regarding the request to supervise the upgrading and cleanliness of public toilets, he noted that besides responsible staff, it's necessary to have a society and community that knows how to live and use facilities with discipline. Therefore, he added that basic rules are being taught starting from basic education schools since national discipline begins there, and he concluded by saying that only if everyone works together to maintain good national discipline can they shape and build a clean, beautiful, and systematic region, city, and nation.

**To promote the tourism sector**

Afterwards, while discussing regional development matters, the Senior General stated that the tourism sector includes accommodation, transportation, services, and the sale of souvenirs, noting that pilgrimage travel is the most common form of domestic tourism. He emphasized that it's necessary to attract tourists by implementing measures for regional development, cleanliness, beauty, and the provision of good services, adding that visitors to the region must be able to enjoy the local landmarks and scenic beauty with peace of mind and physical comfort. Therefore, he noted that every individual and household must work to create a clean and tidy environment, while departmental officials must bring about regional beauty by systematically maintaining roads, bridges, and buildings according to their respective offices and departments. He stated that to ensure proper urban drainage, it's necessary to clear away trash and think creatively about how to improve regional beauty, noting that locals also need to be disciplined and live according to established rules and laws. He emphasized that exceeding or failing to follow state-defined regulations creates limitations when implementing national development projects, though the state's actively encouraging tourism development. He added that flourishing tourism leads to increased domestic spending, generates non-trade income, boosts product sales, and increases the circulation of service-related businesses. Ultimately, he noted that these factors will lead to the socio-economic development of both the region and the nation.

**Encouraging domestic manufacturing industries based on agriculture and livestock**

He stated that while they've been carrying out state duties, they've encouraged domestic manufacturing and worked to boost economic strength, emphasizing that we must promote domestic production in line with the slogan "Let us encourage production for prosperity of the Nation." He noted that it's essential to manufacture high-quality products, as exporting domestic goods can significantly strengthen the nation's economy. He added that while successive governments have implemented numerous economic policies and guidelines for national development, some succeeded while others didn't meet expectations, and he further explained that the country's faced economic declines due to administrative weaknesses in political systems, economic sanctions, the emergence of black markets, the smuggling of natural resources, and climate change impacts.

Concerning the development of agriculture tasks, measures are being taken to meet the targeted goals per acre by conducting field research with farmers and fulfilling their needs. If targets are met, US$ 8 billion more revenue will be generated. By making progress in manufacturing agricultural and livestock breeding products, the economic development of the country will be strengthened and imports can be reduced. The government has been spending a lot of money to import fuel and edible oils annually. It was learnt that edible oil sufficiency in Pyay district was more than 500 percent and efforts must be made to achieve more success.

Efforts must be made to produce more agricultural and livestock breeding products in Pyay district and Bago region. It is necessary to improve the quality of products as well as packaging systems and to substitute imports with domestic goods to meet standards. There are cotton production in Bago region and quality textile products must be manufactured. With regional agriculture and livestock breeding products, it is necessary to manufacture value-added finished products. Pyay district is required to carry out agriculture and livestock breeding tasks successfully and can transport the surplus to Yangon region.

**Holding free and fair multi-party democracy general election successfully**

A multi-party democracy general election will be held a few days later and everyone is urged to make concerted efforts for successfully holding the election. Preparatory measures are being taken to hold the free and fair multiparty democracy general election successfully and to enable all eligible voters to cast their votes and to prevent voting irregularities. It is necessary for us to make efforts not to lose those who are included in the electoral roll their voting rights. Voting or no voting is the will of the voters and it is the responsibility of the government to enable all voters to cast their votes. In casting votes, the people are urged to vote for those who can serve the interests of the region and the country, respect our three main national causes, possess the union spirit and political, administrative, economic and security point of views and are able to cooperate with the Tatmadaw, the strongest institution in the country, as long as it lasts. Therefore, it is necessary to elect the right people and if the multi-party democracy path taken by the country is trusted, all eligible voters are required to cast their votes.

Then, the Senior General inspected the products and agricultural products of MSMEs in Pyay district displayed there and gave necessary instructions on reports of the officials.

Afterward, the Senior General and his wife and party arrived at the famous, ancient, historic Bawbawgyi Pagoda built by King Duttabaung southwest of Sri Ksetra ancient city and responsible officials from the Archaeology and National Archive Department reported to the Senior General on renovation of the pagoda in its original architecture.

After hearing the reports, the Senior General pointed out the needs to properly preserve the pagoda for longlasting as it is an invaluable heritage, to regularly clear small plants growing on the main structure of the pagoda as they can damage it, to clear bushes surrounding the pagoda and plants afoot the big trees and others.

Then, the Senior General and his wife paid homage to the pagoda and offered flowers, water and lights before walking round the pagoda clockwise and giving instructions on preservation of the pagoda to officials.

Afterward, the Senior General and party inspected the restoration of the two-storey brick building in Letthe Yaykan Monastery (a) Thonepanhla Monastery damaged by the Mandalay earthquake in Hmawza Village Tracts in Sri Ksetra Pyu ancient city and gave necessary instructions on reports of the officials. 100

# YeU Township grows sweet corns meeting target cultivation this year

**YeU December 21**

According to the YeU District Agriculture Department, local farmers grew all sown acreage of sweet corns meeting the target cultivation this year in YeU Township of Sagaing Region.

During the 2025–2026 winter crop cultivation season, YeU Township has planned to cultivate 1,067 acres of sweet corn. Planting began in October this year, and as of today, 100 per cent of the targeted acreage has been fully planted.

“During this year’s winter crop season in YeU Township, we planned to cultivate more than 1,000 acres of sweet corn. As of today, planting has been completed across the entire planned area. To ensure successful crop development, we are providing farmer education and awareness activities, including guidance to prevent pest and disease outbreaks,” said U Zaw Myint Tun, District Head of the YeU District Department of Agriculture.

It is also reported that this year, the Township Department of Agriculture in YeU is providing support to sweet corn farmers through training courses, field demonstrations, advance prevention of fall armyworm, and awareness-raising on integrated crop protection systems, including the use of neem-based pesticides as well as ginger- and chili-based pest control methods, along with other agricultural extension services.

Sweet corns yields more than 15,000 cobs per acre, and farmers need to cost more than K500,000 per acre for growing the crops. 206

# 485 buildings used for online scam gambling in KK Park systematically demolished; equipment used in online scam gambling burned and destroyed



Scenes of the demolition of illegally constructed two-storey residential buildings in Section (3) of the KK Park area using machinery.

Before demolition. After demolition.

**Nay Pyi Taw December 21**

The Myanmar government is carrying out clearance operations inside illegal buildings in the Shwe Kokko area and the KK Park area, where online scam gambling activities are most heavily concentrated. These operations include the systematic demolition of illegal structures and the destruction of seized items used in online scam gambling operations. The actions are being conducted by a joint task force comprising security forces, administrative bodies, and responsible local authorities.

As part of the ongoing crackdown on online scam gambling, three illegal four-storey buildings located in Section (3) of the Myawady–Maehtawthalay (KK Park) area, which had been used for online scam gambling activities, were further demolished today. As a result, out of a total of 635 illegal buildings in the KK Park area, 485 have now been systematically demolished.

In addition, to prevent illegal foreign nationals from residing in buildings and engaging in online scam gambling activities in Myawady town and surrounding areas of Kayin State, a joint task force comprising security personnel, administrative organizations, and local authorities has been conducting search and inspection operations since December 8. As of today, seven additional illegal single-storey buildings have been inspected, bringing the total number of buildings searched to 445. Among these, 12 buildings were identified as having been used for online gambling operations, and four buildings were sealed and confiscated today.

Furthermore, to ensure that equipment used in online scam gambling activities in the KK Park and Shwe Kokko areas of Myawady Township cannot be reused, such items were systematically burned and destroyed again today.

It is reported that the Government regards the eradication of online scam gambling as a national duty and will continue to take coordinated action, not only with domestic forces but also in cooperation with neighbouring countries' governments, to ensure that such activities cannot take root anywhere in Myanmar.

100



Scenes of clearing buildings that could had been used to shelter illegal foreign nationals.



Burning and destruction of equipment used in online gambling activities in the Shwe Kokko area, Myawady Township, Kayin State.

## Iran's FM says no longer in touch with U.S. Mideast envoy

**Tehran December 21**

Iran's Foreign Minister Seyed Abbas Araghchi said he is no longer in contact with U.S. Special Envoy for the Middle East Steve Witkoff, noting that their communication channel has been inactive for months.

Araghchi made the remarks in an interview with RT's "Worlds Apart" program during a visit to Moscow earlier this month, commenting on the state of communication between Tehran and Washington.

He said he had previously negotiated with Witkoff over Iran's nuclear program, noting that the two sides had held five rounds of talks between April and June. A sixth round, scheduled for June 15, was canceled after Israel launched a sudden airstrike on Iran.

Israel carried out large-scale surprise airstrikes on June 13 targeting several locations across Iran, including nuclear and military sites, killing senior commanders, nuclear scientists and civilians. On June 22, U.S. forces bombed three Iranian nuclear facilities -- Natanz, Fordow and Isfahan.

"It was an unprovoked and illegal attack, and then the United States joined," Araghchi said. "So it was very strange that in the middle of negotiations they decided to attack us. That became a very bad experience for us."

Araghchi noted that following the 12-day conflict with Israel, he continued to exchange views with Witkoff. He said that while the U.S. side insisted on resuming negotiations, it had adopted what he described as a "very wrong" approach. Xinhua

## Trump says he could pay himself $1 billion in damages from federal funds

**Washington December 21**

Donald Trump has claimed that he could pay himself $1 billion in US government money as damages for a raid carried out at his Mar-a-Lago estate by the FBI.

Federal agents searched Trump's property in Palm Beach, Florida in August 2022 as part of an investigation into his alleged mishandling of classified documents during his first term in office. Last year, the case was dismissed by a judge, who ruled that Special Counsel Jack Smith did not have the authority to prosecute the president.

Trump addressed the issue during his rally in Rocky Mount, North Carolina on Friday, calling the search "illegal" and claiming that the FBI had been "forced" to conduct the operarion by the then President Joe Biden's Department of Justice (DOJ).

"These thugs are disgusting and we cannot let them get away with this stuff," he insisted.

The president told the crowd that he had filed a lawsuit over the raid and assured that he will be "winning" it.

"There is only one problem… I am suing and I am the one that is supposed to settle. So maybe I will give myself $1 billion and give it all to charity. Does that make sense?" he asked. RT

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME) စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

ရှေ့ဖုံးမှအဆက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ပြည်ခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

## ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို အသီးသီးတင်ပြ

ဦးစွာ ပြည်ခရိုင်အုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာအချက်အလက်များ၊နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ခရိုင်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ပြည်မြို့သာယာလှပရေးဆောင်ရွက်ထားရှိမှု၊ ခရိုင်အတွင်း အသေးစား၊အငယ်စားနှင့်အလတ်စား (MSME)စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုနှင့်စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများအောင်မြင်မှုရှိစေရေး ဇုန်အလိုက်သတ်မှတ်၍ မွေးမြူဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊အငယ်စားနှင့်အလတ်စား(MSME) စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ထုတ်ကုန်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိမှု၊ ခရိုင်အတွင်း ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ တန်းစဉ်ကူးပြောင်းမှုများမြင့်မားလာစေရေး ဆောင်ရွက်လျက်ရှိမှု၊ မကြာမီကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးဆောင်ရွက်လျက်ရှိမှုနှင့် ဒေသတွင်းလမ်းပန်းဆက်သွယ်မှုပိုမိုကောင်းမွန်စေရေး နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်ခရိုင်အတွင်း စိုက်ပျိုးသီးနှံများပန်းတိုင်အထွက်နှုန်းရရှိမှုနှင့် ဥယျာဉ်ခြံမြေသီးနှံများ ဖြစ်ထွန်းအောင်မြင်လျက်ရှိမှု၊ ဆီထွက်သီးနှံနှမ်းကို ပန်းတိုင်အထွက်နှုန်းရရှိရေးကြိုးပမ်းဆောင်ရွက်နေမှု၊ ပြည်ခရိုင်အတွင်း ဒေသဝမ်းစာဖူလုံမှုရှိစေရေးဆောင်ရွက်လျက်ရှိမှု၊ ခရိုင်အတွင်း စိုက်ပျိုးရေတိုးတက်လွှမ်းခြုံဖြန့်ဝေပေးဝေနိုင်မှု၊ ပြည်ပပို့ကုန်ဈေးကွက်သစ်ရရှိရေးအတွက် ပေါ်ဆန်းမွှေးမျိုးစပါးကို စမ်းသပ်စိုက်ပျိုးလျက်ရှိမှု၊ ဆီထွက်သီးနှံများစိုက်ပျိုးလျက်ရှိမှုနှင့် ဆီဖူလုံမှု၊ ခရိုင်အတွင်း အသား၊ ဥ၊ နို့ ထုတ်လုပ်မှု၊ စားသုံးမှုနှင့် ဖူလုံမှု၊ ငါးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ငါးထုတ်လုပ်မှုနှင့် ဖူလုံမှု၊ တိုင်းဒေသကြီးအတွင်း လိုအပ်ချက်ရှိသည့်နေရာများ၌ ပညာရေးဝန်ထမ်းများဖြည့်တင်းခန့်အပ်ပေးစေလိုမှုတို့နှင့်ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

## တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဆွေးနွေးပြောကြား

ရှိမှုနှင့်ဆက်လက်၍လည်း ဈေးကွက်ဝေစုပိုမိုရရှိရေး၊လုပ်ငန်းများစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်သည့်မူဝါဒများကို ဆက်လက်လမ်းညွှန်ပေးစေလိုမှု၊ ပြည်တွင်းခရီးသွားလာမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အများသုံးသန့်စင်ခန်းများအဆင့်မြှင့်တင်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကိုအသီးသီးတင်ပြကြသည်။

ငင်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ်အားပြည့်ဆောင်ရွက်သွားနိုင်ရေး စီမံထားရှိမှု၊ လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူကိုဗဟိုပြုသည့် လုံခြုံရေးစနစ်ဖြစ်သဖြင့် ပြည်သူလူထုတစ်ရပ်လုံးကလည်း လုံခြုံရေးပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ လိုအပ်သည့်ပူးပေါင်းပါဝင်မှုများကို ဝိုင်းဝန်းဆောင်ရွက်သွားကြစေလိုမှု၊ သရေခေတ္တရာ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်မြေအတွင်းစနစ်တကျဖြစ်စေရေး၊ လမ်းပန်းဆက်သွယ်မှုအဆင်ပြေစေရေး၊ဝန်ဆောင်မှုနှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ မြို့ဟောင်းအမြစ်များကို ထိန်းသိမ်းရန်နှင့် ကာကွယ်စောင့်ရှောက်ရန်ဝိုင်းဝန်းဆောင်ရွက်ကြစေလိုမှုတို့နှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းပြောကြားကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် တိုင်းဒေသကြီးအဆင့် ဖြေရှင်းဆောင်ရွက်ပေးနိုင်သည်များကို အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပြည်ထောင်စုအဆင့်သို့ တင်ပြဆောင်ရွက်သွားရန်လိုသည်များကို ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။


## တင်ပြချက်များအပေါ် ပြန်လည်ဖြည့်စွက် ဆွေးနွေးပြောကြား

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက မိမိတို့ စတင်တာဝန်ယူခဲ့ရသည့်အချိန်တွင် ပညာရေးဝန်ထမ်းအများစုသည် လုပ်ငန်းခွင်စွန့်ခွာမှုများကို သစ္စာမဲ့စွာဖြင့် လုပ်ဆောင်ခဲ့ကြသောကြောင့် နိုင်ငံအတွင်းပညာရေးဝန်ထမ်းများလိုအပ်ချက်ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း၊ အချို့ပညာရေးဝန်ထမ်းများအနေဖြင့် ခြိမ်းခြောက်အကျပ်ကိုင်ခံရမှု၊ဖိအားပေးခံရမှု၊ နိုင်ငံရေးဝါဒမှိုင်းရိုက်ခတ်မှုတို့ကြောင့် လုပ်ငန်းခွင် စွန့်ခွာခဲ့ရမှုများရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ထိုသို့စွန့်ခွာခဲ့ရသူများကို အခွင့်အရေးပေးသည့်အနေဖြင့် ပြန်လည်သတင်းပို့သူများကို လုပ်ငန်းခွင်စွန့်ခွာသူများစာရင်းမှပယ်ဖျက်ပေးခဲ့ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်ပြီး နိုင်ငံရေးနှင့် နိုင်ငံ့အရေးကိုကွဲပြားစွာသိမြင်၍ တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်စွန့်ခွာမှုများကို ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများက အများဆုံးလုပ်ဆောင်ခဲ့ကြခြင်းဖြစ်ပြီး မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်နေမှုအခက်အခဲအကျပ်အတည်းများ၊ နိုင်ငံရေးပဋိပက္ခများကြောင့် ဖြစ်ပေါ်လာသည့် အကြမ်းဖက်မှုများ၊ ကျောင်းများပြန်လည်ဖွင့်လှစ်ချိန်တွင် ပညာရေးဝန်ထမ်းလိုအပ်ချက်များစသည်တို့ကို နည်းလမ်းမျိုးစုံဖြင့် ကျော်လွှားခဲ့ရခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းကြရန်လိုပြီး နိုင်ငံရေးနှင့် နိုင်ငံ့အရေးကိုကွဲပြားစွာသိမြင်ကြရန်လိုကြောင်း၊ တင်ပြချက်များတွင်ပါဝင်သည့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့်လည်း အင်တိုက်အားတိုက် တိုက်ဖျက်ဆောင်ရွက်လျက်ရှိကြောင်း၊ တာဝန်ရှိသည့်အဖွဲ့အစည်းများ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပြည်ခရိုင်အတွင်းရှိ အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစဉ်။

ယင်းနောက် မြို့မိမြို့ဖများက နိုင်ငံတော်အနေဖြင့် ပြည်မြို့ကမ်းနားလမ်းတစ်လျှောက်ကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့သည့်အတွက် ဒေသခံပြည်သူများက ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိမှု၊ ပြည်မြို့ခရီးသွားလာရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ပေးစေလိုမှု၊ ရထားခရီးစဉ်ပြေးဆွဲမှုကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှု၊ ခရိုင်အတွင်း အသေးစား၊အငယ်စားနှင့်အလတ်စား (MSME)စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်က ချေးငွေများထပ်မံချထားပေးစေလိုမှု၊ ပြည်မြို့အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်ပေးစေလိုမှု၊ ပြည်တွင်းဆီစက်လုပ်ငန်းများစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ကချမှတ်ပေးထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးတင်ဦးလွင်၊ ဦးမင်းနောင်၊ ဦးကိုကိုလွင်တို့က ဝန်ကြီးဌာနများအလိုက်လုပ်ငန်းဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်တစ်ဝန်းတည်ငြိမ်မှုနှင့် အေးချမ်းသာယာမှုရှိစေရေးအတွက် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ၊ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိမှု၊ ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၁ ခုနှစ်မှစ၍ ယခုနှစ်ထိ နှစ်အလိုက်အမှုအခင်းများဖြစ်ပွားမှုနှင့် တစ်နှစ်ထက်တစ်နှစ်လျော့နည်းလာသည်ကိုတွေ့ရှိရမှု၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထုက ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်သွားရန်လိုအပ်မှု၊ မကြာမီကျင်းပပြုလုပ်သွားမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုံခြုံရေးလုပ်ငန်းများကို အင်ပြည့်ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်နယ်မြေ၊ ကျုံးများပြန်လည်တူးဖော်ရန် ဆောင်ရွက်လျက်ရှိမှု၊ ဆီစက်လုပ်ငန်းများမှ ထွက်ရှိလာသည့် ကြိတ်ဖတ်များသည် တိရစ္ဆာန်အစာများ ထုတ်လုပ်နိုင်သဖြင့် ပြည်ပမှ တိရစ္ဆာန်အစာများတင်သွင်းနေမှုကိုလျှော့ချနိုင်မှု၊ ဆီစက်လုပ်ငန်းများအဆင့်မြှင့်တင်ရေးဆောင်ရွက်လျက်ရှိပြီး လိုအပ်သည့်ငွေကြေးများကို နိုင်ငံတော်က စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုတ်ချေးပေးလျက်ရှိမှု၊ ပြည်ဒေသတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့များ ဆက်လက်တူးဖော်ထွက်ရှိနိုင်မှု၊ ပြည်ရေနံမြေမှ ရေနံထုတ်လုပ်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်မှုနှင့် ပြည်တောင်တန်းရေနံမြေမှ သဘာဝဓာတ်ငွေ့များ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေး သုတေသနပြုဆောင်ရွက်လျက်ရှိမှု၊ ပြည်ဒေသတွင် နိုင်ငံအတွက် စွမ်းအင်အရင်းအမြစ်အဆောက်အအုံများရှိမှု၊အခြေခံအရင်း



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှေးဟောင်းသမိုင်းဝင် ဘောဘောကြီးစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။



အပြင် ပြည်သူလူထုတစ်ရပ်လုံးကလည်း ဝိုင်းဝန်းပါဝင်မှသာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အများသုံးသန့်စင်ခန်းများ အဆင့်မြှင့်တင်ရေးနှင့် သန့်ရှင်းမှုရှိစေရေးကြပ်မတ်ဆောင်ရွက်ပေးစေလိုမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသည့်ဝန်ထမ်းများအပြင် စည်းနှင့်ကမ်းနှင့် သုံးစွဲတတ်သည့်၊ နေထိုင်သွားလာတတ်သည့် လူ့ဘောင်အဖွဲ့အစည်းနှင့် လူ့အသိုက်အဝန်းများဖြစ်ရန်လည်း လိုကြောင်း၊ ထို့ကြောင့် အခြေခံပညာကျောင်းများကတည်းကပင် အခြေခံစည်းကမ်းများကို လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကပင်ဖြစ်ကြောင်း၊ တစ်မျိုးသားလုံးစည်းကမ်းကောင်းမွန်ရေးအတွက် အားလုံးကဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြမှသာလျှင် စည်းကမ်းစနစ်တကျရှိပြီးသန့်ရှင်းသာယာလှပသည့် ဒေသ၊ မြို့တော်နှင့် နိုင်ငံတော်ကို ပုံဖော်တည်ဆောက်နိုင်မည်ဖြစ်ကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

**ခရီးသွားကဏ္ဍမြှင့်တင်နိုင်ရေး**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့်ပတ်သက်၍ ခရီးသွားကဏ္ဍတွင် တည်းခိုရေး၊ သယ်ယူပို့ဆောင်ရေး၊ ဝန်ဆောင်မှု၊လက်ဆောင်ပစ္စည်းများ ရောင်းချခြင်း စသည်တို့ပါဝင်နေကြောင်း၊ ပြည်တွင်းခရီးသွားလာမှုတွင် ဘုရားဖူးခရီးသွားခြင်းသည် အများဆုံးဖြစ်ကြောင်း၊ မိမိတို့ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်ရေး၊သန့်ရှင်းသာယာလှပရေး၊ ဝန်ဆောင်မှုကောင်းပေးနိုင်ရေးတို့ကိုဆောင်ရွက်ခြင်းဖြင့် ခရီးသွားများကို ဆွဲဆောင်နိုင်ရန်လိုကြောင်း၊ မိမိတို့ဒေသသို့ လာရောက်သူများအနေဖြင့် စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာဖြင့် ဒေသ၏အထင်ကရနေရာများ၊ ဒေသ၏သာယာလှပမှုများကို ခံစားလည်ပတ်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် တစ်ဦးချင်း၊ တစ်အိမ်ချင်း သန့်ရှင်းသပ်ရပ်သည့် ပတ်ဝန်းကျင်ဖြစ်စေရန်ဆောင်ရွက်ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း သက်ဆိုင်ရာရုံး၊ ဌာနအလိုက် လမ်း၊ တံတား၊ အဆောက်အအုံများကို စနစ်တကျထိန်းသိမ်းခြင်းဖြင့် ဒေသသာယာလှပမှုကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ မြို့တွင်းရေစီးရေလာများ ကောင်းမွန်စေရေးအတွက်လည်းအမှိုက်များကင်းစင်အောင်ဆောင်ရွက်သကဲ့သို့ ဒေသသာယာလှပရေးအတွက် မည်ကဲ့သို့ကောင်းမွန်အောင် ဆောင်ရွက်မည်ကို စဉ်းစားတွေးခေါ်ဆောင်ရွက်ကြရန်

**ထုတ်ကုန်များထုတ်လုပ်ရာတွင်လည်း အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များထုတ်လုပ်နိုင်ရန်လိုပြီး ပြည်တွင်းမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးအား ကောင်းမွန်လာစေနိုင်မည်ဖြစ် . . .**

**စိုက်ပျိုးရေးလုပ်ငန်းတွင် ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီစွာဆောင်ရွက်နိုင်မည်ဆိုပါက အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံခန့်ဝင်ငွေပိုမိုရရှိနိုင်မည်ဖြစ်၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကိုအခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် နိုင်ငံ့စီးပွားရေး အားကောင်းလာမည်ဖြစ်သကဲ့သို့ သွင်းကုန်ပစ္စည်းများကိုလည်း လျှော့ချနိုင်မည်ဖြစ် . . .**

လိုကြောင်း၊ ထို့ပြင် ဒေသခံများအနေဖြင့်လည်း စည်းကမ်းစနစ်တကျဖြစ်ရန်၊ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ ဥပဒေများအတိုင်း လိုက်နာနေထိုင်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေများကို လိုက်နာမှုမရှိဘဲ ကျော်လွန်လုပ်ဆောင်ခဲ့မှုများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ကန့်သတ်ချက်များဖြစ်ပေါ်စေလျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ကလည်း အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ခြင်းအားဖြင့် ပြည်တွင်းလည်ပတ်သုံးစွဲငွေများ များလာခြင်း၊ Non-Trade Incomeများ ရရှိလာခြင်း၊ ထုတ်ကုန်ပစ္စည်းများရောင်းချရခြင်း၊ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများ ပိုမိုလည်ပတ်လာစေခြင်းတို့ကိုလည်းဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ဒေသနှင့်နိုင်ငံတော်၏လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း။

**စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်**

မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေရချိန်အတွင်း ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့ပြီး စီးပွားရေးအားကိုမြှင့်တင်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့ဆိုသည့်အတိုင်း ပြည်တွင်းကုန်ထုတ်လုပ်မှုကိုမြှင့်တင်နိုင်ရန် လိုကြောင်း၊ **ထုတ်ကုန်များထုတ်လုပ်ရာတွင်လည်း အရည်အသွေးပြည့်မီသည့်ထုတ်ကုန်များထုတ်လုပ်နိုင်ရန်လိုပြီး ပြည်တွင်းမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို ပြည်ပသို့ တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးအား ကောင်းမွန်လာစေနိုင်မည်ဖြစ်**ကြောင်း၊ နိုင်ငံတော်တွင် ခေတ်အဆက်ဆက်အစိုးရများအနေဖြင့်လည်း နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဆိုင်ရာမူဝါဒများ၊ လမ်းညွှန်ချက်များ အများအပြားချမှတ်ဆောင်ရွက်ခဲ့ကြပြီး အောင်မြင်သည်များရှိခဲ့သကဲ့သို့ မျှော်မှန်းသည့်အတိုင်းဖြစ်မလာခဲ့သည်များလည်းရှိကြောင်း၊ ထို့ပြင်ကျင့်သုံးဆောင်ရွက်ခဲ့သည့် နိုင်ငံရေးစနစ်များ၌ အုပ်ချုပ်ရေးအရ စီမံခန့်ခွဲမှုအားနည်းချက်များ၊ စီးပွားရေးအရပိတ်ဆို့မှုများ၊ မှောင်ခိုစီးပွားရေးစနစ်ဖြစ်ပေါ်လာမှုများ၊ သယံဇာတများခိုးထုတ်ခံရမှုများ၊ ရာသီဥတုဖောက်ပြန်မှုများကြောင့် နိုင်ငံ့စီးပွားရေးကျဆင်းမှုများလည်း ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည်များလည်းရှိခဲ့ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ တစ်ဧကပန်းတိုင်ရည်မှန်းချက်ပြည့်မီစွာ ထွက်ရှိစေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်နေကြသူများကို မြေပြင်ကွင်းဆင်း၍ လိုအပ်ချက်များ သုတေသနပြုမေးမြန်းခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ **စိုက်ပျိုးရေးလုပ်ငန်းတွင် ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီစွာဆောင်ရွက်နိုင်မည်ဆိုပါက အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံခန့်ဝင်ငွေပိုမိုရရှိနိုင်မည်ဖြစ်**ကြောင်း၊ **စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကိုအခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် နိုင်ငံ့စီးပွားရေးအားကောင်းလာမည်ဖြစ်သကဲ့သို့ သွင်းကုန်ပစ္စည်းများကိုလည်း လျှော့ချနိုင်မည်ဖြစ်**ကြောင်း၊ မိမိတို့အနေဖြင့် စက်သုံးဆီနှင့် စားသုံးဆီများကို ပြည်ပမှနှစ်စဉ်တင်သွင်းနေရခြင်းကြောင့် နိုင်ငံခြားငွေများစွာသုံးစွဲနေရကြောင်း၊ ပြည်ခရိုင်အတွင်း စားသုံးဆီဖူလုံမှုမှာ ၅၀၀ ရာခိုင်နှုန်းခန့်ရှိသည်ဟုသိရှိရပြီး ဆီထွက်သီးနှံများကို ယခုထက်ပိုမိုတိုးတက်အောင်မြင်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

ပြည်ခရိုင်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ယခုထက်ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ MSME ထုတ်ကုန်များထုတ်လုပ်ရာတွင် ပစ္စည်းအရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်သကဲ့သို့ ထုပ်ပိုးမှုစနစ်များကိုလည်း အဆင့်မီစွာဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်တွင်း MSME လုပ်ငန်းများမှထွက်ရှိသည့်ထုတ်ကုန်များဖြင့် ပြည်ပသွင်းကုန်များကို အစားထိုးနိုင်ရန်လိုကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း ဝါစိုက်ပျိုးထုတ်လုပ်မှုများရှိပြီး ဝါများမှတစ်ဆင့် အရည်အသွေးပြည့်မီသည့် ချည်ထည်များထုတ်လုပ်နိုင်ရေးဆောင်ရွက်သွားကြရန် လိုကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များဖြင့် MSME လုပ်ငန်းများကိုဆောင်ရွက်၍ အရည်အသွေးပြည့်မီသည့်တန်ဖိုးမြင့်ကုန်ချောများထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ခရိုင်အနေဖြင့် စိုက်ပျိုးရေးကိုအခြေခံသည့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ပြီး ဒေသတွင်းဖူလုံမှုမှပိုလျှံသည်များကို ရန်ကုန်တိုင်းဒေသကြီးသို့ တင်ပို့ရောင်းချနိုင်ကြောင်း။

**လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး**

မကြာမီရက်ပိုင်းအတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး အားလုံးကဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် မိမိတို့အနေဖြင့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ရေးနှင့်မဲမသမာမှုများ မဖြစ်ပေါ်စေရေးဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် မဲစာရင်းတွင်ပါဝင်သူများ မဲပေးခွင့်မဆုံးရှုံးစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးခြင်း မပေးခြင်းသည် မဲဆန္ဒရှင်များ၏ဆန္ဒဖြစ်ပြီး မဲပေးနိုင်အောင်ဆောင်ရွက်ပေးရမည်မှာ အစိုးရ၏တာဝန်ပင်ဖြစ်ကြောင်း၊ ဆန္ဒမဲများပေးရာတွင်လည်း နိုင်ငံနှင့်ဒေသအကျိုးကိုဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကိုလေးစားလိုက်နာဆောင်ရွက်နိုင်သူ၊ ပြည်ထောင်စုစိတ်ဓာတ်ရှိသူ၊ နိုင်ငံရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ စီးပွားရေးအမြင်၊ လုံခြုံရေးအမြင်ရှိသူ၊ နိုင်ငံတော်တည်ရှိနေသရွေ့တည်ရှိနေမည့် အခိုင်မာဆုံးသော အဖွဲ့အစည်းဖြစ်သည့် တပ်မတော်နှင့် လက်တွဲဆောင်ရွက်နိုင်သည့်သူများဖြစ်ရန်လိုကြောင်း၊ သို့ဖြစ်၍ ဆန္ဒမဲများပေးရာတွင် လူရွေးချယ်မှုမှန်ကန်ရန်လိုပြီး နိုင်ငံတော်ကလျှောက်လှမ်းနေသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ယုံကြည်ပါက မဲစာရင်းတွင်ပါဝင်သူများအားလုံး ဆန္ဒမဲပေးကြရန်လိုကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

စာမျက်နှာ ၁၉ သို့




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

**စဉ်ဆက်မပြတ် ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာများနှင့် မျက်ခြည်မပြတ်လေ့လာနေရမည်၊ သင်ယူတတ်မြောက်ပြီးဖြစ်သည့် စစ်အတတ်ပညာများကို ပိုမိုကျွမ်းကျင်ပိုင်နိုင်အောင် အမြဲလေ့ကျင့်နေရမည်၊ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို အမြဲလိုက်နာကျင့်သုံးနေရမည်ဖြစ် . . .**

**တပ်မတော်သည် နိုင်ငံတော်တည်ရှိနေသရွေ့ တည်ရှိနေမည့် အခိုင်မာဆုံးသောအဖွဲ့အစည်းဖြစ်ပြီး ပြည်သူနှင့် လက်တွဲ၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်သွားကြရမည်ဖြစ်၊ ပြည်သူများနှင့် တစ်သားတည်းဖြစ်အောင် နေထိုင်ကျင့်ကြံဆောင်ရွက်သွားကြရန်လို . . .**





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ ပြည်သူ့စစ်မှုထမ်းများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ သားဖွားမိခင်တစ်ဦးကို ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားစဉ်။

☆ **ကျောဖုံးမှအဆက်**

ယခင်ကတည်းက KNU သောင်းကျန်းမှုများ၊ ဗကပ သောင်းကျန်းမှုများကို နှိမ်နင်းခဲ့ရကြောင်း၊ နောက်ပိုင်းတွင် နယ်မြေအခြေအနေများ ငြိမ်သက်လာခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ် တပ်မတော်က နိုင်ငံတော်တာဝန်ထမ်းဆောင်ချိန်တွင် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများက အကြမ်းဖက်မှုများ လုပ်ဆောင်လာခဲ့သည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေး ဆောင်ရွက်ခဲ့ရကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် "အမြဲတိုက်ပွဲဝင်အသင့်" (Fit for Fight) ဖြစ်နေရန်လိုကြောင်း၊ ထိုသို့ အမြဲတိုက်ပွဲဝင်အသင့်ဖြစ်နေရန်အတွက် တပ်မတော်သားတစ်ဦးချင်းအနေဖြင့် ကျန်းမာကြံ့ခိုင်နေရန်လိုကြောင်း၊ ထို့ကြောင့် နေ့စဉ်ဆောင်ရွက်ရမည့် ကြံ့ခိုင်ရေးလုပ်ငန်းများကို အမြဲလေ့ကျင့်ဆောင်ရွက်နေရန် လိုကြောင်း၊ မိမိတို့အသက်အရွယ်နှင့် ကိုက်ညီပြီး ကျန်းမာကြံ့ခိုင်သည့် ခန္ဓာကိုယ်အချိုးအစားဖြစ်အောင် နေထိုင်စားသောက်ပြီး တစ်ကိုယ်ရေ ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများကို ဆောင်ရွက်နေရန်လိုကြောင်း၊ ကျန်းမာကြံ့ခိုင်နေမှသာ မိမိတို့ထမ်းဆောင်ရမည့်တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ အလားတူ သွားလာနေထိုင်မှုများတွင်လည်း **"သွားသတိ၊ လာသတိ"** ဖြင့်သွားလာနေထိုင်ကြမည်ဆိုပါက ကျရောက်လာမည့် အန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ သတိဟူသည်မှာ ပိုသည်မရှိကြောင်း။

တိုက်ပွဲဝင်ရာတွင် ရဲစွမ်းသတ္တိရှိရန်လိုကြောင်း၊ တိုက်ပွဲများတွင် ရဲစွမ်းသတ္တိရှိရှိဖြင့် သင်ကြားတတ်မြောက်ထားသည့် စစ်ပညာရပ်များကို လက်တွေ့စစ်မြေပြင်တွင် အသုံးချပြီး အောင်မြင်စွာတိုက်ခိုက်နိုင်ရန်လိုကြောင်း၊ ရဲစွမ်းသတ္တိဆိုသည်မှာ မိုက်ရူးရဲဆန်စွာ လုပ်ဆောင်ခြင်းမဟုတ်ဘဲ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ရဲကိုင်ရဲသည့်စိတ်ဓာတ်ဖြင့် သတ္တိရှိရှိ လုပ်ဆောင်ခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့တစ်ဦးချင်းတာဝန်များကို သက်ဆိုင်ရာပညာရပ်များအလိုက် ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် တတ်ကျွမ်းနေအောင် လေ့ကျင့်ဆောင်ရွက်နေရန်လိုကြောင်း၊ ထိရောက်သောပစ်ခတ်မှုများ ဖြစ်ရန်အတွက် မိမိတို့ကိုင်တွယ်အသုံးပြုရသည့် လက်နက်များ၊ အသုံးအဆောင်ပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်ရန်လိုကြောင်း။

သင်ကြားပေးထားသည့် စစ်အတတ်ပညာများကို စစ်မြေပြင်တွင် လက်တွေ့အသုံးချနိုင်ရေး အမြဲလေ့ကျင့်နေရန်လိုကြောင်း၊ **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"** ဆိုသည့်မူဝါဒနှင့်အညီ **စဉ်ဆက်မပြတ် ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာများနှင့် မျက်ခြည်မပြတ်လေ့လာနေရမည်၊ သင်ယူတတ်မြောက်ပြီးဖြစ်သည့် စစ်အတတ်ပညာများကို ပိုမိုကျွမ်းကျင်ပိုင်နိုင်အောင် အမြဲလေ့ကျင့်နေရမည်၊ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို အမြဲလိုက်နာ ကျင့်သုံးနေရမည်ဖြစ်**ကြောင်း၊ အမြဲတိုက်ပွဲဝင်အသင့်ဖြစ်နေစေရေး မိမိတို့နေ့စဉ် ဆောင်ရွက်နေရသည့် သမားစဉ်လုပ်ငန်းရပ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်နေရန်လိုကြောင်း၊ သင်ကြားပေးထားသည့် စစ်အတတ်ပညာများကို ပြန်လည်လေ့ကျင့်ခြင်းနှင့် နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေခြင်းသည် အမြဲလေ့ကျင့်နေခြင်းပင်ဖြစ်ကြောင်း။

သက်သာချောင်ချိရေးနှင့်ပတ်သက်၍ တပ်မတော်သားများ၏ သက်သာချောင်ချိရေးအတွက် တပ်မတော်က ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မိမိတို့တစ်ဦးချင်း၏ ဝင်ငွေနှင့်ထွက်ငွေကို ညီညွတ်မျှတစွာ သုံးစွဲကြရန်လိုကြောင်း၊ အရက်၊ ကွမ်း၊ ဆေးလိပ်စသည့် အသောက်အစားများနှင့် အပျော်အပါးများကို တတ်နိုင်သမျှရှောင်ရှားကြရန်လိုပြီး မိမိကိုယ်ကို ထိန်းသိမ်းကြရန်လိုကြောင်း၊ တပ်မတော်သားများသည်

**စာမျက်နှာ ၁၉ သို့**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် လက်သည်းရေကန်ကျောင်းတိုက် ခေါ် သုံးပန်လှကျောင်းဝင်းအတွင်းရှိ နှစ်ထပ်အုတ်တိုက်အား ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင်မွမ်းမံထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ခင်းကျင်းပြသထားသည့် ပြည်ခရိုင်အတွင်းရှိအသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ၊ လယ်ယာသုံး ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည် သရေခေတ္တရာမြို့ဟောင်း၏ အနောက်တောင်ဘက်ရှိ ဒုတ္တဘောင်မင်းကြီးတည်ထားခဲ့သော ရှေးဟောင်းသမိုင်းဝင်အထင်ကရ စေတီတစ်ဆူဖြစ်သည့် ဘောဘောကြီးစေတီသို့ရောက်ရှိကြရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများက စေတီတော်ကြီးအား ရှေးမူလက်ရာမပြတ်ထိန်းသိမ်းထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ရှေးဟောင်းအမွေအနှစ်လက်ရာများ၊ ဘုရား၊ စေတီများ၊ အဆောက်အအုံများသည် တန်ဖိုးဖြတ်၍မရနိုင်သည့် အမွေအနှစ်များဖြစ်သဖြင့် ရေရှည်တည်တံ့ခိုင်မြဲနေစေရေးစနစ်တကျ ထိန်းသိမ်းစောင့်ရှောက်သွားကြရန်လိုကြောင်း၊ စေတီတော်ကြီးလုံးပတ်တော်ပေါ်၌ သစ်ပင်ငယ်များပေါက်ရောက်နေခြင်းသည် ရေရှည်တည်တံ့ခိုင်မြဲရေးကိုထိခိုက်စေနိုင်မည်ဖြစ်သဖြင့် စဉ်ဆက်မပြတ် ဖယ်ရှားရှင်းလင်းသွားရန်လိုကြောင်း၊ စေတီတော်ပရိဝုဏ်နှင့်အနီးတစ်ဝိုက်တွင် ချုံနွယ်များကို ရှင်းလင်းခြင်း၊ သစ်ပင်ကြီးများအား အောက်ခြေရှင်း အလင်းဖွင့်ခြင်းများကို ဆောင်ရွက်ပေးသွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ပန်း၊ရေချမ်း၊ဆီမီး ကပ်လှူပူဇော်သည်။ ယင်းနောက် စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညို၍ စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြည်မြို့ မှော်ဇာကျေးရွာအုပ်စု သရေခေတ္တရာ ပျူမြို့ဟောင်းအတွင်းရှိ မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် လက်သည်းရေကန်ကျောင်းတိုက် ခေါ် သုံးပန်လှ ကျောင်းဝင်းအတွင်းရှိ နှစ်ထပ်အုတ်တိုက်ကို ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင်မွမ်းမံထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟို)

---

**စာမျက်နှာ ၁၈ မှအဆက်**

အသက်နှင့်ရင်း၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို တာဝန်ထမ်းဆောင်ကြရခြင်းဖြစ်သဖြင့် မိမိတို့၏ဘဝကို တန်ဖိုးထားကြရန်လိုကြောင်း။

လူတိုင်းသည် မိမိတို့ဘဝတိုးတက်ရေးအတွက် အမြဲဆောင်ရွက်နေကြကြောင်း၊ ကြိုးစားအားထုတ်မှု ကောင်းမွန်သည့်သူများသည် ဘဝတိုးတက်ရေးကို ပိုမိုဆောင်ရွက်နိုင်ကြကြောင်း၊ ထို့ကြောင့် မိမိတို့ဘဝတိုးတက်ရေးအတွက် မိမိကိုယ်ကိုစောင့်ထိန်းပြီး ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း၊ တပ်မတော်သားများ၏ ပညာရည်မြင့်မားရေးအတွက် မိမိတို့အနေဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း၊ အလားတူ တပ်မတော်သားများ၏ လစာနှင့်စရိတ်များ၊ ရိက္ခာများ ပြည့်ပြည့်ဝဝရရှိစေရေး၊ အဆင့်အတန်းမီစွာဖြင့် ဝတ်စားဆင်ယင်နေထိုင်နိုင်ရေးတို့ကို တပ်မတော်က ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပညာရေးနှင့်ပတ်သက်၍ **"အသိပညာသည် လူကောင်းဖြစ်စေပြီး အတတ်ပညာသည် လူတော်ဖြစ်စေ"** ကြောင်း၊ **အသိပညာတိုးတက်ရန်အတွက် အတန်းပညာရှိရန်လိုကြောင်း၊ အသိပညာ၊ အတတ်ပညာ၊ အတန်းပညာမြင့်မားစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊** ပညာရေးသည် လူတစ်ဦးချင်း၏ ဘဝကိုမြင့်မားစေကြောင်း၊ ထို့ကြောင့် ဗဟုသုတအတွေးအခေါ်များရရှိစေမည့်စာအုပ်စာပေများကို အမြဲလေ့လာဖတ်ရှုနေရန် လိုကြောင်း၊ အလားတူ မိမိတို့သားသမီးများ၏ ပညာရည်မြင့်မားရေးကို ဆောင်ရွက်ပေးသကဲ့သို့ ဗဟုသုတရရှိစေမည့် စာအုပ်စာပေများ ဖတ်ရှုစေရေးအတွက်လည်း အမြဲတိုက်တွန်း ဆောင်ရွက်သွားရန်လိုကြောင်း၊မိမိတို့၏ဘဝထက်သာလွန်သည့်ဘဝများရရှိစေရေး မိမိတို့၏သားသမီးများကို မြေတောင်မြှောက်ပေးကြစေလိုကြောင်း၊ တပ်မတော်သားမိသားစုဝင်များ၏ ပညာရည်မြင့်မားရေးအတွက် လိုအပ်သည့် ထောက်ပံ့မှုများနှင့် ချီးမြှင့်မှုများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း နိုင်ငံတော်၏ ပညာရည်မြင့်မားရေးကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်း၊ တပ်မတော်သားများသည် ပြည်သူများ၏ အစိတ်အပိုင်းပင်ဖြစ်ကြောင်း၊ **တပ်မတော်သည် နိုင်ငံတော်တည်ရှိနေသရွေ့ တည်ရှိနေမည့် အခိုင်မာဆုံးသောအဖွဲ့အစည်းဖြစ်ပြီး ပြည်သူနှင့်လက်တွဲ၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်သွားကြရမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် **ပြည်သူများနှင့်တစ်သားတည်းဖြစ်အောင် နေထိုင်ကျင့်ကြံဆောင်ရွက်သွားကြရန်**လိုကြောင်း၊ မိမိတို့တွေ့ကြုံရသည့် အတွေ့အကြုံများကို သင်ခန်းစာယူ၍ မိမိကိုယ်ကိုသော်လည်းကောင်း၊ မိမိတို့တပ်မတော်ကိုလည်းကောင်း၊ မိမိတို့နိုင်ငံတော်အတွက်လည်းကောင်း ကောင်းမွန်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

မကြာမီကာလအတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်တော့မည်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးရာတွင်လည်း ဒို့တာဝန်အရေးသုံးပါးကို လေးစားလိုက်နာစောင့်ထိန်းနိုင်သူ၊ ဒေသနှင့်နိုင်ငံအကျိုးကို အမှန်တကယ် ဆောင်ရွက်နိုင်သူ၊ ဥပဒေပြုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်သူ၊ တပ်မတော်နှင့် လက်တွဲ၍ နိုင်ငံ့အကျိုးကို အမှန်တကယ် သယ်ပိုးဆောင်ရွက်နိုင်သူများကို ရွေးချယ်ဆောင်ရွက်သွားနိုင်ရန် လိုကြောင်း၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲပြီးဆုံးချိန်တွင် ပေါ်ပေါက်လာမည့် အစိုးရအဖွဲ့ကို နိုင်ငံတော်တာဝန်များကို လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး အားလုံးကဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ တပ်နယ်မှူးကလည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တပ်နယ်မှူး၏ ဇနီးကလည်းကောင်း အသီးသီးလက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၊ ပြည်သူ့စစ်မှုထမ်းများကို ထိခိုက်ဒဏ်ရာရရှိခဲ့မှု အခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှုအခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံလိုအပ်ချက်များကို မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးသည်လည်း အမျိုးသမီးကုသဆောင်တွင် တက်ရောက် ကုသမှုခံယူလျက်ရှိသည့် တပ်မတော်သား မိသားစုဝင်များကို တစ်ဦးချင်း ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်တပ်နယ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟို)

---

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့မှ ပြည်သူများ၊ စစ်တက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ်တို့မှ ဗိုလ်လောင်းများ၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုများကို အနုပညာရှင်များ ဖျော်ဖြေတင်ဆက်





**နောင်ချို ဒီဇင်ဘာ ၂၁**

ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရုပ်ရှင်၊ ဂီတအနုပညာရှင်များနှင့်အတူ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ နောင်ချိုမြို့မှ ပြည်သူများ၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုများကို သွားရောက်ဖျော်ဖြေတင်ဆက်ကြသည်။

နံနက်ပိုင်းတွင် ကျောက်မဲမြို့မှ ထွက်ခွာပြီး နောင်ချိုမြို့မှ ၁၆ မိုင်အကွာရှိ နောင်ချိုကြီး တိမ်ပင်လယ်ရှုခင်းသာကို သွားရောက်လေ့လာကြသည်။

နောင်ချိုကြီး တိမ်ပင်လယ်ရှုခင်းသာနေရာ၌ အပန်းဖြေနေရာ ခုနစ်ခုမှ ပြည်တွင်း၊ ပြည်ပ ခရီးသွားများအတွက် တည်းခိုနေထိုင် အပန်းဖြေနိုင်ရန်နှင့် သန့်ရှင်းလတ်ဆတ်စွာ စားသုံးနိုင်ရန်အတွက် ပြင်ဆင်ထားရှိရာ ယခုအခါ ခရီးသွားဧည့်သည်များ ပြန်လည်ဝင်ရောက်လာနေပြီဖြစ်သည်။

ထို့နောက် ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးတွေ့ဆုံပွဲ ကျင်းပမည့် နောင်ချိုမြို့ အားကစားရုံသို့ ရောက်ရှိကြရာ တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများက လှိုက်လှဲနွေးထွေးစွာကြိုဆိုကြပြီး အနုပညာရှင်များနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး တွေ့ဆုံပွဲကို ကျင်းပရာ "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" Video Clip ကို ဦးစွာဖွင့်လှစ်ပြသသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နှုတ်ခွန်းဆက်ပြောကြားရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသရှိ မြို့နယ်များ ပြန်လည်ထိန်းချုပ်နိုင်အောင် သက်စွန့်ဆံဖျားဆောင်ရွက်ပေးခဲ့ကြသည့် တပ်မတော်သားများကို အထူးကျေးဇူးတင်ပါကြောင်း၊ တစ်ဆက်တည်းတွင် မြို့ရွာဒေသကို ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်နေကြသော ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ ဝိုင်းဝန်းဆောင်ရွက်နေကြသော ပြည်သူလူထုကိုလည်း ကျေးဇူးတင်ပါကြောင်း၊ ဆက်လက်ပြီး အားတက်သရော ဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန်နှင့် မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင်လည်း နောင်ချိုမြို့နယ်အတွက် ပိုမိုကောင်းမွန်သည့်အနာဂတ်ကို ဖော်ဆောင်ပေးနိုင်မည့်သူများကို ရွေးချယ်ပြီး ဆန္ဒပြုမဲပေးကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရှေ့တန်းရောက် တပ်မတော်သားများအတွက် ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းသည့်ခေါက်ဆွဲခြောက်၊ ငါးခြောက်ကြော်၊ ငံပြာရည်ချက်၊လက်ဖက်အကြော်စုံနှင့် ကော်ဖီထုပ်များ အပါအဝင် စားသောက်ဖွယ်ရာများ၊ နောင်ချိုတပ်နယ်နှင့် ဌာဆိုင်ရာများအတွက် ဗုဒ္ဓရုပ်ပွားဆင်းတုတော် ၄၅ ဆူနှင့် MRTV DTH စလောင်းနှင့် ဆက်စပ်ပစ္စည်းအစုံ ၃၀၊ MRTV DVB – T2 Set Top Box အစုံ ၂၀ တို့ကို ပေးအပ်လှူဒါန်းရာ နောင်ချိုမြို့နယ်အုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

ယင်းနောက် နောင်ချိုတပ်နယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဖျော်ဖြေတင်ဆက်ကြမည့် အနုပညာရှင်များကို ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဖျော်ဖြေရေးအစီအစဉ်ကို ဆောင်ရွက်ရာ ရုပ်ရှင်သရုပ်ဆောင် ဆုပန်ထွာ၊ပွင့်၊ဆောင်းယွန်းစံ၊ စည်သူဝင်း၊ သရုပ်ဆောင်၊ တေးသံရှင် သံသာမိုးသိမ့်၊ တေးသံရှင် စစ်သွေး၊ထက်အဥ္စလီ၊ပိုးဖြူဖြူ နွေဦးသခင်နှင့် MRTV မှ တေးသံရှင် တျားရအောင်၊ စောဒယ်နီရယ်၊ စောရက်စတာ၊ ဝမ်းကေဇင်၊ ဖူးကေရီဆောင်း၊ မြတ်ဆုချယ်၊ အင်ကြင်းနိုင်ဦး၊ မေသူမျိုး၊ လဝန်းမေ၊ ခတ္တာတို့က သီဆိုဖျော်ဖြေကြရာ ပရိသတ်များကလည်း ပျော်ရွှင်စွာ သီဆိုကခုန်ကာ ပါဝင်ဆင်နွှဲကြသည်။

ညနေပိုင်းတွင် ပြင်ဦးလွင်မြို့သို့ ရောက်ရှိကြပြီး စစ်တက္ကသိုလ်ရှိ အနော်ရထာခန်းမ၌ စစ်တက္ကသိုလ်နှင့်တပ်မတော်နည်းပညာတက္ကသိုလ်၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုများကို ဖျော်ဖြေတင်ဆက်ပွဲပြုလုပ်ရာ ဦးစွာ ပြင်းထန်သည့်မြေငလျင်ဒဏ်ကို ကျော်ဖြတ်ကာ ပြန်လည်တည်ဆောက်ကြမည့် ပိုမိုကောင်းမွန်သော အနာဂတ်နှင့် ရှေ့သို့ချီမည် ပန်းတိုင်ဆီ Video Clip များ ဖွင့်လှစ်ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်ပြောကြားပြီး ပြင်ဦးလွင်တပ်နယ်အတွက် MRTV DTH စလောင်း အစုံ ၁၀၀၊ MRTV DVB T–2 Set Top Box အစုံ ၁၀၀ နှင့် သုတ၊ ရသစာအုပ်၊ စာစောင်များကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ MRTV ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ ဝန်ထမ်းအဆိုရှင်များနှင့် နိုင်ငံကျော်အနုပညာရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ဗိုလ်လောင်းများ၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုများကလည်း ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နောင်ထလီ-ထီဖောင်း(မြောက်)-မြစိမ်း-TGC လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲပြုလုပ်



ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးတို့ နောင်ထလီ–ထီဖောင်း(မြောက်)–မြစိမ်း–TGC လမ်း ကတ္တရာလမ်းသစ်ကို လိုက်လံကြည့်ရှုစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နောင်ထလီ–ထီဖောင်း(မြောက်) – မြစိမ်း – TGC လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါလမ်းသစ်၌ ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နောင်ထလီ–ထီဖောင်း(မြောက်) – မြစိမ်း – TGC လမ်း ကတ္တရာလမ်းသစ်ကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

❍ ကမ္ဘာ့ချန်ပီယံခါးပတ်မှ

ဒိုင်နှစ်ဦးက (၉၈၊ ၉၂) ရမှတ်ဖြင့်လည်းကောင်း၊ (၉၇၊ ၉၃) ရမှတ်ဖြင့်လည်းကောင်း ကာယီစကော့အား အနိုင်ပေးခဲ့ပြီး ကျန်ဒိုင်တစ်ဦးက (၉၅၊ ၉၅) ရမှတ်ဖြင့် သရေရလဒ်အဖြစ်သာ သတ်မှတ်ခဲ့သည်။

ကာယီစကော့က "ပထမအကြိမ်တုန်းက ပိုကောင်းအောင် လုပ်ပြနိုင်ခဲ့ပါတယ်။ အဲဒီပွဲက အားနည်းချက်ကို အကောင်းဆုံးပြင်ဆင်နိုင်ခဲ့ပြီးတော့ အခုပွဲစဉ်မှာ အလဲထိုးရလဒ်မဟုတ်ပေမယ့်လဲ အနိုင်ရလဒ်နဲ့ထိုက်တန်ကြောင်းကိုပြသနိုင်ခဲ့ပါတယ်။ ပထမတစ်ကြိမ်ကတည်းက ရသင့်တဲ့ခါးပတ်နှစ်ခုကို အခုမှပဲ အရယူနိုင်ပါတော့တယ်။ ကျွန်မအတွက် တကယ့်ဝမ်းမြောက်ဂုဏ်ယူစရာအောင်မြင်မှုဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Boxing Scene

Trs : AZL



# ၇၈ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ



ရန်ကုန် ဒီဇင်ဘာ ၂၁

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ၇၈ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ သြဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများ၊ ကြီးကြပ်ရေးဆရာတော်များ၊ စာပြန်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ဧည့်ပရိသတ်များက တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ သြဝါဒါစရိယဥက္ကဋ္ဌ ဆရာတော် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန် စာသင်တိုက် ပဓာနနာယက ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက "သာရဏီယသြဝါဒကထာ"ကို မိန့်ကြားတော်မူသည်။

ယင်းနောက် ဒုတိယဝန်ကြီးက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ သြဝါဒါစရိယဆရာတော်ကြီးများ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊ စာထောက်စာမဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် သံဃာတော်များအား အလှူရှင်များက အလှူငွေကျပ် ၁၂၅၂၅၃၀၀၀ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ပါဠိပ္ပကာရီတုလွတ်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသထံမှ ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အမှူးပြုသော သံဃာတော် ၅၅ ပါးအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ သုံးထပ်ဆွမ်းစားကျောင်းဆောင်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှမိသားစုတို့က ဆက်ကပ်လှူဒါန်းသည့် နေ့ဆွမ်းကို ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ သြဝါဒါစရိယဆရာတော်ကြီးများ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊ စာထောက်စာမဆရာတော်များနှင့် စာပြန်သံဃာတော်များအား ဆက်ကပ်ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပုဂံ-ညောင်ဦးလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့ကို ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ကြည့်ရှုစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၂၁

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရှိ ပုဂံ - ညောင်ဦး လေဆိပ်သို့ရောက်ရှိရာ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ပုဂံ-ညောင်ဦးလေဆိပ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ အဆင့်လိုက်ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လေယာဉ်ပြေးလမ်း ဘေးနှစ်ဖက်သို့ ၂၅ ပေစီတိုးချဲ့ခြင်း၊ တိုးချဲ့ပြီး လေယာဉ်ပြေးလမ်းနှင့် မူလလေယာဉ်ပြေးလမ်းကို နိုင်လွန်ကတ္တရာခင်းခြင်းနှင့် လေယာဉ်ရပ်နားရန်နေရာ တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းများကို ရေးဆွဲထားသည့် အချိန်ဇယားအတိုင်း ဆောင်ရွက်နိုင်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်နိုင်ရေး မှာကြားသည်။

ယင်းနောက် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ခရီးသည်နားနေဆောင်၊ မြန်မာမှုအနုလက်ရာများ ပြုပြင်မွမ်းမံမှု၊ လေဆိပ်ရှိရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ခရီးသည်များကို ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများ ပေးအပ်နိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ရန် မှာကြားကာ ဝန်ထမ်းများကို စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ တတိယပတ် စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပပြုလုပ်

နေပြည်တော် ဒီဇင်ဘာ ၂၁

လမ်းလျှောက်ခြင်းသည် အရိုးရှင်းဆုံးနှင့် ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာကို ရရှိစေနိုင်သော အထိရောက်ဆုံးလေ့ကျင့်ခန်းတစ်မျိုး ဖြစ်သည့်အတွက် နှစ်စဉ် ဒီဇင်ဘာလကို လူထုအားကစားလအဖြစ် သတ်မှတ်၍ အများပြည်သူစုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလှုပ်ရှားမှုများ၊ အားကစားပြိုင်ပွဲများကို နိုင်ငံတစ်ဝန်းကျင်းပပြုလုပ်လျက်ရှိသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ တတိယပတ် စုပေါင်းလမ်းလျှောက်ပွဲကျင်းပစဉ်။



နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ တတိယပတ် စုပေါင်းလမ်းလျှောက်ပွဲကျင်းပစဉ်။



ဧရာဝတီတိုင်း — ဤနေရာ မှာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ တတိယပတ် စုပေါင်းလမ်းလျှောက်ပွဲကျင်းပစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ တတိယပတ် စုပေါင်းလမ်းလျှောက်ပွဲကျင်းပစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ တတိယပတ် စုပေါင်းလမ်းလျှောက်ပွဲကျင်းပစဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ တတိယပတ် စုပေါင်းလမ်းလျှောက်ပွဲကျင်းပစဉ်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက် တပ်နယ်များ၌လည်း ကျင်းပပြုလုပ်လျက်ရှိရာ ဒီဇင်ဘာ တတိယပတ် စုပေါင်းလမ်းလျှောက်ပွဲများကို ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌ လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ဘောလုံးကွင်း၌လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ်အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို ဘားအံတပ်နယ် စုပေါင်းတန်းစီကွင်း၌လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်ဘောလုံးကွင်း၌လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို မန္တလေးနန်းမြို့တွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီးအနီး၌ လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမရှေ့၌ လည်းကောင်း အသီးသီး ကျင်းပပြုလုပ်ကြသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲများတွင် တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း၊တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပါဝင်ဆင်နွှဲကြပြီး သတ်မှတ်နေရာများ၌ စုပေါင်းကိုယ်လက် ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ရုံး၊ ဌာနများ၏ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး စခန်းမှူးနှင့် ရုံး၊ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ ပါဝင်ဆင်နွှဲ၍ သတ်မှတ် လမ်းကြောင်းများအတိုင်း စုပေါင်းလမ်းလျှောက်ကြပြီး သတ်မှတ်နေရာ၌ ကိုယ်လက်ကြံ့ခိုင်ရေးများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ဂျေဘီ)




# ကမ္ဘောဒီးယားနိုင်ငံ ဒုတိယအကြိမ်မြောက် အမျိုးသားစာဆိုတော်နေ့အထိမ်းအမှတ် စာပေဆွေးနွေးပွဲတွင် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဟောပြောဆွေးနွေး

ဖနောင်ပင် ဒီဇင်ဘာ ၂၁

ကမ္ဘောဒီးယားနိုင်ငံ စာရေးဆရာအသင်းသည် မြန်မာ၊ လာအို၊ ဗီယက်နမ်၊ တရုတ်နိုင်ငံတို့ရှိ နိုင်ငံအလိုက် စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ဖိတ်ကြားလျက် ၎င်းတို့နိုင်ငံ၏ ဒုတိယအကြိမ်မြောက် အမျိုးသားစာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောဆွေးနွေးပွဲကို ဖနောင်ပင်မြို့ Combodia Japan Co-operation Center တွင် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီ၌ စတင်ကျင်းပပြုလုပ်သည်။

ဆွေးနွေးပွဲ ပထမနေ့တွင် ကမ္ဘောဒီးယားနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ Pnoeung Pranit နှင့်မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)တို့က မိမိတို့၏ စာပေဘဝခရီးလမ်းအတွေ့အကြုံများကို အကြောင်းရင်းခံအဖြစ် တင်ပြဆွေးနွေးကြကာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌက ''A writer is an ambssador of culture and peace''ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာသော စာပေဝါသနာရှင်များက သိလို၍ မေးမြန်းဆွေးနွေးမှုများကို ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် အဆောက်အအုံ ၄၈၅ လုံး စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများကို မီးရှို့ဖျက်ဆီး

နေပြည်တော် ဒီဇင်ဘာ ၂၁


မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အမြားဆုံးအခြေချ လုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park)နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် လေးထပ်အဆောက်အအုံ သုံးလုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၄၈၅ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။


ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင်ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်ခြင်းနှင့်အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာ ၈ ရက်မှစတင်၍ ရှာဖွေရှင်းလင်းဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း တရားမဝင် တစ်ထပ်အဆောက်အအုံ ခုနစ်လုံးကို စစ်ဆေးရှာဖွေနိုင်ခဲ့သဖြင့် ယနေ့ထိ အဆောက်အအုံ စုစုပေါင်း ၄၄၅ လုံးကို စစ်ဆေးရှာဖွေနိုင်ခဲ့ပြီး အဆိုပါအဆောက်အအုံများအနက်မှ အွန်လိုင်းလောင်းကစားကျူးလွန်ရာတွင်အသုံးပြုသည့် အဆောက်အအုံ ၁၂ လုံး စစ်ဆေးဖော်ထုတ်နိုင်ခဲ့ပြီး ယနေ့တွင် အဆောက်အအုံလေးလုံးကို စတင်ချိပ်ပိတ်သိမ်းဆည်းခဲ့သည်။

၎င်းအပြင် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများကို ထပ်မံ၍အသုံးပြုနိုင်ခြင်းမရှိစေရန်အတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)





KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် လေးထပ်တိုက် လူနေအဆောက်အအုံ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။




KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများ မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။




တရားမဝင်ပြည်ပနိုင်ငံသားများ ဝင်ရောက်ခိုအောင်းနေထိုင်နိုင်သည့် အဆောက်အအုံများ သိမ်းဆည်းချိပ်ပိတ်ထားမှုကို တွေ့ရစဉ်။

## ထူးခြားသည့် ညအပူချိန်များ ( ၂၁ - ၁၂ - ၂၀၂၅ )

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဟားခါး | ၁ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် | လားရှိုး | ၆ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် | ပင်လောင်း | ၇ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | မိုင်းယန်း | ၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | ပူတာအို | ၇ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် | မင်းကင်း | ၈ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |

## ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၅၉၉၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |



ဝတ္ထုတိုကလေး

# အရိုးကတော့ များလှသည်

မောင်ခြိမ့်

**ယမန်နေ့မှအဆက်**

မနှစ်က ပိုက်သွားဆွဲကြသည့် ငါးမြွေထိုးလှေငါးစီးတွင် ဖိုးမှီက ခေါင်းဆောင်ဖြစ်ပြီး ကျန်ပိုက်လှေအားလုံးက ဖိုးမှီ၏စကားတစ်ခွန်းပဲဆိုတော့ လူကလည်းညီသည်။

ကလိမ်ကကျစ်မရှိ၊ တစ်ရာသီလုံး အဖုအထစ် အငြိအစွန်း နတ္ထိ၊ နှစ်ဦးနှစ်ဖက် ပီတိများတဝေဝေနှင့် စီးပွားများဖြစ်ခဲ့ကြသည်။

သုံးလေးငါးလဆိုသလို သူများရပ်၊ သူများရွာတွင် တည်းခိုနေထိုင်ပြီး ငါးရှာငွေရှာရသည်ဖြစ်၍ ရွာနေပြည်ထိုင်ရွာခံများနှင့် သင့်မြတ်ရန် လိုပေသည်။ အဆင်ပြေရန် လိုပေသည်။ သူ့စည်းကိုယ့်စည်း လူမှုရေးစည်းများရှိထားရန်လိုသည်။

ပိုက်လှေငါးစီးတွင် ယောကျ်ားချည်း ၁၀ ဦးပါသည်ဖြစ်၍ မိန်းမကိစ္စရှုပ်ထွေးတတ်သည်။ အခြားဘာကိစ္စများဖြစ်ဖြစ် ဖြစ်လာလျှင် ရှင်းရလွယ်သေးသည်။ မိန်းမကိစ္စရှုပ်လာမှဖြင့် အဖေများ၊ မောင်များ၊ ဦးရီးဦးလေးများ ပါလာမည်။ ရွာခံ ကာလသားများလည်း ပါလာမည်။ တုတ်တပြက် ဓားတပြက်လည်း ဖြစ်လာကြတော့မည်။

သည်လိုကိစ္စမျိုးများ ရှိလာတတ်၍လည်း ခရီးဝေးကိုထွက်တော့မည်ဆိုလျှင် လူရွေးကြရသည်။ ပိုက်သူကြီးတိုင်းက ကိုယ့်လူငှားကို တာဝန်ခံကြရသည်။ ခြေစလက်စရှိသူ၊ "ဇ"ရှိသူများကို ခေါ်မသွားရဲကြ။ တော်တော်ကြာ သူ့ကြောင့်ကိုယ်ပါ နံနက်မိုးလင်းလျှင် မျက်နှာသစ်စရာမရှိဘဲ ဖြစ်သွားနိုင်သည် မဟုတ်လား။

မနှစ်က ဖိုးမှီခေါင်းဆောင်သောအဖွဲ့တွင် လူမှုရေးပြဿနာကင်း၏။ ငွေကြေးအရှုပ်အရှင်းကင်း၏။ ထိုအရာကို အင်းပိုင်ရှင်များက သဘောကျ၏။ ထို့ကြောင့် ယခုနှစ် အလုပ်လုပ်ရန်၊ လက်တွဲ၍စီးပွားရှာရန် ရွာသို့လိုက်လာကြခြင်းဖြစ်၏။ ဘာများဆန်းသနည်း။

ဆန်းတာတစ်ခုတော့ရှိသည်။ လာသည့်ဧည့်သည်များထဲတွင် မတင်တင် ပါလာတာကတော့ ဆန်းသည်ဟုဆိုလျှင်ရ၏။ မတင်တင်သည် အင်းသူကြီးမဟုတ်၊ အင်းသူအင်းသားမဟုတ်၊ အင်းသူကြီးကတော် မဟုတ်၊ သို့ဖြစ်၍ ထူးဆန်းသလိုရှိ၏။ အင်းသူကြီးများက ဖိုးမှီတို့နှင့် တစ်ရာသီ ရေကုန်ရေခန်း စာချုပ်ချုပ်ဆို၍ ဈေးနှုန်းညှိနှိုင်းပြီးသောအခါ သူတို့ကိစ္စတစ်ခန်းရပ်၏။ သည်မှာတင် မတင်တင် အခန်းကဏ္ဍစသည်။

ရေထွက်ပစ္စည်းဖြစ်သော ငါး၊ ပုစွန်များကို စားသုံးသူထံအရောက်ပို့ပေးရန် မတင်တင်တို့လို လူမျိုးများက မရှိမဖြစ် အမှန်ကိုလိုအပ်၏။

ဖိုးမှီတို့ပိုက်လှေများ နေ့စဉ်ဖမ်း၍ရလာသော ငါး၊ ပုစွန်များကို မြို့ဈေး၊ ငါးဒိုင်များသို့ နေ့စဉ်သွားရောက်၍ မရောင်းနိုင်၊ ဝေးသည်။ တစ်ရေတက် တစ်ရေကျခရီးဖြစ်၏။ ထိုအခါ အင်းချောင်းများထိ ကုန်လာကောက်သည့် ငါးဒိုင်စက်လှေများတွင် ရောင်းရတော့သည်။

ကုန်လာဝယ်သော ငါးဒိုင်စက်လှေများကလည်း စက်လှေပေါ်၌ ရေခဲများတင်လာကာ ချက်ချင်းရေခဲရိုက်ရ၏။ ကုန်များများလိုချင်သော ငါးဒိုင်များ အပြိုင်အဆိုင် ကုန်လာဝယ်ကြ၏။ စက်လှေခ၊ ဒီဇယ်ဆီဖိုး၊ အလုပ်သမားစရိတ်ကာမိစေရန် ကုန်များများရမှဖြစ်မည်။ ထိုအခါ ပင်တိုင်ဖောက်သည်မွေးထားရတော့၏။ ငွေကြိုယူမလား၊ ပိုက်အသစ် ဝယ်ချင်သလား၊ လှေအသစ်ယူမလား၊ နေ့စဉ်စားသုံးနေရသည့် ဆန်ဆီဆား၊ ဆေးလိပ်၊ ဆပ်ပြာကအစ တာဝန်ယူထုတ်ပေးမည်။ တစ်ရာသီပြီးတော့မှ စာရင်းရှင်း၊ နောက်နှစ်အတွက် ကြိုတင်အသုံးယူချင်သေးသလား ရမည်။

ဖိုးမှီတို့ ရောင်းသူဘက်ကလည်း ငါးဒိုင်များအသီးသီးရှိသည့်အထဲက ဈေးမှန်သူ၊ အလေးမှန်သူ၊ ဆက်ဆံရေးပြေပြစ်သူ၊ တစ်ရာသီကုန်လျှင် ငွေမှန်မှန်ရှင်းပေးနိုင်သူ၊ ကြိုတင်ငွေထုတ်ပေးရန်လက်လွယ်သူ စသည့်အချက်များနှင့်ချိန်ထိုးကာ ဖောက်သည်လုပ်ထားရ၏။

လူတွေဆိုတာ ပြောရတာခက်သည်။ ငါးဒိုင်များဘက်က ညစ်တာ၊ လိမ်တာရှိသည်။ တံငါများထဲမှာလည်း အားလုံးက လူကောင်းချည်းမဟုတ်။ သည်တော့ ဆန်ပေးမှဆေးရ၊ သမီးပေးမှသမက်ရ၊ ကောင်းတယ်နော် ဆက်ဆံ၊ မကောင်းဘူးနော် လက်လန်သဘာဝပါ။

မတင်တင်ဆိုတာ မနှစ်ကမှ ငါးလုပ်ငန်းထဲ စဝင်လာသူ၊ ဖိုးမှီတို့အဖွဲ့နှင့် တစ်ရာသီလုံး လက်တွဲဖူးခဲ့သူဖြစ်သည်။ အသက်ကတော့ ၃၀ ဝန်းကျင်လောက်ရှိလိမ့်မည်။ မိန်းမရည်သန့်သန့်၊ ကိုယ်လုံးကိုယ်ပေါက်လှလှနှင့် စတိုင်ကျကျ နေတတ်သူဖြစ်သည်။ သိရသလောက် အိမ်ထောင်မရှိ။ မြို့က သူဌေးတစ်ယောက်၏ နံပါတ်ဘယ်လောက်လိုလို ကြားရသည်။

ဒါတွေသည် ကိုယ်နှင့်မဆိုင်သည့်အပိုင်းများဖြစ်၍ ဖိုးမှီစိတ်မဝင်စားပါ။ ကိုယ်နှင့်ပတ်သက်သည့်အပိုင်းများတွင် တော်တော်ကောင်းသည်ဟု ပြောရမည်။ ငါးဒိုင်လုပ်တာ တစ်နှစ်မပြည့်သေးမီ ကာလအတွင်း ဘဝန်းသမား၊ ချုံသမား၊ တန်းသမား၊ အင်းသမား အတော်များများကို အုပ်စီးထားနိုင်ခဲ့သည်။

ယခုလည်း ဖိုးမှီတို့ရွာကလေးကို လိုက်လာစရာ သူ့အလုပ်မရှိ။ သို့သော် လက်ဆောင်များ၊ မုန့်ပဲသရေစာများ၊ အဝတ်အထည်များ တစ်နင့်တစ်ပိုးနှင့်၊ ကိုယ်ပိုင်ပွဲထောင်နှင့်၊ တပည့်တပန်းများ တစ်ပြုံကြီးနှင့် တခမ်းတနား လာခဲ့သည်။

နောက်ဆုံးတော့ မနှစ်ကလက်တွဲဖူးသူ ဖိုးမှီတို့အဖွဲ့သာမက ရွာထဲမှာ နောက်ထပ်ပိုက်လှေ ၁၀ စီးပါ ဘိုကလေးအနီးအနားတွင် ငါးမြွေထိုး တစ်ရာသီ ပိုက်ဆွဲကြမည်။ ရလာမည့်ကုန်များကိုလည်း မတင်တင်၏ဒိုင်တွင် သွင်းကြမည်ဟု ကတိပေးပြီးပြီ။ စာချုပ်ပြီးပြီ။ အချို့ဆို ကြိုတင်သုံးငွေများပါယူပြီးကြပြီ။ အားလုံးအဆင်ပြေကြပြီ။

( ၄ )

အဆင်မပြေတာက ဖိုးမှီပဲဖြစ်သည်။ မတင်တင်နှင့် အင်းပိုင်ရှင်များ ဦးတည်ပြီးလာကြတာက မနှစ်က ပိုက်လှေငါးစီး၏ ဦးဆောင်ဦးရွက်ဖြစ်သူ ဖိုးမှီထံကိုပဲဖြစ်သည်။ သို့ဖြစ်၍ သူတို့တစ်တွေကို ဦးဆောင်၍၊ တာဝန်ယူ၍ ဧည့်ခံရန်တာဝန်သည် ဖိုးမှီ၏တာဝန်သာဖြစ်သည်။

မတင်တင်တို့အဖွဲ့ ဖိုးမှီတို့ရွာတွင် သုံးညအိပ်၊ လေးရက်နေသွားခဲ့စဉ်အတွင်း နေရေးထိုင်ရေး၊ စားရေးသောက်ရေး အစစအဆင်ပြေအောင် တာဝန်ယူခဲ့ရသည့် ဖိုးမှီတစ်ယောက် စိတ်ညစ်လှသည်။ တောရွာနေ သာမန်လက်လုပ်လက်စားများပေမို့ ဘယ့်နှယ်ခြောက်ယောက်၊ ခုနစ်ယောက်စာ အိပ်ရာခေါင်းအုံးရှိမှာလည်း၊ ထို့ကြောင့် တတ်နိုင်သည့်အိမ်များမှ ဖျာများ၊ ခေါင်းအုံးများ၊ စောင်များငှားရ၏။ ထမင်းစားပွဲခုံများ၊ ကြွေပန်းကန်ပြားများ၊ ဇွန်းများ အစရှိသည့် ပစ္စည်းများကိုတော့ ကျေးရွာကလေး၏ ရွာဦးကျောင်းက သယ်ကြရသည်။

တောရွာဆိုတာ မြို့မှာလို ဟင်းကျွေးဝယ်ခြမ်းရန် ဈေးမရှိ၊ အင်းသူကြီးများ၊ ငါးဒိုင်ပိုင်ရှင်များကို ချောင်းကလေးထဲမှ ဖမ်းလို့ရသည့် ငါးနုပ်ငါးဖွဲ၊ ပုစွန်သေးသေးကလေးများနှင့် ကျွေး၍မဖြစ်။ ထို့ကြောင့် လက်လှမ်းမီရာ နိုင်ရာပိုင်ရာအိမ်များဆီက ကြက်၊ ဘဲ၊ မန်ဒါလီစသည့် တောဟင်းကောင်များ ရှာရဖွေရ၊ ဝယ်ရခြမ်းရနှင့် အဆင်မပြေသည့်အဆုံး အိမ်မှာမွေးထားသည့် ဥလက်စ ကြက်မကြီးနှစ်ကောင်ပါ အဆစ်ပါသွားလေတော့၏။

ပြန်ခါနီးမှာလည်း မတင်တင်က ဖိုးမှီနားကပ်၍ တိုးတိုးတိုးတိုးနှင့် မှာသွားခဲ့၏။ မတင်တင်တို့ ပဲထောင့်စက်လှေကလေး ဖိုးမှီတို့ရွာကလေးက တဖြည်းဖြည်း ဝေးသွားသည့်အချိန်မှာတော့ ပြဿနာအရှုပ်အထွေးကြီးက ဖိုးမှီနှင့် တဖြည်းဖြည်း နီးလာလေပြီ။

အရင်ဆုံးစသည့်ပြဿနာက ကြက်မကြီးနှစ်ကောင်ကိစ္စဖြစ်၏။ ထိုကြက်မကြီးသည် ရိုးရိုးကြက်မကြီးများ မဟုတ်သည်ကို ယခုမှ ဖိုးမှီသိရ၏။ သို့သော် နောက်ကျသွားပါပြီ။

မြေးများအတွက် ခမည်းပေးထားသော ကြက်များဖြစ်သတဲ့။ အငယ်မြေးနှစ်ကောင် တပိန်ပိန် တလိမ်လိမ်နှင့် ချူချာနေတာ ကြက်မတစ်ကောင်စီ ဘွားအေက ခမည်းပေးတော့မှ ဒေါင်ဒေါင်မြည် ကျန်းမာသွားသတဲ့ဘုရား ဘုရား။ ဖိုးမှီ ဘုရားတမိတော့၏။ ရာဇဝတ်အိုးကိုမှ တုတ်နှင့် သွားထိုးမိပါပကောလား။

ပြီးတော့ ဧည့်သည်များလွန်း၍ "မင်းအမေအိမ် ကလေးတွေနဲ့ သွားအိပ်ကွာ"ဟု အေးကြည်မကိုပြော၍ သူတို့အိမ်မှာ ဧည့်သည်များ ညအိပ်စေခြင်းကလည်း ယောက္ခမကြီးက မကျေနပ်ဘူးဆိုပါလား။ ဒါတင်လားဆိုတော့လည်း မဟုတ်သေးပါ။ ပြန်ခါနီး မတင်တင်က ဖိုးမှီနားကပ်၍ တီးတိုးမှာနေတာကိုလည်း ဘယ်နေရာက ချောင်းကြည့်၍ ယောက္ခမကြီး တွေ့သွားသည် မဆိုနိုင်။

မတင်တင်တို့ ပွဲထောင်ကလေး စက်သံတထုန်းထုန်းနှင့် ဝေးသွားချိန်မှသာ သားအမိနှစ်ယောက် ခြေသံ တဒိုင်းဒိုင်းမြည်အောင်ဆောင့်၍ ဘီလူးဖနောင့်ပေါက်သလို ကြမ်းတမ်းလှစွာ အိမ်ပေါ်တက်လာခဲ့ကြပြီး ဟောက်ကြ၊ ဟိန်းကြ၊ စစ်ကြ၊ ဆေးကြလေတော့၏။

( ၅ )

စစ်ဆေးမေးမြန်းတယ်ဆိုတော့လည်း ဖိုးမှီခမျာ မဟုတ်တာလုပ်ထားတာ ဘာမှ မရှိဘဲလျက် ကျေရာကျေကြောင်း တောင်းပန်ဖြေရှင်းရပြန်၏။

တကယ်တော့ လူကြီးမိဘဟူသည် ကြီးသည့်အမှုသေးအောင်၊ သေးသည့်အမှုကို ပပျောက်ကျေအေးအောင် လုပ်ရိုးထုံးစံရှိသော်လည်း ဖိုးမှီယောက္ခမကြီးကတော့ တောက်လောင်စမီးဖိုထဲ ဓာတ်ဆီနှင့်လောင်းတော့၏။ မီးလောင်ရာ လေပင့်တော့၏။

"ဟဲ့ကောင်ရဲ့၊ ငါ့သမီးက ဟုတ်တာမှန်တာတွေပြောတော့ နင်က မခံနိုင်ဘူးပေါ့။ နင့်ဟာနင် မှန်တာက အရေးမကြီးဘူး။ ငါ့မြေးလေးတွေအတွက် ခမည်းပေးထားတဲ့ ကြက်မတွေသတ်ကျွေးရလောက်အောင် သူက ဘာမို့လို့ အရေးပါနေရတာတုံးဟဲ့။ ငါတို့မျိုးရိုးထဲမှာ ဒီလိုအကျင့် မရှိဘူးဟဲ့၊ ဘယ့်နှယ်တော် ဟိုကလိုက်လာတာနဲ့ ငါ့သမီးနဲ့မြေးတွေကို အိမ်ပေါ်က နှင်ချထားရက်လိုက်တာ၊ ဒီမှာသမီး ဒီလိုယောကျ်ားမျိုး အရေးလုပ်မနေနဲ့၊ သင်းထက်သာတာ ငါရှာပေးမယ်ဟဲ့။ ခုချက်ချင်း အိမ်ပေါ်ကဆင်းခဲ့"

ကဲ ... ကြည့်စမ်း၊ မိဘအရာထားထိုက်တဲ့ ယောက္ခမ ဟုတ်လား၊ မဟုတ်ဘူးလားဆိုတာ ပြန်ပြောပြန်ရင်လည်း သည့်ထက် ယုတ်ယုတ်မာမာ ညစ်ညစ်ညမ်းညမ်းစကားများထွက်လာမှာ သေချာလှသည်။ ဖိုးမှီသည် တစ်ကောင်ကြွက်မဟုတ်၊ သည်ရွာထဲမှာပင် မိဘ၊ ညီအစ်ကိုမောင်နှမများရှိကြ၏။

အေးကြည်မတို့သားအမိကို မျက်နှာချင်းမဆိုင်ချင်ကြ၍ သည်းခံနေကြခြင်းဖြစ်၏။ တော်ကြာ သူ့ဘက်ကိုယ့်ဘက် ငယ်ကျိုးငယ်နာများ ဖော်လာကြလျှင် ခက်ကုန်ကြလိမ့်မည်။ ထို့ကြောင့် "တောက်" တစ်ချက်ပြင်းပြင်းခေါက်ကာ အိမ်ပေါ်မှ ဆင်းလာခဲ့ခြင်းဖြစ်သည်။

မတင်တင်သည် ကုန်သည်ပီပီ ဖိုးမှီကို လူယုံမွေးခြင်းသာဖြစ်၏။ ဖိုးမှီတို့ရွာတွင် သူပေးထားခဲ့သောငွေများက မနည်းလှ။ **စာမျက်နှာ ၂၅ သို့ á**

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၁၀၅၅၇ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မုံရွာ ဒီဇင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၁၀၅၅၇ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၃၆၄၁ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၀၅၅၇ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၃ ဒသမ ၃၄ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီက အရာတော်မြို့နယ်မှာ ပဲတီစိမ်း ၁၃၆၄၁ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းခင်းတွေကိုလက်ရှိမှာ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၁၀၅၅၇ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေ ရှိခဲ့ပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။(၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ကျားကဏန်းပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဒီဇင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ကျားကဏန်း ပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာငွေးက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ကျားကဏန်းပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း ကျားကဏန်း ပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ဖျာပုံမြို့နယ်ထွက် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို ပုံမှန် တင်ပို့ရောင်းချနေပါတယ်။ ဖျာပုံမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို နိုဝင်ဘာလအတွင်း ကျားကဏန်းပိဿာချိန် အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ကျားကဏန်းတွေက လတ်ဆတ်မှုနဲ့ အရွယ်အစားအပေါ်မူတည်ပြီး ဈေးအပြောင်းအလဲရှိပါတယ်။ လက်ရှိမှာလဲ ကျားကဏန်းတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ကျားကဏန်းတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကိုလဲ တင်ပို့ရောင်းချနေပါတယ်''ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာငွေးက ပြောပြသည်။



ဖျာပုံမြို့နယ်မှရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ကျားကဏန်း တစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀၀ မှ ၁၈၅၀၀ ထိ ပေါက်ဈေးရှိနေကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာငွေးက ဆက်လက်ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

**á စာမျက်နှာ ၂၄ မှအဆက်**

ထို့ကြောင့် ငါးမွေ့ထိုးရာသီတွင် သူ့ဆီမသွင်းဘဲ အခြားဒိုင်များတွင် ရောင်းချသော ပိုက်လှေများရှိပါက သူ့ဆီအမြန်အကြောင်းကြားရန် တီးတိုးမှာခဲ့ခြင်းသာ ဖြစ်၏။ သူ့အဆင့်အတန်းနှင့် ဖိုးမှီလိုလူမျိုး မှန်းမည်တဲ့လား။ ဒါကို အေးကြည်မတို့သားအမိက သဘောမပေါက်။

( ၆ )

သည်ကနေ့ ရေတက်ဦးတွင် ဖိုးမှီတို့ပိုက်လှေများ ခရီးထွက်ရန် ပြင်ဆင်နေကြပြီ။ စိမ်းပြာပြာမြစ်ရေပြင်ပေါ် လျှပ်တိုက်ပြေးလွှားလာသည့် လေညင်းကလေးက တသွဲ့သွဲ့ တသုန်သုန်မြူးလို့။ ကမ်းစပ်က လမုပင်ပျိုကလေးများ၊ မိုးမခပင်များကလည်း လေနှင်ရာဘက်ဆီ နွဲ့လိုက် ယိမ်းလိုက်၊ ရွက်အိုကလေးများ ခါချလိုက်နှင့် ယိမ်းသမငယ်ကလေးများလို မြူးလို့ ပျော်လို့။

ခရာချုံပေါ်မှာနားနေသည့် ပိန်ညင်းကလေး တစ်ကောင်ကတော့ ခေါင်းကလေးတငြိမ့်ငြိမ့်နှင့် ပိုက်လှေကလေးများကိုငေးလို့၊ ရေတက်ဦးကလေးပေမို့ သူတို့သွားကြမည့် မြစ်မကြီးထွက်ပေါက်ဆီ အလိုက်သင့်ရေစုန်ကလေး လှော်နေကြရသည်။

နွေဦးကာလဖြစ်၍ မြစ်ထဲ၊ ချောင်းထဲတွင် လှိုင်းကြမ်း၊ လေရိုင်းများက ကြမ်းကြမ်းရမ်းရမ်းမရှိ၊ ဗေဒါအုံကလေးများကတော့ မြစ်ရေသွဲ့သွဲ့တွင် ပန်းပြာပြာကလေးများကိုပန်ပြီး တနွဲ့နွဲ့မျောပါလျက်ရှိသည်။ သောင်ခုံ ညိုညိုပေါ်မှာတော့ ဗျိုင်းကလေးများ တလှမ်းချင်းလှမ်းကာ အစာရှာနေကြဆဲရှိ၏။

ဖိုးမှီတို့လှေကလေးများသည် တစ်စီးနှင့်တစ်စီး ရင်ပေါင်တန်းလျက် အချို့ရှေ့နောက်တစ်သွယ်၊ မြစ်ပြင်ကျယ်ကြီးတွင် တရွေ့ရွေ့သွားနေကြသည်မှာ ဟိုး ... မိုးကောင်းကင်ပြာပြာကြီးပေါ်မှာ တင်ကျီးငှက်များ အုပ်ဖွဲ့ပျံသန်းသွားနေသကဲ့သို့ ကြည့်၍ပင်ကောင်းသေးတော့၏။

မနှစ်တုန်းက သွားခဲ့ကြသည်မှာ ဖိုးမှီခေါင်းဆောင်သော ပိုက်လှေကလေးငါးစီး၊ သည်နှစ်တော့ နောက်ထပ်ပိုက်လှေ ၁၀ စီး ထပ်ပါလာသဖြင့် စုစုပေါင်း ၁၅ စီး။ စုစုဝေးဝေးကြီးဖြစ်၍ ပျော်စရာပင် ကောင်းသည်။ သည်ပိုက်လှေ၁၅ စီးတွင် ဦးဆောင်ဦးရွက်ပြုသူက ဝါရင့်သမ္မာရင့် ဦးသာခင်ဖြစ်၏။

**ဆက်လက်ဖော်ပြပါမည်**

## ငွေနှင်းရည်စို လပြာသို

\- နှင်းမှုန်တွေ ဇာပဝါချ
မကရ ရာသီခါ၊
ငွေနှင်းရည် ပုလဲစက်
တွဲလျက်ခိုကာ၊
နက္ခတ်က ဖုသျှပါ
ရုပ်ပုံမှာ ငါးကိုယ်နှင့်သမင်ခေါင်း၊
ပန်းမျိုးစုံ လန်းဆန်းလို့
ချမ်းအေးသည့်ဆောင်း။

\- လေညင်းသုန် နွဲ့နွဲ့နှောင်း
ယိမ်းနွဲ့ပြောင်း သစ်ခွစုံ၊
မြိုင်တောမှာ ရောင်စုံအဆင်းက
သင်းပျံ့မွှေးထုံ၊
ခွာညိုပန်းချုံ
မြိုင်ရဂုံ ဖူးပွင့်ကြ၊
ပန်းသဇင် ငွေအဆင်းနှင့်
သင်းကြူမွှေးမြ။

\- မြန်မာ့ရိုးရာ ဓလေ့အလှ
မမေ့ကြ နှစ်စဉ်ပါ၊
မြင်းခင်းသဘင် ပွဲတော်ခင်းလို့
ကျင်းပချိန်ခါ၊
တိုင်းရင်းသားများ စုံလင်စွာ
ဆင်နွှဲကာ ခြိမ့်ခြိမ့်သဲ၊
စည်းလုံးကာ လက်ချင်းဆက်လို့
တွဲလက်တွေမြဲ။ ။

**ပန်းမာလာ**

# ညောင်ရွှေမြို့နယ် နန်းသဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ညောင်ရွှေ ဒီဇင်ဘာ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ နန်းသဲကျေးရွာအုပ်စု နန်းသဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက နန်းသဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၄ ဒသမ ၃၅ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ယုယုက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

နန်းသဲကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ရှစ်ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၉ ဦးနှင့် အခြားလုပ်ငန်း လုပ်ကိုင်သူ ၁၁၇ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၅ ဦးကို ရန်ပုံငွေကျပ် ၅၄ ဒသမ ၃၅ သန်း ထုတ်ချေးပေးထားကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# သီးနှံပင်များအတွက် ဖော့စဖရတ်ဓာတ်

မူမူ(မလှိုင်)

ဖော့စဖရတ်ဓာတ်သည် သီးနှံပင်များအတွက် အဓိကမရှိမဖြစ် အာဟာရဓာတ်တစ်မျိုးဖြစ်ပြီး နျူကလစ်အက်စစ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ သီးနှံထုတ်လုပ်မှုတွင် အပင်မျိုးပွားကဏ္ဍ၌ အခြေခံ အစိတ်အပိုင်းအဖြစ်ပါဝင်နေပြီး အစေ့အဆန် ထုတ်လုပ်မှုများအတွက် အရေးကြီးသော အပင် အာဟာရဓာတ်ဖြစ်သည်။

သီးနှံပင်များ အသက်ရှင်သန်ကြီးထွားဖွံ့ဖြိုးမှု အတွက် ဇီဝကမ္မဆိုင်ရာ စွမ်းအင်ပြောင်းလဲမှုများ၊ ရွေ့လျားမှုများတွင် အဓိကပါဝင်လေ့ရှိပြီးဖော့စဖရတ် ဓာတ်ပြည့်စုံနေပါက သီးနှံ၊ အစေ့အဆန်ထုတ်လုပ်မှု မြင့်မားခြင်း၊ သီးနှံ၏အရည်အသွေးတိုးတက်စေခြင်း၊ ပင်စည်ဖြစ်ပေါ်မှုကောင်းမွန်သန်မာခြင်း၊ အပင် အမြစ်များကြီးထွားရှင်သန်မှုတိုးတက်စေပြီး သီးနှံ ပင်ရင့်မှည့်မှုစောစေ၍ စောစောရိတ်သိမ်းနိုင်ပြီး ဈေးကောင်းရရှိနိုင်သည်။ ဖော့စဖရတ်ဓာတ်သည် လေထုထဲသို့ လေလွင့်ပျောက်ဆုံးမှုနည်းပါးသည်။ အပင်မြစ်ကြီးထွားစေရန် အထောက်အကူပေးသဖြင့် မြေဆီလွှာတွင်း လုံလောက်မှု ရှိ၊ မရှိကို မြေဆီလွှာ ဓာတ်ခွဲစမ်းသပ်မှုပြုလုပ်ပြီး ထည့်ပေးနိုင်ပါက ပို၍ အကျိုးရှိစေသည်။

မြေဆီလွှာရှိမြေတွင်းအရည်တွင် ဖော့စဖရတ် ဓာတ်ပါဝင်မှုသည် ပျော်ဝင်မှုလွန်စွာနည်းနေပါက ချို့တဲ့မှုဖြစ်စေနိုင်သည်။ ရွေ့လျားမှုနှေးသောဓာတ် ဖြစ်၍ သီးနှံပင်မှစုပ်ယူသယ်ဆောင်နိုင်ရန် ပတ်ဝန်း ကျင်အခြေအနေ၏ အထောက်အကူပြုမှုလိုအပ် သည်။ သီးနှံစိုက်ပျိုးထားသောမြေ၏ ချဉ်ငန်ဓာတ်၊ မြေထဲရှိ ဖော့စဖရတ်ဓာတ်ရှိမှုပမာဏ၊ ထိုဖော့စ ဖရတ်ကို မြေတွင်းမှထိန်းချုပ်ထားမှုအနေအထား နှင့် ၎င်းရှိနေသော ဖော့စဖရတ်ကိုဖလှယ်ယူနိုင်မည့် အခြားဓာတ်ပမာဏပါဝင်မှု အခြေအနေတို့သည် သီးနှံပင်မှ ဖော့စဖရတ်အာဟာရရောက်ရှိစေနိုင်မှု အပေါ် များစွာအကျိုးသက်ရောက်မှုရှိသည်။


သီးနှံစိုက်ပျိုးထုတ်လုပ်သည့် တောင်သူနှင့် စိုက်ပျိုးရေးမန်နေဂျာတို့သည် သီးနှံပင်တွင် ဖော့စ ဖရတ်ဓာတ်ချို့တဲ့မှုဖြစ်စေနိုင်သော အကြောင်း ရင်းများကို လေ့လာသိရှိထားခြင်းအားဖြင့် ဖော့စဖရတ်ချို့တဲ့မှုကြောင့် ဖြစ်စေတတ်သော အပင် ကြီးထွားမှုလျော့ကျခြင်း၊ ရင့်မှည့်မှုနှောင့်နှေးခြင်း၊ အပင်ငယ်များပေါ်တွင် ဖော့စဖရတ်ချို့တဲ့၍ဖြစ်တတ် သော အောက်အရွက်များ၏ ရွက်နားတစ်လျှောက် ခရမ်းရောင်ဖြစ်ပေါ်စေခြင်း စသည်တို့ကိုလျော့နည်း စေနိုင်သည်။ ဘေးထွက်ဆိုးကျိုးဖြစ်စေတတ်သော အထူးသဖြင့် သီးနှံစိုက်ခင်းများအနီး ရေ မြေများမှာ ဓာတ်သတ္တု၊ ဓာတုဓာတ်ကြွင်းစုပုံစေမှုဖြစ်ခြင်းကို ကာကွယ်သင့်သည်။

ဖော့စဖရတ်ဓာတ်ပါ ဓာတ်မြေသြဇာများကို အတိုင်းအဆထက် ပိုမိုအသုံးပြုမှုများခြင်းကြောင့် လည်းကောင်း၊ တိရစ္ဆာန်အညစ်အကြေးများ မဆွေး မြည့်ခင် အလွန်အကျွံအသုံးပြုခြင်းကြောင့်လည်း ကောင်း ပိုမိုနေသောဖော့စဖရတ်ဓာတ်များသည် ရေတိုက်စားမှုနှင့် စီးဆင်းရေတို့မှတစ်ဆင့် မြေတွင်းရှိရေတွင် ဖော့စဖရတ်ဓာတ်များစုပုံခြင်း၊ အင်းအိုင်ရေကန်များတွင် ဖော့စဖရတ်ဓာတ်များစုပုံ စေခြင်းတို့ဖြစ်စေသည်။

ဖော့စဖရတ်ဓာတ် ကုန်ကျစရိတ်အလဟဿ ဆုံးရှုံးမှုဖြစ်သကဲ့သို့ သောက်ရေ၊ သုံးရေများမှာ ရေအရည်အသွေးယုတ်လျော့မှုဖြစ်စေသည်။ အဓိက အားဖြင့် ရေ၏အရည်အသွေးပျက်စီးစေပြီး Eutrophication ခေါ် ရေပြင်လွှာတွင် ရေညှိများပေါက် ပွားကာ ရေပြင်ညစ်ညမ်းစေပြီး ရေနေသတ္တဝါများ အသက်ရှင်နေထိုင်ရန်အတွက် အောက်ဆီဂျင်ရရှိမှု အခက်အခဲဖြစ်စေကာ အသက်ဆုံးရှုံးသည်ထိဖြစ်စေ နိုင်သည်။ ဖော့စဖရတ်ဓာတ်ကို ဂရုတစိုက် အသုံးပြုမှုသာ သောက်သုံးရေ၊ စက်မှုလုပ်ငန်း၊ ငါးမွေးမြူရေးနှင့် ပြန်လည်သန့်စင်ခြင်းလုပ်ငန်းများ တွင် ဖော့စဖရတ်ဓာတ်ကြွင်း ဘေးထွက်ဆိုးကျိုးများ ကင်းစင်စေနိုင်မည်ဖြစ်သည်။ တောင်သူလုပ်ငန်း တွင် တိုက်ရိုက်စီးပွားရေးထိခိုက်မှုမဖြစ်စေသော် လည်း ဆက်နွယ်ပတ်သက်ရာ ကဏ္ဍများတွင် ဖော့စဖရတ်ဓာတ်၏ ဓာတုဓာတ်ကြွင်းဆိုးကျိုးကို ရင်ဆိုင်ရာမှ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများဖြစ် စေတတ်ကြောင်း သိထားသင့်သည်။

**သီးနှံများမှ ဖော့စဖရတ်ရရှိနိုင်မှု**

သီးနှံပင်တိုင်းသည် အပင်မှအသင့်စားသုံးနိုင် သောပုံစံတွင် ရှိခြင်းနှင့်သီးနှံပင်မှ စုပ်ယူစားသုံးနိုင် သောပုံစံမှ ပျော်ဝင်ပျံ့နှံ့နိုင်သောပုံစံသို့ တဖြည်းဖြည်း ချင်းပြောင်းလဲထုတ်လွှတ်နေသည့်အတွက် မြေထဲ မှာ ရှိနေတတ်သည်။ ထိုသို့ ထုတ်လုပ်ပေးနေသည့် ဖော့စဖရတ်ဓာတ်ကြောင့် အပင်ကြီးထွားမှု အတွက် အထောက်အပံ့ပေးနေသည်။ သို့သော် ဤသို့ သဘာဝအတိုင်း ဖြည့်ဆည်းနေမှုပုံစံသည် သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် ပြည့်စုံလုံလောက် သောပမာဏကို ချက်ချင်းဖြည့်ပေးနိုင်မှုမရှိနိုင်ပါ။ ထို့ကြောင့် သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် ဖော့စဖရတ်ဓာတ်ကို ထပ်မံဖြည့်ပေးခြင်း Supplemental Phosphorus အဖြစ် ဖော့စဖရတ်ဓာတ်မြေ သြဇာ၊ တိရစ္ဆာန်အညစ်အကြေးနှင့် သီးနှံအကြွင်း အကျန်များဖြည့်ပေးခြင်းတို့ပြုလုပ်ပေးသင့်သည်။




သည့်အခြေအနေတွင်ရှိခြင်းဖြင့် မြေဆီလွှာထဲမှ အာဟာရဓာတ်များကိုရယူနိုင်သည်။ အပင်များ တွင်း၌ ဖော့စဖရတ်၏ အဓိကလုပ်ငန်းအဖြစ် စွမ်းအင်ပြောင်းလဲမှုမှာ adenosine triphosphate (ATP) တွင်ပါဝင်ခြင်း၊ အလင်းမှီအစာချက်မှုကို အထောက်အကူပေးခြင်း၊ အပင်မြစ်နှင့် အကိုင်းအခက် ဖွံ့ဖြိုးမှုကိုအားပေးခြင်း၊ အသက်ရှင်သန်ရေးအတွက် မရှိမဖြစ်လိုအပ်သော DNA (Deoxyribonucleic Acid) and RNA (Ribonucleic Acid) အစိတ်အပိုင်း များတွင်ပါဝင်ခြင်း၊ ပန်းပွင့်မှုနှင့် အသီးဖြစ်ထွန်းမှု များတွင်ပါဝင်ခြင်းတို့ဖြစ်သည်။

**မြေမှအသုံးပြုခြင်း**

ဖော့စဖရတ်ဓာတ်သည် အဓိကအားဖြင့်မြေတွင်း အရည် (soil solution)မှတစ်ဆင့် အပင်တွင်းသို့ ရွေ့လျားရောက်ရှိပြီး မြေဆီလွှာအတွင်း မြေဆွေး ဓာတ်ပါဝင်နေမှု၊ မြေထဲရှိ သတ္တုဓာတ်ပါဝင်မှုတို့ပေါ် တွင် မူတည်နေသည်။ တစ်ခါတစ်ရံ ပမာဏများစွာ ရှိနေသော်လည်း အပင်မှအဆင်သင့်စားသုံးနိုင်သော အခြေအနေမဟုတ်ခြင်း၊ မြေတွင်းရေတွင် ဖော့စဖရတ် ပျော်ဝင်နိုင်မှုပမာဏ အလွန်နည်းပါးခြင်းကြောင့် အပင်မှ စုပ်ယူစားသုံးနိုင်မှုမရှိခြင်းတို့သည် သီးနှံ ပင်မှမရရှိနိုင်ပါ။ မြေထဲသို့ ဖော့စဖရတ်ကို ဓာတ်မြေ သြဇာအဖြစ်လည်းကောင်း၊ မြေဆွေးဓာတ်အနေဖြင့် လည်းကောင်း ထည့်ပေးလိုက်လျှင် မြေထဲမှလျင်မြန် စွာ ဖော့စဖရတ်ဓာတ်ကို ဖမ်းယူထိန်းချုပ်လိုက်ခြင်း ခံရသဖြင့် တည်မြဲဓာတ်ပေါင်းတစ်ခုအဖြစ်သို့ ပြောင်းလဲသွားသည်။

မြေထဲသို့ ဖော့စဖရတ်ဓာတ်ထည့်ပေးမှု၏ ၂၀ ရာခိုင်နှုန်းအောက်သာ အပင်ကအကျိုးရှိရှိစုပ်ယူ စားသုံးနိုင်သည်။ တစ်ချိန်တည်းမှာပင် မြေထဲမှ ဖော့စဖရတ်ပျော်ဝင်သောအရည်သည် မပျော်ဝင်နိုင်

**သဘာဝဖော့စဖရတ်**

သဘာဝဖော့စဖရတ်ဓာတ်သည် သဘာဝမြေဆွေး ကို အဏုဇီဝသက်ရှိငယ်များက ချေဖျက်ပေးမှုမှ အသင့်စားသုံးနိုင်သည့်ဖော့စဖရတ်ပုံစံ ထုတ်ပေးနိုင် မှု အခြေအနေပေါ်မူတည်သည်။ ထိုအသင့်စားသုံးနိုင် သည့် သဘာဝဖော့စဖရတ်ဓာတ်ရရှိနိုင်မှုသည် မြေ၏ အခြေအနေ၊ ရာသီဥတုနှင့် အဏုဇီဝတို့၏လှုပ်ရှားမှု ပေါ်တွင် များစွာတည်မှီနေသည်။ သဘာဝဖော့စဖရတ် ဓာတ်မှ သတ္တုဖော့စဖရတ်ဓာတ်အဖြစ်သို့ ဓာတ် ပြောင်းလဲမှုဖြစ်ပေါ်ရာတွင် သင့်တင့်မျှတသော မြေချဉ်ငန်ဓာတ်၊ မြေထဲရှိအာဟာရဓာတ်များပါဝင်မှု အနေအထား၊ မြေ၏ရုပ်ဓာတ်ဂုဏ်သတ္တိများ၊ မြေဆီလွှာ၏ ပူနွေးမှု၊ စိုစွတ်မှုအခြေအနေများ လည်း လိုအပ်သည်။ Inorganic Phosphorus သည် မြေထဲတွင် သံဓာတ်နှင့် အလူမီနီယမ်ဓာတ်ပေါင်း များအဖြစ် တွေ့ရသည်။ ထိုဓာတ်ပေါင်းတို့သည် မြေတွင်းအရည်တွင် တဖြည်းဖြည်းပျော်ဝင်ပျံ့နှံ့ ရွေ့လျားသည်။ ဖော့စဖရတ်ဓာတ်သည် မြေချဉ်ငန် အခြေအနေ ၆ မှ ၇ အတွင်း အသင့်စားသုံးနိုင်သော ဖော့စဖရတ်ဓာတ်အနေအထား အမြင့်ဆုံးအခြေ အနေရှိသည်။ အခြေအနေပြောင်းလဲကာ မြေချဉ် အခြေအနေ၊ အက်စစ်ပေါက်မြေအခြေအနေသို့ ပြောင်းလဲခြင်း၊ မြေချဉ်ငန်ဓာတ် ၆ အောက်သို့ရောက် ရှိနေခြင်းအခြေအနေတွင် သံဓာတ်နှင့် အလူမီနီယမ် ဓာတ်ပေါင်းတို့သည် ပျော်ဝင်လွယ်ရာမှ မပျော်ဝင် လွယ်သောအခြေအနေသို့ ပြောင်းလဲသွားမည်။ ထိုအချိန်တွင် ဖော့စဖရတ်ဓာတ်ရရှိနိုင်မှုလျော့ ကျသွားမည်။

**သဘာဝဖော့စဖရတ်၏အကျိုးပြုချက်များ**

အာဟာရဓာတ်ကို ဖြည်းညင်းစွာထုတ်လုပ်သုံး စွဲနိုင်ခြင်း၊ သဘာဝစီးဆင်းရေတွင်မျောလွင့်ဆုံးရှုံးမှု ကိုလျော့ကျစေခြင်း၊ မြေဆီလွှာတွင်းအဏုဇီဝတို့၏ လှုပ်ရှားမှုကိုနှိုးဆွပေးနိုင်ခြင်း၊ စဉ်ဆက်မပြတ် လူတို့ပြုပြင်ထုတ်လုပ်သုံးစွဲထားသောမြေသြဇာများ ကို အသင့်သုံးပုံစံအဖြစ်သို့ ပြောင်းလဲပေးနိုင်ခြင်း၊ မြေဆီလွှာတည်ဆောက်မှုနှင့် မြေဆီလွှာအာဟာရ ဓာတ်ကို တိုးတက်စေခြင်း အကျိုးကျေးဇူးများကို ရရှိစေနိုင်သည်။

**သဘာဝဖော့စဖရတ်ဓာတ်အရင်းအမြစ်များ**

စဉ်ဆက်မပြတ် စိုက်ပျိုးထုတ်လုပ်ရေးစနစ်များ တွင် သဘာဝဖော့စဖရတ်အရင်းအမြစ်များမှာ ဖော့ စဖိတ်ကျောက်များ၊ တိရစ္ဆာန်အညစ်အကြေး၊ သဘာဝမြေဆွေး၊ အရိုးမှုန့်၊ ဖော့စဖရတ်ပါဝင်မှုရှိ သည့် ပြန်လည်ပြုပြင်နိုင်သော သဘာဝအရင်းအမြစ် များသုံးစွဲခြင်းဖြင့် ၎င်းတို့တွင် ပါဝင်နေသော ဖော့စဖရတ်ဓာတ်ကို ပြန်လည်အသုံးချနိုင်သည်။

**သီးနှံပင်၏စုပ်ယူစားသုံးမှု**

သီးနှံပင်သည် မြေထဲမှဖော့စဖရတ်ဓာတ်ကို ရယူရာတွင် မြေတွင်းအရည်ထဲ၌ ဖော့စဖရတ်ဓာတ် ပျော်ဝင်နေမှုနှင့် ဖော့စဖရတ်ဓာတ်၏ အသင့်စားသုံး နိုင်မှုအခြေအနေတွင်ရှိနေမှုပေါ် မူတည်ကာ ကွာခြားသွားသည်။ မြေထဲတွင်ရှိသော ဖော့စဖရတ် ဓာတ်သည် ရွေ့လျားမှုအလွန်နည်းပြီး အပင်အမြစ် ဝန်းကျင်မှ ချဉ်းစိမ့်ပြန့်ခြင်းနည်းဖြင့် အပင်တွင်းသို့ ဝင်ရောက်လေ့ရှိသည်။ ဤနေရာတွင် အပင်မြစ် ကြီးထွားဖွံ့ဖြိုးမှုအတွက် ဖော့စဖရတ်အာဟာရ ဓာတ်သည် အရေးကြီးပြီး အပင်မြစ်ထိခိုက်ခြင်း၊ ပျက်စီးခြင်း၊ မြေ၏သိပ်သည်းမှုများခြင်း၊ ပေါင်း သတ်ဆေးများကြောင့် အမြစ်ထိပ်ထိခိုက်စေခြင်း၊ မြေတွင်းအောင်း အင်းဆက်ပိုးတို့ကြောင့် အမြစ် ထိပ်ထိခိုက်မိခြင်း စသောအကြောင်းအမျိုးမျိုး ကြောင့် မြေထဲမှဖော့စဖရတ်ကို လုံလောက်စွာ မရရှိခဲ့ခြင်း၊ မရရှိနိုင်ခြင်းတို့ဖြစ်ပေါ်လာပါက သီးနှံပင်တွင် ဖော့စဖရတ်ဓာတ်ချို့တဲ့မှုဖြစ် စေနိုင်သည်။

**ဖော့စဖရတ်ဓာတ်အသုံးပြုမှုအတွက် အကြံပြုချက်**

မြေဆီလွှာစစ်ဆေးချက်ပြုလုပ်၍ ဖော့စဖရတ် ပမာဏကိုသိရှိထားခြင်းဖြင့် ထည့်သွင်းပေးရမည့် ဖော့စဖရတ်မြေသြဇာပမာဏကို ချိန်ညှိသုံးစွဲနိုင် သည်။ အစပျိုးမြေသြဇာတွင် ဖော့စဖရတ်ပမာဏကို ဆုံးဖြတ်ထည့်ပေးနိုင်သည်။ ဖော့စဖရတ်ဓာတ်ပါဝင် မှုများသော မြေဆွေးများ၊ တိရစ္ဆာန်အညစ်အကြေး များသုံးစွဲမိပါက သီးလှည့်စိုက်ပျိုးခြင်း(သီးနှံ ပြောင်းလဲစိုက်ပျိုးပေးခြင်း)ဖြင့် ဖော့စဖရတ်ဓာတ် ညီမျှမှုရှိစေရန် ဆောင်ရွက်နိုင်သည်။ စိုက်ပျိုးသည့် သီးနှံ၊ မြေ၏အခြေအနေများနှင့် မြေသြဇာ၊ သဘာဝ မြေသြဇာထည့်သွင်းပေးရမည့်အချိန်၊ ထည့်သွင်း ပေးမည့်စနစ်တို့ကို ဆုံးဖြတ်ဆောင်ရွက်နိုင်သည်။ မြေဆီလွှာကိုရေတိုက်စားခြင်းနှင့် စိမ့်ဆင်းရေ ကြောင့် ဖော့စဖရတ်ဓာတ်ဆုံးရှုံးခြင်း ပျောက်ဆုံးမှုကို ကာကွယ်နိုင်ပြီး ရေအရည်အသွေးဆုံးရှုံးမှုများကို လည်း ကာကွယ်ပေးနိုင်သည်။

သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မား လာစေရေး ကဏ္ဍစုံအသီးသီးမှ ကြိုးပမ်းဆောင်ရွက် နေကြရာတွင် အပင်စတင်စိုက်ပျိုးသည်မှ အသီးအနှံ ကောင်းကောင်း အရည်အသွေးပြည့်ပြည့်ရရှိနိုင်ကြ စေရန်အတွက် ပန်းတိုင်အထွက်နှုန်းများ ရည်မှန်း ချက်အတိုင်းရရှိနိုင်စေရန် သီးနှံပင်အာဟာရ ဖြည့်တင်းရေးသည် တစ်ခန်းတစ်ကဏ္ဍမှပါဝင်နေ သည်။ သို့ဖြစ်၍ အပင်အာဟာရဓာတ်များတွင် မရှိမဖြစ်အရေးကြီးသည့် ဖော့စဖရတ်ဓာတ်ကိုလည်း သတိပြုဖြည့်ဆည်းပေးရန်နှင့် သဘာဝဖော့စဖရတ် အရင်းအမြစ်များကို လေ့လာသုံးစွဲနိုင်ရန် အကြံပြု တင်ပြအပ်ပါသည်။

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ဧက ၁၀၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်



**ထီးချိုင့် ဒီဇင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲဧက ၁၀၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထီးချိုင့်မြို့နယ်တွင် မတ်ပဲ ၉၇၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၁၀၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ မတ်ပဲ ၉၇၇ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့မှာ ဧက ၁၀၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲသီးနှံ စိုက်ပျိုးမှုအနေနဲ့ လက်ရှိအချိန်မှာတော့ လျာထားဧကထက် ပိုမိုစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာ လိုအပ်တဲ့နည်းပညာတွေ၊မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကို မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးနေတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် မတ်ပဲ စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်၍ မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ရေတာရှည်မြို့နယ် သဲကောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေတာရှည် ဒီဇင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သဲကောကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းတိုးပွားလာစေရန်ရည်ရွယ်၍ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို အဆိုပါကျေးရွာ၌ ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေတာရှည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ရီရီပြုံးက သဲကောကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့်မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သဲကောကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းနှင့်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၂ ဦးအတွက် မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၅၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း ရေတာရှည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ရီရီပြုံးထံမှ သိရသည်။

**မောင်ခိုင်**

# မဲရုံတွင်ဆန္ဒမဲပေးခြင်းအတွက် သိရှိမှတ်သား ဆောင်ရွက်ရမည့်အချက်များ (အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း)

- မဲရုံသို့ဝင်ရောက်သည့်အခါ မဲစာရင်းစစ်ဆေးသူထံ မိမိ၏အမည်နှင့် မဲစာရင်းအမှတ်စဉ်ကို ပြောပြပါ၊ အထောက်အထားအဖြစ် နိုင်ငံသားစိစစ်ရေးကတ်ကိုပြပါ၊
- မဲစာရင်းစစ်ဆေးသူက မိမိ၏အမည်ကို တွေ့ရှိပြီး မှန်ကန်လျှင် မဲစာရင်း၌လက်မှတ်ရေးထိုးပါ၊ သို့မဟုတ် လက်ဝဲလက်မဖြင့် လက်ဗွေနှိပ်ပါ၊
- လျှို့ဝှက်ဆန္ဒပြုခန်းအတွင်းသို့ဝင်၍ ဆန္ဒပြုစက်ပေါ်ရှိ မိမိမဲပေးလိုသော လွှတ်တော် ကိုယ်စားလှယ်လောင်း၏ အမည်နှင့်သင်္ကေတအမှတ်အသား တည့်တည့်တွင်ရှိသော ဆန္ဒပြု ခလုတ်ကို တစ်ကြိမ်သာနှိပ်၍ ဆန္ဒပြုပါ၊
- ဆန္ဒပြုပြီးနောက် ဆန္ဒပြုစက်နှင့် ချိတ်ဆက်ထားသော မဲပေးချက်ဖော်ပြသည့်စက်မှ ပြသသည့်ဆန္ဒမဲဖြတ်ပိုင်းတွင် မိမိမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့် သင်္ကေတအမှတ်အသားကို ကြည့်ရှုနိုင်သည်၊
- မိမိဆန္ဒပြုလိုသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးကိုသာ ဆန္ဒမဲပေးပါ၊
- မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲ တစ်မဲစီသာပေးပါ၊
- မဲရုံမှ မထွက်ခွာမီ မဲပေးပြီးကြောင်း မင်တို့ပေးသည့် မဲရုံအဖွဲ့ဝင်ထံ သွားရောက်၍ သတ်မှတ်ထားသည့် လက်ချောင်းတစ်ချောင်းချောင်းတွင် မင်တို့ပါ၊
- မဲပေးပြီးပါက မဲရုံပရိဝုဏ်အတွင်းမှ ဆောလျင်စွာ ထွက်ခွာပါ။

"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"
"လွတ်လပ်မျှတ၊ မဲပေးကြ"


# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီ အစဉ် (Public Feed-back Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့ အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက် ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် ''1111''




ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်း က ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါ ကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

# အရှိန်အဟုန်မြင့်လာသည့် ဂျပန်နိုင်ငံ၏စစ်ရေးတည်ဆောက်မှု

**မောင်ဝေလွမ်း(သုတေသီ)**

ဂျပန်နိုင်ငံသည် ဒုတိယကမ္ဘာစစ်ပြီးဆုံးပြီးနောက် ရေးဆွဲခဲ့သည့်အခြေခံဥပဒေအရ စစ်ရေးအင်အားတည်ဆောက်မှုတွင် ကန့်သတ်ချက်များရှိသည်။ ထိုကန့်သတ်ချက်များမှ အဓိကအချက်များတွင် ထိုးစစ်လက်နက်များထုတ်လုပ်တပ်ဆင်မှု၊ ပြည်ပသို့ စစ်ဆင်တိုက်ခိုက်မှုနှင့် ထိုးစစ်သုံးစစ်လက်နက်ပစ္စည်းများ ပြည်ပတင်ပို့ရောင်းချခွင့်တို့ ပါဝင်သည်။ ထိုကန့်သတ်ချက်များကြားမှပင် မကြာသေးသည့်နှစ်များမှစ၍ ဂျပန်နိုင်ငံသည် စစ်ရေးတည်ဆောက်မှုကို ဖြည်းဖြည်းချင်းပုံမှန်တိုးမြှင့်ပြီး ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ခဲ့သည်။

**ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့်မှု**

ဂျပန်အစိုးရသည် မကြာသေးမီက ၂၀၂၅ ခုနှစ်ဧပြီလမှ ၂၀၂၆ ခုနှစ် မတ်လထိ အကျုံးဝင်သည့် ၂၀၂၅ ဘဏ္ဍာနှစ်အတွက် နောက်ဆက်တွဲဖြည့်စွက်ဘတ်ဂျက်ကို အတည်ပြုခဲ့ပြီး နိုင်ငံ၏ကာကွယ်ရေးအသုံးစရိတ်ကို ပြည်တွင်းထုတ်လုပ်မှုအသားတင်တန်ဖိုး(GDP)၏ နှစ်ရာခိုင်နှုန်းထိ တိုးမြှင့်ပေးခဲ့သည်။ အချက်အလက်များက ဂျပန်နိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်သည် ၁၃ နှစ်ဆက်တိုက် မြင့်တက်လာကြောင်း ပြသနေသည်။ လေ့လာသုံးသပ်သူများ၏ အဆိုအရ ဂျပန်နိုင်ငံ၏ တိုးချဲ့လာသော စစ်ရေးရည်မှန်းချက်များသည် ပထဝီနိုင်ငံရေးဆိုင်ရာ တွက်ချက်မှုအမျိုးမျိုးကြောင့် မောင်းနှင်ပြီး ဒေသတွင်းနိုင်ငံများကြားတွင် သတိရှိမှုကို မြှင့်တင်ပေးလျက်ရှိသည်။

နိုဝင်ဘာ ၂၈ ရက်တွင် ဂျပန်အစိုးရအဖွဲ့မှ အတည်ပြုခဲ့သော နောက်ဆက်တွဲတိုးမြှင့်ဘတ်ဂျက်တွင် ကာကွယ်ရေးဆိုင်ရာ အသုံးစရိတ်များအတွက် ဂျပန်ယန်း ၁ ဒသမ ၁ ထရီလီယံပါဝင်သည်။ ကနဦး ဂျပန်ယန်း ၉ ဒသမ ၉ ထရီလီယံ ခွဲဝေချထားပေးမှုနှင့် ပေါင်းစပ်ချိန်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ဂျပန်နိုင်ငံ၏ စုစုပေါင်းကာကွယ်ရေးအသုံးစရိတ်သည် ဂျပန်ယန်း ၁၁ ထရီလီယံခန့်ထိ ရောက်ရှိမည်ဖြစ်ပြီး ပြည်တွင်းထုတ်လုပ်မှုအသားတင်တန်ဖိုး (GDP)၏ နှစ်ရာခိုင်နှုန်းရှိသည်။ ၁၉၇၆ ခုနှစ်တွင် ယခင်ဝန်ကြီးချုပ် မီကီတာကဲအိုက ဂျပန်နိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်ကို ပြည်တွင်းထုတ်လုပ်မှုအသားတင်တန်ဖိုး (GDP)၏ တစ်ရာခိုင်နှုန်းထက် မပိုစေရန် ဆုံးဖြတ်ခဲ့ပြီးနောက်ပိုင်း ဂျပန်နိုင်ငံအစိုးရအဖွဲ့အဆက်ဆက်သည် ဤမူဝါဒကို ယေဘုယျအားဖြင့် လိုက်နာခဲ့ကြသည်။ သို့သော် ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနမှ အချက်အလက်များအရ ဂျပန်နိုင်ငံ၏ကာကွယ်ရေးဘတ်ဂျက်သည် ၂၀၁၂ ခုနှစ်မှ ၂၀၂၅ ခုနှစ်ထိ ၁၃ နှစ် ဆက်တိုက် မြင့်တက်လာကြောင်း ပြသနေသည်။

ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနသည် ဖရီးဂိတ်များ၊ ရေငုပ်သင်္ဘောများ၊ ဒုံးကျည်များနှင့် အဆင့်မြှင့်တင်ထားသော Type 03 မြေပြင်မှဝေဟင် တာလတ်ပစ်ဒုံးကျည်စနစ်ကဲ့သို့သော အခြားပစ္စည်းများဝယ်ယူရန်အတွက် မကြာသေးမီက အတည်ပြုထားသည့် နောက်ဆက်တွဲဘတ်ဂျက်တွင် ဂျပန်ယန်း ၈၄၇ ဒသမ ၂ ဘီလီယံ ထည့်သွင်းထားသည်။ ဂျပန်ကာကွယ်ရေးဝန်ကြီး ရှင်ဂျီရိုကိုအီဇူမီသည် မကြာသေးမီက ရူကျူးကျွန်းများရှိ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များ၏ အခြေစိုက်စခန်းကို စစ်ဆေးခဲ့ပြီး ယိုနာဂူနီကျွန်းပေါ်တွင် Type 03 မြေပြင်မှဝေဟင် တာလတ်ပစ်ဒုံးကျည်စနစ်ကို ဖြန့်ကြက်ရန်အစီအစဉ်သည် အချိန်ဇယားအတိုင်း လျင်မြန်စွာ တိုးတက်နေကြောင်း ကြေညာခဲ့သည်။ ဂျပန်နိုင်ငံ၏ အနောက်ဘက်အစွန်ဆုံးနေရာတွင် တည်ရှိသော Yonaguni ကျွန်းသည် တရုတ်(တိုင်ပေ)နှင့် အနီးဆုံးဂျပန်ကျွန်းဖြစ်ပြီး အနည်းဆုံး ကီလိုမီတာ ၁၁၀ သာကွာဝေးသည်။ Asahi Shimbun သတင်းစာ၏ မှတ်ချက်တွင် ဂျပန်နိုင်ငံသည် အမျိုးသားလုံခြုံရေးဆိုင်ရာ ထုတ်ပြန်ချက်သုံးခု၌ ဂျပန်နိုင်ငံ၏ကာကွယ်ရေးစွမ်းရည်များကို အခြေခံအားဖြင့် အားကောင်းစေရန်နှင့် တန်ပြန်တိုက်ခိုက်မှုစွမ်းရည်ဟုခေါ်သော စွမ်းရည်များကိုရယူရန် အဆိုပြုထားကြောင်း ထောက်ပြထားသည်။ သို့သော်လည်း တန်ပြန်တိုက်ခိုက်မှုစွမ်းရည်များ ရယူခြင်းသည် ဂျပန်နိုင်ငံ၏ ရေရှည်တည်ရှိနေသော ခုခံကာကွယ်ရေးကိုသာ သီးသန့်ဦးတည်သောမူကို ထိရောက်စွာပျက်ပြယ်စေခဲ့သည်။ ဂျပန်ဝန်ကြီးချုပ် တာကာချီ၏ လုံခြုံရေးမူဝါဒသည် ဤလမ်းကြောင်းကိုလိုက်နာပြီး ကာကွယ်ရေးအသုံးစရိတ်ကို ထပ်မံတိုးမြှင့်ခြင်းနှင့်လက်နက်တင်ပို့မှုအပေါ် ကန့်သတ်ချက်များကို သိသိသာသာ ဖြေလျှော့ပေးခြင်း ပါဝင်သည်။




**လက်နက်တင်ပို့ရန်ကြိုးပမ်းမှု**

ထို့ပြင် ဂျပန်အစိုးရသည် တိုက်ခိုက်ရေးလက်နက်များ တင်ပို့မှုကိုလည်း မြှင့်တင်လျက်ရှိသည်။ ဂျပန်အစိုးရသည် Type 03 မြေပြင်မှဝေဟင် တာလတ်ပစ်ဒုံးကျည်စနစ်တင်ပို့မှုနှင့် ပတ်သက်၍ ဖိလစ်ပိုင်နိုင်ငံနှင့် အလွတ်သဘောတိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။ သတင်းရင်းမြစ်များ၏အဆိုအရ ဖိလစ်ပိုင်ဘက်က Type 03 မြေပြင်မှဝေဟင် တာလတ်ပစ်ဒုံးကျည်စနစ်ကို ၎င်း၏တပ်ဖွဲ့များတွင် ထည့်သွင်းလိုသည့်ဆန္ဒကို ရှင်းရှင်းလင်းလင်းဖော်ပြခဲ့သည်။

ဂျပန်နိုင်ငံက ဖိလစ်ပိုင်နိုင်ငံသို့ ပေးအပ်ရန် စီစဉ်ထားသော လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်များသည် ဖိလစ်ပိုင်နိုင်ငံတွင်ချထားပါက တောင်တရုတ်ပင်လယ်ရှိ မငြိမ်မသက်ဖြစ်နေသည့် ဒေသများ၏ အစိတ်အပိုင်းများကို လွှမ်းခြုံနိုင်ပြီး အမေရိကန်စစ်ဘက်က ဖိလစ်ပိုင်နိုင်ငံတွင်ချထားခဲ့သော ဒုံးကျည်စနစ်များနှင့် ဖြည့်စွက်ပေးနိုင်ကြောင်း၊ ထိုးစစ်ဆင်တိုက်ခိုက်သည့်ရှေ့တန်းစစ်ဆင်ရေးခြေကုပ်တစ်ခု ဖန်တီးပေးနိုင်ကြောင်း တရုတ်နိုင်ငံတကာလေ့လာရေးသိပ္ပံ၏ အာရှ-ပစိဖိတ်လေ့လာရေးဌာနမှ သုတေသနပညာရှင် Xiang Haoyu က မှတ်ချက်ပြုခဲ့သည်။ မကြာသေးမီနှစ်များအတွင်း ပုံမှန်ဖြစ်လာသော ဂျပန်-ဖိလစ်ပိုင်နှင့် အမေရိကန်-ဂျပန်-ဖိလစ်ပိုင် ပူးတွဲလေ့ကျင့်မှုများ၊ ထောက်လှမ်းရေးမျှဝေမှုများနှင့်အတူ ဤလှုပ်ရှားမှုသည် တောင်တရုတ်ပင်လယ်အတွင်း ၎င်း၏စစ်ရေးလွှမ်းမိုးမှုကို ရှေ့ဆောင်ပြသရန် ဂျပန်နိုင်ငံ၏ရည်ရွယ်ချက်ကို ရှင်းရှင်းလင်းလင်း ပြသနေသည်။

၎င်း၏စစ်ရေးစွမ်းရည်များကို တိုးချဲ့ရန် ဂျပန်နိုင်ငံ၏ရည်မှန်းချက်သည် ပထဝီနိုင်ငံရေးဆိုင်ရာ တွက်ချက်မှုအလွှာများစွာကို ထင်ဟပ်စေကြောင်း Xiang Haoyu က ထပ်မံဖော်ပြခဲ့သည်။ မဟာဗျူဟာရှုထောင့်မှကြည့်လျှင် ဂျပန်နိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံနှင့် ဆက်ဆံရေးခိုင်မာရန် ထိုကဲ့သို့သော လက်နက်ရောင်းချမှုနှင့်စစ်ရေးအကူအညီများကို အသုံးပြုလျက်ရှိရာ တရုတ်နိုင်ငံကို တားဆီးရန်နှင့်ဝန်းရံရန် အမေရိကန်နိုင်ငံ၏ အင်ဒို-ပစိဖိတ်ဗျူဟာဟုခေါ်သော မူဘောင်တစ်ခုတည်ဆောက်မှုနှင့် ကိုက်ညီနေသည်ဟု တရုတ်ကယူဆထားသည်။ ကမ်းရိုးတန်းစောင့်ကြည့်ရေးရေဒါများကိုလည်း ဖိလစ်ပိုင်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ကို ပံ့ပိုးထားပြီးဖြစ်သည်။ တစ်ချိန်တည်းမှာပင် ပုံမှန်နိုင်ငံတစ်နိုင်ငံအဖြစ် ၎င်း၏အဆင့်အတန်းကို ဆက်လက်ထိန်းထားရန် အရှေ့တောင်အာရှတွင် စစ်ရေးပူးပေါင်းဆောင်ရွက်မှုကွန်ရက်တစ်ခုကို စုစည်းရန်ကြိုးစားလျက်ရှိသည်။

**နျူကလီးယားရည်မှန်းချက်**

နျူကလီးယားမပိုင်ဆိုင်ရေးမူသုံးခုကို ဂျပန်ဝန်ကြီးချုပ်ဟောင်း အီဆာကူဆာတိုက ၁၉၆၇ ခုနှစ်တွင် အဆိုပြုခဲ့ပြီး ဆိုလိုသည်မှာ နျူကလီးယားလက်နက်များမပိုင်ဆိုင်ရေး၊ မထုတ်လုပ်ရေးနှင့် မိတ်ဆက်မှုမပြုလုပ်ရေးတို့ကိုအဆိုပြုခဲ့သည်။ ဂျပန်ဝန်ကြီးချုပ်ဟောင်းသည် နျူကလီးယားမပိုင်ဆိုင်ရေးမူသုံးခုကို အဆိုပြုခဲ့သည့်အတွက် ငြိမ်းချမ်းရေးနိုဘယ်ဆုရရှိခဲ့သည်။ ၎င်းနျူကလီးယားမူသုံးခု၏ အစိတ်အပိုင်းသုံးခုကို အပိုင်းနှစ်ပိုင်းခွဲခြားနိုင်သည်။ ပထမအပိုင်းဖြစ်သော "နျူကလီးယားလက်နက်များပိုင်ဆိုင်မှုမပြုခြင်းနှင့် ထုတ်လုပ်မှုမပြုခြင်း" သည် ဂျပန်နိုင်ငံအနေဖြင့် နျူကလီးယားလက်နက်များမပြန့်ပွားရေးစာချုပ် (NPT) အဖွဲ့ဝင်ဖြစ်မှုနှင့် ဆက်စပ်နေသည်။ ထို့ကြောင့် ၎င်းမူများ၏ ပထမအပိုင်းကို ပြင်ဆင်ခြင်းသည် ဥပဒေအရ ခက်ခဲသော အလုပ်တစ်ခုဖြစ်လိမ့်မည်ဖြစ်သည်။ ထို့ကြောင့် ဝန်ကြီးချုပ်အသစ်က တွန်းအားပေးသောပြင်ဆင်မှုသည် နျူကလီးယားလက်နက်များတပ်ဆင်မှုမပြုခြင်းဆိုင်ရာ အစိတ်အပိုင်းကို အဓိကရည်ရွယ်သည်။

ဂျပန်-အမေရိကန်လုံခြုံရေးမူဘောင်အရ ဂျပန်အတွက် နျူကလီးယားလက်နက်များ မိတ်ဆက်ရန် တစ်ခုတည်းသော အလားအလာရှိသည့် အရင်းအမြစ်မှာ အရှေ့အာရှတွင် အမေရိကန်နိုင်ငံ၏ နျူကလီးယားဖြန့်ကြက်မှုမှာသာ ပေါ်ပေါက်လိမ့်မည်ဖြစ်သည်။ နျူကလီးယားလက်နက်များ ထည့်သွင်းမှုမပြုခြင်းမူသည် အမေရိကန်နိုင်ငံ၏ နျူကလီးယားဟန့်တားမှု၏ ထိရောက်မှုကို ထိခိုက်စေလိမ့်မည်ဟု ဂျပန်ဝန်ကြီးချုပ် တာကာချီက ပြောကြားထားသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ဂျပန်-အမေရိကန်ဆက်ဆံရေးကိုခိုင်မာစေရန် အကြောင်းပြချက်ဖြင့် ဤအပိုဒ်ကိုပြင်ဆင်ရန် ကြိုးပမ်းခြင်းဖြစ်သည်။ သို့သော် နျူကလီးယားပိုင်ဆိုင်မှုမပြုရေးမူသုံးခုသည် ပေါင်းစပ်ထားသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ဂျပန်ဝန်ကြီးချုပ် တာကာချီသည် နျူကလီးယားလက်နက်များ တပ်ဆင်မှုမပြုခြင်းဟူသောအချက်ကို အသုံးချပြီး မူဘောင်တစ်ခုလုံးကိုဖွင့်ဟရန်၊ တစ်ချိန်က တင်းကျပ်ပြီး ပြောင်းလဲနိုင်ခြင်းမရှိသောမူကို ဆန္ဒအလျောက် ပြုပြင်နိုင်သော မူဝါဒအဖြစ် ပြောင်းလဲရန် အသုံးပြုနိုင်သည်။ ထိုသို့အသုံးပြုပါက အခြားမူနှစ်ခုဖြစ်သည့် နျူကလီးယားလက်နက်များပိုင်ဆိုင်မှုမပြုခြင်းနှင့် ထုတ်လုပ်မှုမပြုခြင်းမူကိုလည်း မလွဲမသွေဖြေလျှော့ပေးမည်ဖြစ်သည်။

နျူကလီးယားပိုင်ဆိုင်မှုမပြုရေးမူ သုံးချက်ကိုပြင်ဆင်ခြင်းသည် ဂျပန်နိုင်ငံ၏ ပြည်တွင်းလက်ယာယိမ်းလူထုဝါဒကို ဦးစားပေးသည့် တာကာချီအစိုးရ၏ နိုင်ငံရေးဦးတည်ချက်နှင့် ကိုက်ညီလျက်ရှိသည်။ ဂျပန်နိုင်ငံ၏လက်ယာယိမ်းတပ်ဖွဲ့များ၏ အမြင်တွင် ဂျပန်နိုင်ငံ၏ ငြိမ်းချမ်းရေးဝါဒီဖွဲ့စည်းပုံအခြေခံဥပဒေ၊ နျူကလီးယားပိုင်ဆိုင်မှုမပြုရေးမူသုံးချက်နှင့်ဂျပန်နိုင်ငံ၏ စစ်ပြီးကာလ အမျိုးသားမူဘောင်တစ်ခုလုံးသည် နိုင်ငံကိုကန့်သတ်ထားသော ချုပ်နှောင်မှုများဖြစ်သည်။ အရှေ့အာရှတွင် နျူကလီးယားတားဆီးမည့် အမေရိကန်နိုင်ငံ၏ မဟာဗျူဟာမြောက်ရည်မှန်းချက်များနှင့် ကိုက်ညီစေရန်အတွက် နျူကလီးယားပိုင်ဆိုင်မှုမပြုရေးမူသုံးချက်ကိုပြင်ဆင်ရန် အတင်းအကျပ် တောင်းဆိုခြင်းဖြင့် တာကာချီအစိုးရသည် ဂျပန်နိုင်ငံကို အမေရိကန်နိုင်ငံ၏ ထိန်းချုပ်မှုအောက်တွင် ပိုမိုခိုင်မာစွာ ရောက်ရှိစေလိမ့်မည်ဖြစ်သည်။ ဤသို့ဖြင့် နိုင်ငံကို ပိုမိုနက်ရှိုင်းသော မဟာဗျူဟာမြောက် ငြိမ်သက်မှုအခြေအနေသို့ တွန်းပို့မည်ဖြစ်သည်။ နျူကလီးယားပိုင်ဆိုင်မှုမပြုရေးမူ သုံးချက်ကို ပြင်ဆင်မည်ဆိုပါက ဂျပန်နိုင်ငံ၏ နိုင်ငံတကာပုံရိပ်နှင့်ပတ်သက်၍ ကမ္ဘာလုံးဆိုင်ရာ သံသယများကို ဖြစ်ပေါ်စေမည်မှာ အသေအချာပင်ဖြစ်သည်။

အချုပ်ဆိုရလျှင် ဂျပန်နိုင်ငံသည် မကြာသေးသည့်နှစ်များမှစ၍ စစ်ရေးတည်ဆောက်မှုကို တိုးမြှင့်လုပ်ဆောင်လာသည်ကို အထင်အရှားမြင်တွေ့ရသည်။ ဂျပန်နိုင်ငံသည် အင်ဒို-ပစိဖိတ်ဖြန့်ကြက်မှုကို ၂၀၁၇ ခုနှစ်တွင် အကောင်အထည်ဖော်ခဲ့ပြီး ၎င်းကို ယခုအချိန်ထိ ဒေသတွင်းနိုင်ငံများသို့ လှည့်လည်မှု ပုံမှန်လုပ်ဆောင်လာခဲ့သည်။ ၂၀၁၇ ခုနှစ်က ရဟတ်ယာဉ်တင်ဖျက်သင်္ဘောအဖြစ် ကနဦးတပ်တော်ဝင်ခဲ့သော ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးရေတပ်၏ JS Kaga ကို လေယာဉ်များပြေးလမ်းတိုပျံတက်မှုနှင့် ဒေါင်လိုက်ဆင်းသက်မှုပြုလုပ်ရန် အဆင့်မြှင့်တင်မှုများ ပြုလုပ်ထားပြီးဖြစ်ကာ ၎င်းစစ်ရေယာဉ်မှ F-35B Lightning II လေယာဉ်များ စတင်အသုံးပြုနေပြီဖြစ်သည်။ ယခုအခါ ကာကွယ်ရေးအသုံးစရိတ်ကို တိုးမြှင့်ရုံမက ထိုးစစ်လက်နက်များ ပြည်ပတင်ပို့ရေးနှင့် နျူကလီးယားလက်နက်ပိုင်ဆိုင်မှုမပြုရေးမူကိုပင် ပြန်လည်သုံးသပ်ရန် လုပ်ဆောင်လာပြီဖြစ်သည်။ သို့ဖြစ်၍ ဂျပန်နိုင်ငံ၏ အရှိန်မြင့်လာသည့် စစ်ရေးတည်ဆောက်မှုသည် ဒေသတွင်းလုံခြုံရေးအပေါ် သက်ရောက်နိုင်သကဲ့သို့ လက်နက်ပြိုင်ဆိုင်ရေး မောင်းနှင်မှုနှင့်အတူ ဒေသတွင်းနိုင်ငံများ၏စောင့်ကြည့်မှုကိုလည်း ဆွဲဆောင်လိမ့်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**


- Japan's 13-year defense budget spree - rings alarm bells over military ambitions, China Military Online, December 2025.
- Apan's nuclear ambition: Where is it heading?, China Military Online, December 2025.

ပေါက်ပေါက်

# ကျန်းမာစေမည့် အသက်ရှူနည်း

လူတို့၏အသက်ရှူပုံကို ခွဲခြမ်းစိတ်ဖြာကြည့်လျှင် ဝမ်းခေါင်းပိုင်းနှင့် ရင်ခေါင်းပိုင်းကို လိပ်ခုံးပုံ ကြွက်သားဒိုင်ယာဖရမ်ဖြင့် ပိုင်းခြားထားသည်။ အသက်ရှူနေစဉ် ဝမ်းခေါင်းပိုင်းနှင့် ရင်ခေါင်းပိုင်းတို့က ခုံးလိုက်၊ ခွက်လိုက်ပုံပြောင်းပြီး အထက်၊ အောက်လှုပ်ရှားနေသည်။

ဝမ်းခေါင်းဘက်ခုံးပြီး ရင်ခေါင်းဘက်ခွက်သည့်အခါ နှာခေါင်းဝရှိလေများ အဆုတ်ထဲဝင်လာသည်။ ထိုအခါ မသန့်ရှင်းသည့် သွေးဟောင်းများထဲက ကာဗွန်နှင့် လေသစ်ထဲက အောက်ဆီဂျင်တို့ ဖလှယ်ကြပြီး သန့်ရှင်းသောသွေးသစ်ကို ဖြစ်စေသည်။

ထို့နောက် အဆုတ်ထဲရှိလေသစ်များသည် သွေးထဲရှိ ကာဗွန်နှင့်ဖလှယ်ပြီး လေညစ်များအဖြစ် ပြောင်းသွားသည်။

ထိုအချိန်တွင် ဝမ်းခေါင်းဘက်ခုံးနေသော ဒိုင်ယာဖရမ်သည် ရင်ခေါင်းဘက်ခုံးနေသောပုံစံ ပြောင်းသွားသဖြင့် ရင်ခေါင်းပိုင်းကျဉ်းသွားပြီး အဆုတ်အတွင်းက ကာဗွန်ဒိုင်အောက်ဆိုက်လေညစ်များကို နှာခေါင်းပေါက်မှတစ်ဆင့် ထုတ်လိုက်သည်။

အထက်ဖော်ပြပါဖြစ်စဉ်သည် လေရှူ၊ လေထုတ်အလုပ်လုပ်ခြင်းဖြစ်သည်။ တစ်နည်းဆိုသော် အသက်ရှူခြင်းဖြစ်စဉ်ဟုဆိုနိုင်သည်။ သန့်ရှင်းသောလေများများရလေ ကျန်းမာရေးကောင်းလေဖြစ်သည်။

**အရေးပါသောအောက်ဆီဂျင်**

ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်ဟု ဆိုကြသည်။

လေအသက် မည်မျှဖြစ်မည်နည်း။ သိလိုပါလျှင် လေမရှူဘဲ အသက်အောင့်ကြည့်ပါ။ ပုံမှန်ကျန်းမာရေးကောင်းသူမှာပင် စက္ကန့်သုံးဆယ်ကျော် (မိနစ်ဝက်ကျော်) အသက်အောင့်ထားလျှင် မောဟိုက်လာသည်။ ဆေးသိပ္ပံပညာရှင်များ၏အဆိုအရ အရွယ်ရောက်ပြီးသူလူတစ်ဦး၏ ပုံမှန်အသက်ရှူခြင်းသည် တစ်မိနစ်အတွင်း ပျမ်းမျှ ၁၂ ကြိမ် မှ ၁၆ ကြိမ်ထိရှိကြောင်း၊ အသက်မရှူဘဲ တစ်မိနစ်ကျော် နှစ်မိနစ်ခန့်ထိ နေနိုင်ကြောင်း၊ သုံးမိနစ်မှ လေးမိနစ်ထိ အသက်မရှူရလျှင် ဦးနှောက်ပျက်စီးနိုင်ကြောင်း၊ လေးမိနစ်မှ ခြောက်မိနစ်ထိ အသက်မရှူရလျှင် အသက်သေသွားနိုင်ကြောင်း သိရသည်။

သုတေသီများ၏လေ့လာဆန်းစစ်ချက်အရ ပုံမှန်ကျန်းမာရေးကောင်းသော အရွယ်ရောက်ပြီးသူလူတစ်ဦးသည် တစ်နေ့လျှင် ပျမ်းမျှအကြိမ် ၂၀၀၀၀ ခန့်အသက်ရှူလေ့ရှိပြီး ရံဖန်ရံခါတွင် တစ်စက္ကန့်ခန့် အသက်ရှူရန်မေ့နေတတ်ကြကြောင်း တွေ့ရသည်ဟု ဆိုသည်။ အမှန်စင်စစ် အသက်ရှူနည်းကျွမ်းကျင်သူများက ကလေးငယ်များဖြစ်ကြပြီး ဆော့ကစားနေချိန်တွင်မသိသာသော်ငြား ၎င်းတို့ အိပ်မောကျနေချိန်တွင် ဝမ်းဗိုက်နေရာက သိသိသာသာ ဖြည်းဖြည်းမှန်မှန်ဖောင်းကြွ၊ ပြေလျော့ခြင်းတို့က လူကြီးများအနေဖြင့် အတုယူစရာအသက်ရှူနည်းဖြစ်သည်။ ကလေးဘဝမှစ၍ တဖြည်းဖြည်းအသက်ရလာသည်နှင့်အမျှ လောဘ၊ ဒေါသ၊ မောဟများ ဖိစီးလာကြပြီး တစ်ခါတစ်ရံ အသက်မြန်မြန်ရှူမိသကဲ့သို့ တစ်ခါတစ်ရံ ခပ်ဖွဖွသာအသက်ရှူမိနေကြရာ မိမိကိုယ်ကိုပင် သတိမထားမိတတ်ကြပေ။

အသက်ရှူနည်းပုံစံ မမှန်ကန်မှားယွင်းခြင်းက သွေးထဲတွင် အောက်ဆီဂျင်ပြတ်လပ်မှုဖြစ်စေကာ နာတာရှည်အိပ်မပျော်နိုင်တော့ဘဲ စိတ်ဖိစီးလာသည်။ ထို့ပြင် အောက်ဆီဂျင်လုံလောက်စွာမရခြင်းကြောင့် အသားအရေညစ်ထေးခြင်း၊ ကြွက်သားများနာကျင်ခြင်း စသည်တို့ကို မလွဲမသွေခံစားရစေနိုင်သည်။ နည်းလမ်းမှန်မှန် အသက်ရှူရှိုက်ခြင်းဖြင့် ဦးနှောက်ထဲ အောက်ဆီဂျင်ရောက်ရှိသွားပြီး စိတ်ကိုငြိမ်းချမ်းစေကာ ခန္ဓာကိုယ်ကို သက်သောင့်သက်သာဖြစ်စေသည်။



"လေရှူသွင်းရှူထုတ်ချိန်ပမာဏ တူညီနေမှသာ အောက်ဆီဂျင်နဲ့ ကာဗွန်ဒိုင်အောက်ဆိုက်တို့ မျှတနေမှာပါ။ အဲဒီလို မမျှတတော့ဘူးဆိုရင်တော့ ခန္ဓာကိုယ်ထဲမှာ အယ်ကာလိုင်းဓာတ်ပြုစေပြီး ကျန်းမာရေးကို ထိခိုက်စေတယ်"ဟု အမေရိကန် ယောဂဆရာတစ်ဦးဖြစ်သူ စာရေးဆရာ Fiona Agombar က အကြံပြုထားသည်။

**ကျန်းမာစေမည့် အသက်ရှူနည်း**

နိစ္စဓူဝမှာ လူသားတို့အနေဖြင့် ဣရိယာပုတ်အမျိုးမျိုးနှင့် စိတ်ခံစားမှုအမျိုးမျိုးတို့အတွက် ကျန်းမာစေမည့် မှန်ကန်သောအသက်ရှူနည်းများကို အောက်ပါအတိုင်းအကြံပြုလိုပါသည်။

**အခြေခံအကျဆုံးနှင့် အကောင်းဆုံးနည်း**

ဤနည်းက အောက်ဆီဂျင်ပိုမိုရရှိရန်အတွက် အကောင်းဆုံးနည်းလမ်းဖြစ်သည်။ (က) ရှူသွင်းခြင်း(Inhale)ပြုလုပ်ပါ။ နှာခေါင်းမှလေကို နှေးနှေးရှူသွင်းပါ။ ဝမ်းဗိုက်က ဖောင်းလာသကဲ့သို့ ခံစားရပါစေ။ ရင်ဘတ်က ဖြည်းဖြည်းသာ လှုပ်ရှားရမည်။ (ခ) ရှူထုတ်ခြင်း(Exhale)ပြုလုပ်ပါ။ နှုတ်ခမ်းကို စူပြီး လေကို နှေးနှေးထုတ်လိုက်ပါ။ ဝမ်းဗိုက်က တဖြည်းဖြည်း ပိန်သွားပါစေ။ ဤနည်းအတိုင်း ငါးမိနစ် မှ ၁၀ မိနစ်ခန့် နေ့စဉ်လေ့ကျင့်ပါ။

**စိတ်ဓာတ်ကျနေချိန် အသက်ရှူနည်း**

အကျပ်အတည်းနှင့် ရင်ဆိုင်နေရချိန် သို့မဟုတ် စိတ်ကို တည်ငြိမ်ရန်လိုအပ်ချိန်တွင် လေ့ကျင့်သင့်သည်။ ဦးစွာ နှာခေါင်းက လေကို လေးစက္ကန့်ရှူသွင်းပါ။ အသက်ကို လေးစက္ကန့်အောင့်ထားပါ။ ထို့နောက် နှာခေါင်း သို့မဟုတ် ပါးစပ်က လေကို လေးစက္ကန့်ထုတ်လိုက်ပါ။ ပြီးလျှင် လေလုံးဝမရှူဘဲ အသက်ကို လေးစက္ကန့် အောင့်ထားပါ။ ဤနည်းအတိုင်း ငါးမိနစ်ခန့်ပြုလုပ်ပါ။ ဖြည်းဖြည်းနှင့်မှန်မှန် အလှည့်ကျစီ ရှူသွင်း၊ ရှူထုတ်ပြုလုပ်ပါ။ အသက်ရှူထုတ်ခြင်းနှင့် အသက်ရှူသွင်းခြင်း ကြာချိန်ပမာဏ ထပ်တူညီမျှပါစေ။

**အိပ်မပျော်ခြင်းအတွက် အသက်ရှူနည်း**

လက်ယာဘက်နှာခေါင်းပေါက်ကိုပိတ်၍ လက်ဝဲဘက်နှာခေါင်းပေါက်မှ အမှတ်စဉ် ၁ မှ ၄ ထိ ရေတွက်ကာ လေရှူသွင်းပါ။ ထို့နောက် နှာခေါင်းပေါက် နှစ်ခုစလုံးကိုပိတ်ပြီး အမှတ်စဉ် ၁ မှ ၄ ထိ ရေတွက်၍ အသက်အောင့်ထားပါ။ တစ်ဖန် လက်ယာဘက်နှာခေါင်းပေါက်ကိုဖွင့်၍ အမှတ်စဉ် ၁ မှ ၄ ထိ ရေတွက်၍ လေရှူထုတ်ပါ။ ပြီးနောက် ပထမနည်းနှင့်ပြောင်းပြန် ဝဲဘက်နှာခေါင်းပေါက်ကို ပိတ်ပြီး လေရှူသွင်း၊ အသက်အောင့်၊ လေရှူထုတ်ခြင်းတို့ပြုလုပ်ပါ။ ဤပထမနည်း၊ ဒုတိယနည်းတို့ကို ငါးမိနစ်ကြာအောင် ဆက်လုပ်ပေးပါ။

**အလွန်အမင်းမောပန်းနေချိန် အသက်ရှူနည်း**

ပထမအဆင့်မှာ ၁၅ စက္ကန့်ခန့် အသက်မြန်မြန်ရှူပါ။ (လေရှူ၊ လေထုတ် ကြာချိန်ပမာဏ မျှတမှုရှိပါစေ။) ပြီးနောက် ဒုတိယအဆင့်တွင် ခပ်မှန်မှန်ရှူပါ။ အမောမပြေသေးပါက ပထမနှင့် ဒုတိယအဆင့်အတိုင်း နောက်ထပ်တစ်ကြိမ်ပြုလုပ်ပါ။ (ယခုတစ်ကြိမ်တွင် တစ်မိနစ်ကြာအောင် အသက်မြန်မြန်ရှူပေးပါ။)

**စိတ်ဆန္ဒစောနေချိန် အသက်ရှူနည်း**

ပြင်ပမှလေများကို ဝမ်းဗိုက်ထဲထိရောက်အောင် နှာခေါင်းမှ လေရှူသွင်းပြီး ဝမ်းဗိုက်ထဲမှလေများကို ပါးစပ်မှတစ်ဆင့် ပြင်ပသို့ထုတ်ပါ။ ဤနည်းအတိုင်း တစ်မိနစ်လျှင် ၁၅ ကြိမ်တိတိ လေရှူသွင်း၊ ရှူထုတ်လုပ်ပေးပါ။ စိတ်စောနေပြီး စကားအမှားမပါစေရန်၊ စကားမထစ်ငေါ့စေရန်တို့အတွက် နှာခေါင်းမှ လေရှူသွင်းစဉ် ဖြည်းဖြည်းမှန်မှန် စဉ်းစားချင့်ချိန်ပြီး စကားပြောပါ။

**နှလုံးရောဂါဖိစီးနေချိန် အသက်ရှူနည်း**

မျက်စေ့မှိတ်၍ တင်ပျဉ်ခွေထိုင်ပါ။ ညာဘက်လက်မဖြင့် ညာဘက်နှာခေါင်းပိတ်ပြီး ဘယ်ဘက်နှာခေါင်းပေါက်မှ ခြောက်စက္ကန့်မျှ လေရှူသွင်းပါ။ ပြီးနောက် ညာဘက်လက်သူကြွယ်ဖြင့် ဘယ်ဘက်နှာခေါင်းကို ပိတ်ပြီး ညာဘက်နှာခေါင်းပေါက်မှ ခြောက်စက္ကန့်မျှ ရှူထုတ်ပါ။ (ဤနည်းက ပထမနည်းဖြစ်သည်။) ပြီးနောက် ပထမနည်းနှင့် ပြောင်းပြန် ဝဲဘက်နှာခေါင်းပေါက်ကိုပိတ်ပြီး လေရှူသွင်း၊ ရှူထုတ်ခြင်းတို့ပြုလုပ်ပါ။ ဤ ပထမနည်း၊ ဒုတိယနည်းတို့ကို နှစ်မိနစ်မျှကြာအောင် တစ်လှည့်စီ ဆက်လုပ်ပေးပါ။

**မသန့်ရှင်းသောလေကို ရှူရှိုက်မိပြီး ဓာတ်မတည့်မှုဖြစ်နေချိန် အသက်ရှူနည်း**

သက်သောင့်သက်သာထိုင်ရင်း နှာခေါင်းမှ ခပ်ပြင်းပြင်း အသက်ရှူသွင်းပါ။ ထို့နောက် နှာခေါင်းမှ အသံကျယ်ကျယ်ဖြင့် "ဟင်း"ခနဲ မြည်သွားအောင် တစ်ကြိမ်တိတိ ဆောင့်၍လေရှူထုတ်ပါ။ ဤသို့ဆောင့်၍လေရှူထုတ်ခြင်းက နှာခေါင်း၊ ရင်ခေါင်း၊ ဦးခေါင်းတို့ကို တစ်ပြိုင်တည်းတုန်ခါမှုဖြစ်နေပါစေ။ ထိုနည်းအတိုင်း ၁၀ မိနစ်မျှဆက်လုပ်ပါ။

**အစားလွန်မိ၍ မအီမသာဖြစ်နေချိန်အသက်ရှူနည်း**

နှုတ်ခမ်းနှစ်လွှာစေ့၍ လေးစက္ကန့်ကြာမျှ အသက်ရှူသွင်းပါ။ နှုတ်ခမ်းနှစ်လွှာက "ဖူး"ခနဲ မြည်အောင် ရှစ်စက္ကန့်ကြာသည်ထိ လေရှူထုတ်ပါ။ ဤနည်းက ဟိန္ဒူအသက်ရှူနည်းဖြစ်ပြီး အစားလွန်မိ၍ မအီမသာခံစားရခြင်းကို သက်သာလာစေသည်။

**စိတ်ငြိမ်သက်စေမည့် ၄-၇-၈ နည်း**

ဤနည်းက အိပ်မပျော်သူများ၊ စိတ်ပူပန်မှုများသူများအတွက် အထူးသက်သာစေသည်။ ဦးစွာ ပါးစပ်မှ "ရှူး"ဆိုသောအသံဖြင့် လေကို အကုန်အစင်ထုတ်လိုက်ပါ။ ထို့နောက် နှာခေါင်းမှလေကို လေးစက္ကန့်ကြာ ရှူသွင်းပါ။ ပြီးလျှင် အသက်ကို ခုနစ်စက္ကန့်ကြာ အောင့်ထားပါ။ ပါးစပ်မှ "ရှူး"ဆိုသောအသံဖြင့် လေကို ရှစ်စက္ကန့်ကြာထုတ်လိုက်ပါ။ ဤနည်းအတိုင်း လေးကြိမ်ပြည့်အောင်လုပ်ပါ။

အချုပ်ဆိုသော် နည်းစနစ်မှန်မှန် အသက်ရှူခြင်းသည် ကျန်းမာစေရုံမျှမက အသက်လည်း ရှည်စေသည်။ အသက်ရှူလေ့ကျင့်ခြင်း၏အကျိုးကျေးဇူးများမှာ စိတ်ဖိစီးမှု(Stress)ကို ဖြစ်စေသည့် ကိုယ်ခန္ဓာထဲက Cortisol ဓာတ်များကို လျှော့ချပေးသည်။ စိတ်ပူပန်မှုကိုသက်သာစေပြီး အာရုံကြောစနစ်ကို အေးချမ်းစေသည်။ အိပ်ရေးဝစေသည်။ သွေးပေါင်ချိန်မြင့်မားသူများ(သွေးတိုးရောဂါရှိသူများ)အတွက် အထောက်အကူပြုစေမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျန်းမာစေမည့် အသက်ရှူနည်းလမ်းများအတိုင်း အသက်ကိုရှူ၍ ကျန်းမာသောဘဝများ ရရှိစေရန် ရည်ရွယ်ရေးသားအပ်ပါသည်။

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး / စာရေး အမျိုးသမီးသင်တန်းသူများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ခ ) လျှောက်ထားသူသည် ၂၃-၃-၂၀၂၆ ရက်နေ့တွင် အသက် ၁၇ နှစ်အောက်မငယ်ရ၊ ၂၀ နှစ်ထက်မကြီးရ။

( ဂ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။

( င ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက် ရှိရမည်။
(အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ(Myawady Webportal (www. myawady.net.mm/Sgt(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၂၃-၁၂-၂၀၂၅ ရက်နေ့မှ ၈-၂-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ် / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

( င ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

( စ ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သားအခြေခံလစာ (၁၅၀၀၀၀)ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) အခြေခံလစာ (၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ (၄၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါလစာများခံစားခွင့်ရှိမည်-

| အဆင့်အတန်း | အခြေခံလစာ | အရည်အချင်းလစာ | ပေါင်း |
|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၂၁၀၀၀၀ |
| ( ခ ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၂၁၂၀၀၀ |
| ( ဂ ) ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၂၄၈၀၀၀ |
| (ဃ) အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၂၆၆၀၀၀ |

**မှတ်ချက်**။ နှစ်တိုးလစာကို ၂ နှစ်လျှင် (၂၀၀၀)ကျပ် နှုန်းဖြင့် (၁၀၀၀၀)ကျပ် အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် ဆက်လက်ဖြေဆိုနိုင်သည်။

၈။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက်သတ်မှတ်ချက်များနှင့် အကျုံးဝင်သည့်အချိန်တွင် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအတွက် စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

ပြင်ဦးလွင်

# နန်းမြိုင်ကော်ဖီ

PURE ARABICA COFFEE




ပင်ရင်းအရောင်းဌာန-ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

THE BEST QUALITY TYRE



နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။

အရှည်အသွေးမြင့်မား တာယာ မှာ

# TRISTAR

TBB,TBR,PCR
တာယာအရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

ပင်ရင်းအရောင်းဌာန-ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၈၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇





“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပထာမစီစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm
Website Address - http://www.accm.gov.mm

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ NCA ကို လက်မှတ်ရေးထိုးရခြင်းရဲ့ ရည်ရွယ်ချက်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးကတစ်ဆင့် ရေရှည်တည်တံ့ခိုင်မြဲတဲ့ငြိမ်းချမ်းရေး၊ ရသင့်ရထိုက်သော တိုင်းရင်းသားများ၏ အခွင့်အရေးနှင့် ဒီမိုကရေစီအရေးအတွက်ပဲဖြစ်ပါတယ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင်ပြုလုပ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ၁၀ နှစ်ပြည့်နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား






နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ပြည်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၁**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ပြည်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများကို မြရောတပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာ၌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေသည် အစဉ်အလာရှိသည့် နယ်မြေတစ်ခုဖြစ်ပြီး

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

# WBA၊ WBC အမျိုးသမီးမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို ဩစတြေးလျလက်ဝှေ့မယ် ကာယီစကော့ ဆွတ်ခူး

**မီချီဂန် ဒီဇင်ဘာ ၂၁**

WBA၊ WBC အမျိုးသမီး မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်လုပွဲစဉ်အဖြစ် ဩစတြေးလျလက်ဝှေ့မယ် ကာယီစကော့နှင့် အမေရိကန်လက်ဝှေ့မယ် အိုလီဗီယာကာရီတို့ ယနေ့တွင် အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ်၌ ထိုးသတ်ခဲ့ရာ ကာယီစကော့က ဒိုင်အမှတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ကမ္ဘာ့ချန်ပီယံခါးပတ်များကို ဆွတ်ခူးခဲ့ကြောင်း Boxing Scene သတင်းဌာနက ဖော်ပြခဲ့သည်။

ကာယီစကော့နှင့် အိုလီဗီယာကာရီတို့သည် စက်တင်ဘာ ၁၉ ရက်က ပထမအကြိမ် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကာ ယင်းပွဲစဉ်တွင် သရေရလဒ်သာ ထွက်ပေါ်ခဲ့သည့်အတွက် လစ်လပ်နေသည့် ကမ္ဘာ့ချန်ပီယံခါးပတ်နှစ်ခုကို ပိုင်ဆိုင်သူထွက်ပေါ်လာခဲ့ခြင်းမရှိခဲ့ကြောင်း သိရသည်။

ထို့နောက် ယခုပွဲစဉ်တွင် ကာယီစကော့က အသာစီးရယူနိုင်သကဲ့သို့ ချန်ပီယံခါးပတ်ဖြင့် ထိုက်တန်ကြောင်းကို ပြသနိုင်ခဲ့သည့်အပြင် အမှတ်ပေးဒိုင်သုံးဦးရှိသည့်အနက်

စာမျက်နှာ ၂၀ ကော်လံ ၂ ❍

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့မှ ပြည်သူများ၊ စစ်တက္ကသိုလ်နှင့်တပ်မတော်နည်းပညာတက္ကသိုလ်တို့မှ ဗိုလ်လောင်းများ၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုများကို အနုပညာရှင်များ ဖျော်ဖြေတင်ဆက်

စာမျက်နှာ – ၂၀

၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ တတိယပတ် စုပေါင်းလမ်းလျှောက်ပွဲများကျင်းပပြုလုပ်

စာမျက်နှာ – ၂၂




အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

“ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ”

Hotline - 09-450450561, 09-450450562, 09-450450563